
ဗမာ့ရေးရာနှင့် ပဋိပက္ခလေ့လာရေး

# မြန်မာကိုလေးစား

မြန်မာရွှေ့ပြောင်းပြည်သူများ၏ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး၊ ပူးပေါင်းပါဝင်မှု၊ ထိတွေ့ဆက်ဆံမှုနှင့် လူထုယုံကြည်မှုဆိုင်ရာ သုတေသန






ဒီဇင်ဘာ ၂၀၂၅

https://www.facebook.com/bacs.mm
bacs2024@gmail.com

# အဖွဲ့အကြောင်း

"ဗမာ့ရေးရာနှင့် ပဋိပက္ခလေ့လာရေးအဖွဲ့သည် အာဏာရှင်စနစ်ဟူသမျှ ချုပ်ငြိမ်းရေးကို တစိုက်မတ်မတ် ဆန့်ကျင်ခုခံတော်လှန်နေသည့် လူငယ် တက်ကြွလှုပ်ရှားသူများ၊ အင်ဂျင်နီယာများ၊ ကျောင်းသားများ၊ သတင်းမီဒီယာသမားများ စသည့် နယ်ပယ်အစုံမှ နောက်ခံမတူညီသည့် စိတ်ဓာတ်ပြင်းပြသော လူငယ်များစုစည်း၍ ပေါ်ပေါက်လာခဲ့သော အဖွဲ့အစည်းဖြစ်သည်။ စတင်မစုစည်းမီခင်ကပင် အဖွဲ့ဝင်များသည် မဟာဗျူဟာမြောက် သတင်းအချက်အလက်များ ရယူစုဆောင်းခြင်း၊ သုံးသပ်ချက်များကို သက်ဆိုင်ရာ မူဝါဒဖော်ဆောင်သူများနှင့် လှုပ်ရှားမှု ပံ့ပိုးသည့် အဖွဲ့များထံသို့ အစီရင်ခံစာများ ပေးပို့ခြင်းလုပ်ငန်းစဥ်များကို အသီးသီး လုပ်ဆောင်နေခဲ့ကြသူများ ဖြစ်သည်။

ထို့နောက် လေ့လာသုံးသပ်ချက်များကို အများပြည်သူနှင့် ပြည်တွင်းပြည်ပ အင်အားစုများသို့ သုတေသနနည်းနာများ အသုံးပြု၍ ပိုမိုကျယ်ပြန့်စွာ စနစ်တကျ တင်ပြနိုင်ရန် ရည်ရွယ်၍ "ဗမာ့ရေးရာနှင့် ပဋိပက္ခလေ့လာရေးအဖွဲ့ (Burma Affairs and Conflict Study - BACS)" ကို ၂၀၂၂ ခုနှစ်၌ စတင်ဖွဲ့စည်း တည်ထောင်ခဲ့ကြခြင်း ဖြစ်သည်။ BACS သည် နွေဦးတော်လှန်ရေး၏ ကနဦးသပိတ်လှုပ်ရှားမှုကာလမှသည် ယခုလက်ရှိ ခုခံစစ်ဆင်နွှဲနေသည့် ကာလအထိ ၅ နှစ်နီးပါး ကာလအတွင်း လူထုလှုပ်ရှားမှု အားကောင်းစေရေး၊ အာဏာရှင်စနစ်ဟူသမျှ အမြစ်ပြတ်ရေးနှင့် တော်လှန်ရေးကာလအလွန်တွင် အသွင်ကူးပြောင်းရေး ကာလ တရားမျှတမှုရရှိရေးကို အဓိကရည်မှန်းဦးတည်၍ နိုင်ငံရေး နှင့် စစ်ရေးဆိုင်ရာ သတင်းအချက်အလက် လေ့လာသုံးသပ်မှုများ၊ သုတေသနနည်းနာများဖြင့် တစိုက်မတ်မတ် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့ဖြစ်သည်။













အဖွဲ့မိတ်ဆက် ............ ၂

မာတိကာ ............ ၃

"မြန်မာကိုလေးစား" သုတေသနစစ်တမ်း မိတ်ဆက် ............ ၅

သုတေသနနည်းနာ ............ ၇

သုတေသနတွေ့ရှိချက်အနှစ်ချုပ် ............ ၉

သုတေသနတွင်ပါဝင်သူများ၏ နောက်ခံအချက်အလက်များ ............ ၁၄

**၁။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ အပေါ် ထိုင်းနိုင်ငံရောက် မြန်မာပြည်သူများ၏ အမြင်နှင့် သဘောထားများ** ............ ၁၈

၁။ (က) ၂၀၂၅ ရွေးကောက်ပွဲနှင့်ပတ်သက်၍ သတင်းအချက်အလက်ရရှိမှုအခြေအနေ ............ ၁၉

၁။ (က-၁) ကြိုတင်ဆန္ဒမဲစာရင်းသွင်းခြင်း - ပုံစံ (၁၅) ............ ၂၀

၁။ (ခ) ၂၀၂၅ ရွေးကောက်ပွဲ၏တရားဝင်မှု၊ စစ်အုပ်စု၏အခွင့်အာဏာ နှင့် အကျပ်အတည်းဖြေရှင်းနိုင်စွမ်း ............ ၂၂

၁။ (ခ-၁) အခွင့်အာဏာမရှိဟု တညီတညွတ်တည်း ယူဆခြင်းအကြောင်းများ ............ ၂၄

၁။ (ခ-၂) လက်ရှိအရှိတရားအရ အခွင့်အာဏာကို အသိအမှတ်ပြုခြင်း ............ ၂၅

၁။ (ခ-၃) ပြဿနာဖြေရှင်းနိုင်စွမ်းအပေါ်အမြင်များ ............ ၂၆

၁။ (ဂ) ၂၀၂၅ ရွေးကောက်ပွဲကို ပူးပေါင်းပါဝင်မှု၊ မျှော်လင့်ချက်၊ စိုးရိမ်ချက်များနှင့် အနာဂတ်တွင် ၎င်းတို့ ကြုံတွေ့ရဖွယ်နိုင်ရှိသည့် အခြေအနေများ ............ ၂၉

၁။ (ဂ-၁) သပိတ်မှောက်ခြင်းနှင့် စိုးရိမ်ချက် ............ ၃၀

၁။ (ဂ-၂) ဖိအားများနှင့် မဲပေးရခြင်း ............ ၃၁

၁။ (ဂ-၃) ဆန္ဒမဲပါဝင်ပေးလိုသူများ၏ သဘောထားနှင့် အခြေအနေ ............ ၃၃

၁။ (ဃ) ၂၀၂၀ ရွေးကောက်ပွဲနှင့် ယှဉ်ကြည့်ကြသည့် ၂၀၂၅ ရွေးကောက်ပွဲအပေါ်အမြင်များ ............ ၃၅

၁။ (ဃ-၁) ၂၀၂၀ တွင် ဆန္ဒမဲပေးခဲ့သူများ၏ ယခုရွေးကောက်ပွဲတွင် ပါဝင်မှု ............ ၃၆

၁။ (ဃ-၂) ၂၀၂၀ တွင်ထားရှိခဲ့သည့် မျှော်လင့်ချက်နှင့် ၂၀၂၅ ရွေးကောက်ပွဲအပေါ်ရှိမှု ............ ၃၇

**၂။ ပြည်သူများပေးအပ်သည့် ကိုယ်စားပြုခွင့်နှင့် အပြောင်းအလဲဆိုင်ရာ မျှော်လင့်ချက်** ............ ၃၉

၂။ (က) ကိုယ်စားပြုမှု နှင့် အမျိုးသားညီညွတ်ရေးအစိုးရ ............ ၄၁

၂။ (ခ) ကိုယ်စားပြုမှု နှင့် ရွေးချယ်စရာမရှိကြခြင်း ............ ၄၂

၂။ (ဂ) ကိုယ်စားပြုမှု နှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ ............ ၄၃

၂။ (ဃ) ကိုယ်စားပြုမှု နှင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ............ ၄၄

၂။ (င) ကိုယ်စားပြုမှု နှင့် De Facto၊ De Jure ............ ၄၅

၂။ (င-၁) ကိုယ်စားပြုခွင့်မပေးခြင်းနှင့် လက်တွေ့ထိန်းချုပ်မှုအာဏာ (De Facto) ............ ၄၇

**၃။ မြန်မာ့အရေးအခြေအနေနှင့် နိုင်ငံတကာပါဝင်မှုအပေါ် ရွှေ့ပြောင်း ပြည်သူများ၏ အမြင်** ...... ၄၉

၃။ (က) မြန်မာရွှေ့ပြောင်းပြည်သူများ၏ နိုင်ငံတကာသို့ပေးပို့သည့် ရှင်းလင်းသည့် သတင်းစကား ...... ၅၀

၃။ (ခ) မြန်မာရွှေ့ပြောင်းပြည်သူများ၏ ထိုင်းနိုင်ငံသို့ ပေးပို့သည့် ရှင်းလင်းသည့် သတင်းစကား ...... ၅၁

၃။ (ခ-၁) ကျေးဇူးတင် အသိအမှတ်ပြုခြင်း ...... ၅၁

၃။ (ခ-၂) ၂၀၂၅ ရွေးကောက်ပွဲကို လက်မခံဘဲ ပြင်းပြင်းထန်ထန် ရှုံ့ချပေးရန် နှင့် စစ်အုပ်စုအလိုကျ မြန်မာရွှေ့ပြောင်းပြည်သူများကို ဖိအားမပေးရန် ...... ၅၂

သုံးသပ်ချက် ...... ၅၅

အကြံပြုချက် ...... ၆၁

အသိအမှတ်ပြုကျေးဇူးတင်လွှာ ...... ၆၄

အတိုကောက်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် ...... ၆၅

ကိုးကားများ ...... ၆၇

# သုတေသနစစ်တမ်း မိတ်ဆက်

မြန်မာစစ်အုပ်စုသည် အများပြည်သူ ထောက်ခံပါဝင်ခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်ကို လက်ခံနိုင်ခြင်းမရှိသဖြင့် ဖေဖော်ဝါရီ ၂၀၂၁ တွင် တိုင်းပြည်အာဏာကို အတင်းအဓမ္မ သိမ်းယူခဲ့ပါ သည်။[၁] အာဏာသိမ်းပြီးနောက် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတရပ် ထပ်မံကျင်းပပေးမည်ဆိုသည့် အချက်အပါအဝင် နိုင်ငံရေးလမ်းပြမြေပုံ ၅ ရပ်ဖြင့် အာဏာကိုပြည်သူ့ထံသို့ ပြန်လည်ပေးအပ်မည်ဟု ဆိုခဲ့သည်။[၂] သို့သော် စစ်အုပ်စုသည် အာဏာသိမ်းပြီး ၅ နှစ်နီးပါးရှိလာသည်အထိ ၎င်းတို့ကတိပေးခဲ့သည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲဆိုသည်ကို ကျင်းပနိုင်ခဲ့ခြင်း မရှိသည့်အပြင် ၎င်းတို့ စိတ်ကြိုက်ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကိုပင် ကျော်လွန်၍ “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ - SAC” ၆ လ သက်တမ်းကို ၇ ကြိမ်တိတိ သက်တမ်းတိုးခဲ့သည်။[၃] မြန်မာစစ်အုပ်စု၏ ၅ နှစ်တာ သက်တမ်းအတွင်းတွင် အတိုက်အခံပါတီများ နှင့် ပါတီဝင်များကို ဖမ်းဆီးခြင်း၊ ၎င်းတို့ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်းဥပဒေအောက်မှတဆင့် မှတ်ပုံမတင်သော အဖွဲ့အစည်းများကို ပါတီအဖြစ်မှ ဖျက်သိမ်းကြောင်း ကြေညာခြင်း[၄] အပါအဝင် ဒီမိုကရေစီနည်းကျ မဖြစ်စေနိုင်သည့် နည်းလမ်းများစွာကို အသက်သွင်းခဲ့သည်။

ထို့အပြင် ပြည်သူများ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ ရွေးချယ်ခွင့်များကို ကန့်သတ်နိုင်သည့်အပြင် သေဒဏ်အထိချမှတ်နိုင်သော ဥပဒေဖြစ်သည့် “ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေ”[၅] ကိုလည်း ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၉ တွင် ထုတ်ပြန်ခဲ့သည်။ ထိုဥပဒေဖြင့် အရပ်သားပြည်သူ ၆၄ ဦး ထိ တရားစွဲဆိုထားပြီးဖြစ်ပြီး[၆] ဆက်လက်၍ ထပ်တိုးဖမ်းဆီး ဖိနှိပ်မှုများ လုပ်ဆောင်လျက်ရှိနေပြီး ၁၂၀ ဦးထိ ထိုဥပဒေဖြင့် ဖမ်းဆီးတရားစွဲဆိုခဲ့သည်ကို တွေ့ရှိရသည်။[၇] ထိုသို့သော အခြေအနေများအပါအဝင် စစ်အုပ်စုသည် အရပ်သားပြည်သူများကို ဖမ်းဆီးခြင်း၊ အကျဉ်းချခြင်း၊ ညှင်းပန်းနှိပ်စက် သတ်ဖြတ်နေခြင်းနှင့် တစ်နိုင်ငံလုံးနေရာအနှံ့ ဗုံးကြဲတိုက်ခိုက် သတ်ဖြတ်ခြင်းစသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူမျိုးတုန်းသတ်ဖြတ်မှုများနှင့် လူသားမျိုးနွယ်ပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို တလျှောက်လုံးကျူးလွန်နေပြီး ယနေ့တိုင် လူထုဖိနှိပ်ရေးကို စနစ်တကျ လုပ်ဆောင်နေဆဲဖြစ်သည်။[၈] ယင်းကဲ့သို့သော အခြေအနေ အရပ်ရပ်အောက်တွင် လူထု၏ သဘောဆန္ဒကို ထင်ဟပ်ဖော်ပြရမည့် ဒီမိုကရေစီအခြေခံ ရွေးကောက်ပွဲတရပ်ကို ကျင်းပနိုင်သော အခွင့်အာဏာ၊ လုပ်ပိုင်ခွင့်နှင့် အခြေအနေမျိုး မဖြစ်နေကြောင်း အင်မတန်ထင်ရှားနေသည်။[၉]

သို့သော်လည်း စစ်အုပ်စုသည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားနှင့် အာဏာဆက်လက် ချုပ်ကိုင်နိုင်ရေး အတွက် လူထုကိုဖိနှိပ်ကာ အားလုံးမပါဝင်နိုင်သည့် အမည်ခံ ရွေးကောက်ပွဲတရပ်ကို ကျင်းပရန် ကြိုးပမ်းနေသည်။[၁၀] ထိုရွေးကောက်ပွဲကိုလည်း အင်အားကြီးနိုင်ငံများအပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နှင့် အိန္ဒိယအပါအဝင် အခြားသောနိုင်ငံများက ငွေကြေးနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့များ၊ နိုင်ငံရေးအရလက်ခံ၍ ထောက်ခံအားပေးခြင်း၊ စီးပွားရေးအရ

ပေါင်းစပ်လုပ်ဆောင်ခြင်း စသည့်ပုံစံမျိုးစုံဖြင့် ကူညီပံ့ပိုးမှုများ ပေးလျက်ရှိနေသည်။[၁၁] ထို အခြေအနေသည် အဖိနှိပ်ခံ မြန်မာပြည်သူလူထု၏ ခိုကိုးရာမဲ့ဖြစ်မှုနှင့် စစ်အုပ်စု၏ လုပ်ဆောင်မှုတို့ကို ကမ္ဘာကြီးက ထောက်ပံ့ပေးနေခြင်းနှင့် အရေးယူရန်ပျက်ကွက်နေသော အခြေအနေကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။[၁၂] ထို့ကြောင့် စစ်အုပ်စုက ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် မြန်မာပြည်သူလူထု၏ အမြင်၊ သဘောထား၊ အသံနှင့် စိတ်ခံစားချက်များကို ရယူစုဆောင်းခြင်း၊ ထုတ်ဖော်နိုင်အောင် ပါဝင်ဆောင်ရွက်ခြင်း၊ လူထုအသံများ နိုင်ငံတကာအင်အားစု များထံသို့ အထိအခိုက်နည်းနည်းဖြင့် ရောက်ရှိနိုင်ရေးသည် အရေးကြီးသော အခြေအနေနှင့် အခန်းကဏ္ဍသို့ ရောက်ရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် ဗမာ့ရေးရာနှင့် ပဋိပက္ခလေ့လာရေးအဖွဲ့ (BACS) က အတုအယောင် ရွေးကောက်ပွဲအပေါ် ပြည်သူလူထု၏ အမြင်၊ သဘောထား၊ နားလည်မှု၊ အသိအမှတ်ပြုမှုနှင့် စိတ်ခံစားချက်များကို စနစ်တကျ စစ်တမ်းကောက်ယူနိုင်ရန် ကြိုးပမ်းအားထုတ်၍ ဤ "မြန်မာကိုလေးစား" သုတေသနစစ်တမ်းကို ပြုစုခဲ့ခြင်းဖြစ်သည်။

ဤသုတေသနစစ်တမ်းတွင် ပြည်သူများ၏ လွတ်လပ်စွာပါဝင်နိုင်မှု၊ လုံခြုံရေးဆိုင်ရာ အကန့်အသတ်များ အပါအဝင် စစ်တမ်းကောက်ယူသောအဖွဲ့၏ လွတ်လပ်စွာဆောင်ရွက်နိုင်မှု အကန့်အသတ်၊ လုံခြုံရေး ဆိုင်ရာအကန့်အသတ်များအပေါ် အခြေခံကာ ယခုစစ်တမ်းကောက်ယူခြင်းလုပ်ငန်းကို ထိုင်းနိုင်ငံတဝှမ်းရှိ ရွှေ့ပြောင်းမြန်မာပြည်သူလူထုကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်သည်။ ယခုစစ်တမ်းတွင် ထိုင်းနိုင်ငံမှ မြို့ ၁၄ မြို့၊ ခရိုင် ၁၁ ခရိုင်မှ မတူသည့် နောက်ခံရှိသည့် မြန်မာရွှေ့ပြောင်းပြည်သူ များကို စစ်အုပ်စုရွေးကောက်ပွဲအပေါ် ၎င်းတို့၏ အမြင်သဘောထားများ၊ သတင်းအချက်အလက်ရရှိမှု၊ ပူးပေါင်းပါဝင်လိုမှု၊ စိုးရိမ်မှုနှင့် မျှော်လင့်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် မေးမြန်းဆွေးနွေး ထားသည်။ ယခုစစ်တမ်းတွင် မြန်မာရွှေ့ပြောင်းပြည်သူများကို ကိုယ်စားပြုခွင့်ရှိသည့် အင်အားစုများ၊ တိုင်းပြည်တည်ဆောက်ရေး မျှော်မှန်းချက်၊ အမြင်သဘောထားများနှင့် မြန်မာနိုင်ငံ၏ လက်ရှိအခြေ အနေများအပေါ်မူတည်၍ ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိုးရိမ်ချက်များနှင့် ပတ်သက်သည့် နိုင်ငံတကာသို့ သတင်းစကားများ၊ အကြံပြုချက်များကို ချိတ်ဆက်၍ သုတေသနနည်းကျ မေးမြန်းလေ့လာ၍ ဖော်ထုတ်တင်ပြထားပါသည်။

# သုတေသန နည်းနာ

ဤသုတေသနသည် စစ်ရေး၊ နိုင်ငံရေးအရ ရှုပ်ထွေးနေသည့်ကာလတွင် စစ်အုပ်စုက ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းမြန်မာ ပြည်သူလူထု၏ အမြင်၊ သဘောထားများနှင့် ထိုင်းနိုင်ငံတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ဖိအားများကို ကျယ်ကျယ်ပြန့်ပြန့် နားလည်၍ ဖော်ထုတ်တင်ပြနိုင်ရန် အရည်အသွေးအခြေပြု သုတေသနနည်းလမ်းကို ရွေးချယ် အသုံးပြုခဲ့သည်။



## အချက်အလက်ကောက်ယူခြင်းနည်းနာ

အချက်အလက်များကောက်ယူရာတွင် တဦးချင်းတွေ့ဆုံမေးမြန်းခြင်း (IDI) နှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း (FGD) နည်းလမ်းများဖြင့် အဓိက ကောက်ယူစုဆောင်းခဲ့ပါသည်။ အချက်အလက်ကောက်ယူမှုကို ရှာဖွေတွေ့ရှိထားသော အချက်အလက်ကိန်းဂဏန်းများအပေါ် အခြေခံ၍ ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်း ပြည်သူအများစု ထူထပ်စွာနေထိုင်ကြသောဒေသများ၌ ဦးတည်လုပ်ဆောင်ခဲ့ပြီး ထိုဒေသများမှာ အောက်ပါ အတိုင်း ဖြစ်သည်။

- မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသ-(မဲဆောက်၊ မဲဆိုင်၊ မယ်ဟောင်ဆောင်၊ ချင်းမိုင်၊ ချင်းရိုင်၊ ဆန်ခလဘူရီ)
- အလယ်ပိုင်း (ဘန်ကောက်၊ ချတ်တူချက်၊ အယုဒ္ဓယ)
- ကမ်းရိုးတန်းနှင့် စက်မှုဇုန်များ (စမွတ်စခွန်၊ စမွတ်ပရာကန်၊ ရနောင်း) နှင့်
- အရှေ့ပိုင်း ကမ်းရိုးတန်း - ဆီရာချာ၊ ပတ္တယား (ချွန်ဘူရီ) တို့ ဖြစ်သည်။

## ပါဝင်သူများကို ရွေးချယ်ခြင်း

ပါဝင်သူများကို လိင်စိတ်ခံယူမှု၊ အသက်အရွယ်၊ အလုပ်အကိုင်၊ ဥပဒေရေးရာအရ နေထိုင်ခွင့် ရှိခြင်း/မရှိခြင်း၊ ရွှေ့ပြောင်းမှု နောက်ခံအကြောင်းအရင်းနှင့် ရွှေ့ပြောင်းသည့် အချိန်ကာလမျိုးစုံမှ မတူကွဲပြားသော အမြင်များကို ကိုယ်စားပြုနိုင်ရန် သေချာစွာရွေးချယ်ခဲ့သည်။

ရည်ရွယ်ချက်အခြေပြု (purposive sampling) ဖြင့် ပါဝင်သူများကို ရွေးချယ်ခဲ့ပြီး IOM မှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သော ရွှေ့ပြောင်းမြန်မာပြည်သူဆိုင်ရာ အချက်အလက်များကို လမ်းညွှန်အဖြစ် အသုံးပြုခဲ့ကာ ကိန်းဂဏန်းအရေအတွက်ကို ဦးတည်ခြင်းမဟုတ်ဘဲ မတူကွဲပြားသော အတွေ့အကြုံများကို ကိုယ်စားပြုနိုင်ရန် ဦးစားပေး ဆောင်ရွက်ခဲ့သည်။[၁၃]

## ကွင်းဆင်းအချက်အလက် ကောက်ယူခြင်းလုပ်ငန်းစဉ်

အချက်အလက်များကို ၂ ပတ်ကြာ တဆက်တည်း ကွင်းဆင်းကောက်ယူခဲ့ပြီး ကောက်ယူမှုတွင် ရွှေ့ပြောင်း မြန်မာပြည်သူများ၏ ဆန္ဒကိုသေချာစွာ ထင်ဟပ်စေနိုင်ရန် မိမိတို့လက်လှမ်းမီရာ နေရာများသာမက အလုပ်သမားအဖွဲ့အစည်းများ၊ ဒေသခံအဖွဲ့အစည်းများ၊ လူသားခြင်းစာနာ ထောက်ထားမှုဆိုင်ရာလုပ်ကိုင်သည့် အဖွဲ့အစည်းများ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများ၊ တက္ကသိုလ်များမှကျောင်းသားများနှင့် သွားရောက် ချိတ်ဆက်ဆက်သွယ်၍ ကျပန်းတွေ့ဆုံ မေးမြန်းခြင်းများ စသဖြင့် အချက်အလက် ကောက်ယူခြင်း လုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်။

## စိန်ခေါ်မှုနှင့် အခက်အခဲများ

ယခု စစ်တမ်းသည် နိုင်ငံရေးဆိုင်ရာ သုတေသနစစ်တမ်း ဖြစ်သောကြောင့် အဓိကအားဖြင့် နိုင်ငံရေး နှင့် ပဋိပက္ခဆိုင်ရာ အကြောင်းအရာများပေါ် အမြင်မတူမှုများကို လွတ်လပ်စွာ ဆွေးနွေးရန်အတွက် လုံလောက်သည့် ယုံကြည်မှုတည်ဆောက်ရန် အချိန်ယူရခြင်း၊ ဘာသာစကား အကန့်အသတ်များနှင့် ပါဝင်သူများ၏ လုံခြုံရေး စိုးရိမ်မှုများကို ရင်ဆိုင် ကြုံတွေ့ခဲ့ရသည်။

## ကျင့်ဝတ်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ

အချက်အလက် ကောက်ယူရာတွင် သုတေသနဆိုင်ရာ ကျင့်ဝတ်စံနှုန်းများကို သေချာစွာ သတ်မှတ်လိုက်နာ ဆောင်ရွက်ခဲ့သည်။ ဤသုတေသနကို နည်းစနစ်ကျ၍ ကျင့်ဝတ်စံနှုန်းဖြင့် ကိုက်ညီစေရန် အလေးပေးခဲ့ပြီး ပါဝင်သူများ၏ လုံခြုံရေးနှင့် စိတ်လုံခြုံမှုကို သေချာစေကာ ၎င်းတို့၏ ကိုယ်ပိုင်ဆန္ဒအရ လွတ်လပ်စွာ ပါဝင်ခွင့်ရှိကြောင်း၊ သုတေသန ရည်ရွယ်ချက်နှင့် အချက်အလက်အသုံးချမှုဆိုင်ရာ အကြောင်းအရာများကို နားလည်စေရန် သေချာစွာရှင်းလင်း၍ နားလည်စေပြီးမှ သဘောတူလက်ခံမှုကို ရယူခဲ့သည်။ တဦးချင်းလူတွေ့မေးမြန်းခြင်း နှင့် အုပ်စုဖွဲ့ ဆွေးနွေးခြင်းများကို လုံခြုံ၍ ယုံကြည်စိတ်ချရသော နေရာများတွင် ဆောင်ရွက်ခဲ့ခြင်းနှင့် မတူညီသော ဒေသိယအသုံးအနှုန်းများ၊ လေယူလေသိမ်းများ၊ အဓိပ္ပာယ်များကို သေချာစွာ နားလည် စေရန်တို့ကို ဒေသခံများ၊ ဒေသခံအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အားထုတ် ဆောင်ရွက်ခဲ့သည်။

## အချက်အလက်များခွဲခြမ်းစိတ်ဖြာ လေ့လာစမ်းစစ်ခြင်းလုပ်ငန်းစဉ်

အချက်အလက်များကို Cloud-based Computing and Simulation နည်းနာနှင့် လူကိုယ်တိုင် ခွဲခြမ်းစိတ်ဖြာခြင်း နည်းနာ ၂ ရပ်လုံးကို အသုံးပြုပြီး တိကျမှန်ကန်မှုနှင့် အနက်အဓိပ္ပါယ်များကို သေချာစေခဲ့သည်။ မတူညီသော လူမှုစီးပွားအခြေအနေများ၊ ရွှေ့ပြောင်းမှုဆိုင်ရာ အချက်အလက်များနှင့် ကိုယ်ရေးအချက်အလက်မျိုးစုံကို နှိုင်းယှဉ်စစ်ဆေးပြီး အမြင်ကွာခြားမှုများကို အပြန်ပြန်အလှန်လှန် ဆန်းစစ်ခြင်းပြုလုပ်ခဲ့သည်။



# သုတေသနတွေ့ရှိချက် အနှစ်ချုပ်

“မြန်မာကိုလေးစား” သုတေသန စစ်တမ်းတွင် အထက်ဖော်ပြပါ ထိုင်းနိုင်ငံဒေသအသီးသီးတွင် နေထိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်း ၂၀၉ ဦးသည် တဦးချင်းမေးမြန်းမှုတွင် ၁၁၁ ဦးနှင့် အုပ်စုဖွဲ့ မေးမြန်းမှု ၁၂ ခုတွင် ၉၈ ဦး စသဖြင့် ပါဝင်ဖြေဆိုခဲ့ကြသည်။ ပါဝင်ဖြေဆိုကြသူများတွင် လိင်စိတ်ခံယူမှုအရ စုံလင်ကွဲပြားသည့် အုပ်စုများပါဝင်ခဲ့သည်။ အမျိုးသားနှင့် အမျိုးသမီး ဦးရေသည် ထက်ဝက်နီးပါးမျှ အချိုးကျပါဝင်ခဲ့ပြီး အခြားသော လိင်စိတ်တိမ်းညွှတ်သူများက အနည်းအကျဉ်းပါဝင်ခဲ့သည်။ သုတေသနတွင် ပါဝင်ခဲ့သူများတွင် ၁၈ နှစ်မှ ၃၅ နှစ်ကြား အသက်အရွယ်အုပ်စုသည် အားအကောင်းဆုံး အုပ်စုဖြစ်ပြီး သုတေသနပုံစံနှစ်မျိုးလုံးတွင် ထက်ဝက်ကျော်မျှ ပါဝင်ခဲ့ကြသည်။ လေ့လာခဲ့သည့် လူအုပ်စုများတွင် အလုပ်အကိုင်နှင့် လူမျိုးအစုံလည်း ပါဝင်ခဲ့သည့်အပြင် မြန်မာနိုင်ငံဒေသအသီးသီးမှ ရွှေ့ပြောင်းလာသည့် ဒေသနောက်ခံအစုံလည်းဖြစ်ကြသည်။ ရွှေ့ပြောင်းလာသည့် အချိန်ကာလဖြင့် ခွဲခြမ်းလေ့လာကြည့်ရာတွင် အာဏာသိမ်းမှု မတိုင်မီကာလ၊ အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက် စစ်မှုထမ်းဥပဒေထုတ်ပြန်သည့် ၂၀၂၄ မတိုင်ခင်နှင့် ထုတ်ပြန်ပြီး ၂၀၂၄ ခုနှစ် နောက်ပိုင်းဟူ၍ ခွဲခြမ်းကြည့်ခဲ့သည်။ အချိန်ကာလအလိုက် ရွှေ့ပြောင်းသည့် လူအုပ်စုများ၏ အပြောင်းအလဲကို သိသာစွာ မြင်တွေ့ခဲ့ရပြီး ရွှေ့ပြောင်းရသည့် အကြောင်းပြချက်နှင့် အသက်အရွယ်အုပ်စုများသည် ချိတ်ဆက်မှုရှိနေကြောင်းကို တွေ့ရှိခဲ့ရသည်။ နောက်ခံအချက်အလက်များ အခန်းတွင် အသေးစိတ် ဖတ်ရှုကြည့်နိုင်ပါသည်။

လေ့လာမှုတွင်ပါဝင်သူ အားလုံးနီးပါးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲကို တန်ဖိုးထားလေးစားကြပြီး နိုင်ငံသားအားလုံးပါဝင်ခွင့်ရှိသည့် နိုင်ငံ၏ အရေးကြီးသော လုပ်ငန်းစဉ်တခု အဖြစ် ယုံကြည်လက်ခံကြသည်။ ၎င်းတို့သည် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲတခုက ထွက်ပေါ်လာမည့် အရပ်သားအစိုးရ၊ နိုင်ငံ၏ စနစ်ကောင်းအတွက် အပြောင်းအလဲနှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ အတွက်မျှော်မှန်း၍ ရွေးကောက်ပွဲများတွင် အားတက်သရော ပါဝင်လိုကြသည်ကိုလည်း တွေ့ရှိရသည်။

အများပြည်သူ၏ နိုင်ငံရေးနှင့် ရွေးကောက်ပွဲအပေါ် အလေးထားမှု၊ ပါဝင်လိုမှု သဘောထားများနှင့် ၂၀၂၅ ရွေးကောက်ပွဲအပေါ်သဘောထားများကို နှိုင်းယှဉ်လေ့လာရာတွင် ၂၀၂၀ ရွေးကောက်ပွဲတွင် ပါဝင်ခဲ့မှုအခြေအနေနှင့်ပါ ထပ်မံချိန်ထိုးလေ့လာကြည့်ရာ ထင်ရှားစွာမြင်ရသည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် ပူးပေါင်းပါဝင်ခဲ့သူများသည် ရွေးကောက်ပွဲတွင် ပါဝင်မဲထည့်ခဲ့မှုသာမက၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုများ၊ မဲရုံစောင့်ခြင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်ရေး လုပ်ငန်း များတွင် စေတနာ့ဝန်ထမ်းများအဖြစ် ပူးပေါင်း ပါဝင်ခဲ့ကြပြီး ၂၀၂၀ ရွေးကောက်ပွဲအပေါ် ၎င်းတို့၏ မျှော်လင့်ချက်နှင့် အနာဂတ် ရည်မှန်းချက်များ ရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ကြသည့် ဖြေဆိုသူများသည် ၂၀၂၀ ရွေးကောက်ပွဲကို တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲအဖြစ်၊ လူထုဆန္ဒကို ထင်ဟပ်သော လူထုပါဝင်မှုအများဆုံးဖြင့် ပါဝင်မဲပေးခဲ့သော ရွေးကောက်ပွဲအဖြစ် မှတ်ယူပြောကြသည်ကို တွေ့ရှိခဲ့ရသည်။

ထို့အပြင် ပြီးခဲ့သော အရပ်သားအစိုးရ လက်ထက်တွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု၊ စီးပွားရေးတည်ငြိမ်မှု၊ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်မှု၊ လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်နှင့် လုံခြုံမှုရှိမှု၊ လွတ်လပ်စွာ သွားလာနိုင်မှုအပြင် ၂၀၂၀ ရွေးကောက်ပွဲကာလတွင် လာမည့် အနာဂတ်ကာလအတွက် အိပ်မက်များနှင့် မျှော်လင့်ချက်များ ထားရှိနိုင်မှုတို့ကို ထည့်သွင်း ဖြေဆိုခဲ့ကြပြီး အာဏာသိမ်းမှုကြောင့် ထိုအရာများအားလုံး ပျက်ပြယ်သွားရသည်ဟု တဆက်တည်း ပြောဆိုကြသည်ကိုတွေ့ရှိရသည်။ ဤအကြောင်းများကို ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲအပေါ် လူထုအမြင်၊ ၂၀၂၀ ရွေးကောက်ပွဲတွင် ပါဝင်ခဲ့မှုနှင့် နှိုင်းယှဉ်ကြည့်ခြင်း အခန်းများတွင် ဖော်ပြထားပါသည်။

ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲကို တန်ဖိုးထားမျှော်လင့်သည့် မြန်မာရွှေ့ပြောင်းပြည်သူများသည် စစ်အုပ်စု၏ ၂၀၂၅ ရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ၊ နိုင်ငံ၏အခြေအနေ၊ အခက်အခဲများကို ဖြေရှင်းနိုင်မည့် ရွေးကောက်ပွဲဖြစ်မည်ဟု မယုံကြည်ကြ၍ ၎င်းတို့ပါဝင်မဲထည့်ရမည့် ရွေးကောက်ပွဲမဟုတ်ဟု ယူဆသတ်မှတ်နေကြသည်။ တနည်းအားဖြင့် ထိုရွေးကောက်ပွဲကို ၎င်းတို့နှင့် မသက်ဆိုင်သည့်၊ မပူးပေါင်းမပါဝင်ရမည့် အတုအယောင်ရွေးကောက်ပွဲအဖြစ် သတ်မှတ်ထားကြသည်ကို ထင်ရှားစွာတွေ့ရှိရသည်။ အများစုသည် ရွေးကောက်ပွဲပြုလုပ်မည်ကို သိရှိရုံသာသိရှိကြကာ မဲဆန္ဒရှင်များသိသင့်သည့် အသေးစိတ်သတင်းအချက်အလက်များကို သိရှိသူနည်းပါးကြသည်။ စိတ်ဝင်တစားဖြင့် ရှာဖွေကြသူများသည်လည်း မဲထည့်လိုစိတ်ကြောင့်မဟုတ်ဘဲ စစ်အုပ်စု၏ ရွေးကောက်ပွဲသည် မည်သို့မည်ပုံဖန်တီးထားမည်ကို သံသယစိတ်ဖြင့် စောင့်ကြည့်ကြခြင်းဖြစ်ပြီး ထိုသို့ရှာဖွေသူအများစုမှာ အရပ်ဖက်အဖွဲ့အစည်း နောက်ခံမှသူများနှင့် သတင်းသမားများ ဖြစ်သည်ကို တွေ့ရှိရသည်။

စစ်အုပ်စု၏ ရွေးကောက်ပွဲကျင်းပခွင့်အာဏာနှင့် ပတ်သက်၍ အများစုမှာ တရားဝင်ပြုလုပ်ခွင့်မရှိဟု ထင်မြင်ကြသည်။ အချို့က စစ်အုပ်စု၏ တရားဝင်မှုသည် အများပြည်သူသတ်မှတ်ခြင်းနှင့်မသက်ဆိုင်နေဘဲ လက်နက်ကိုင်ထိန်းချုပ်ထား၍ လုပ်ချင်တာလုပ်မည်သာဖြစ်သည်ဟု မှတ်ယူနေကြသည်။ ဤသည်မှာ စစ်အုပ်စု၏အာဏာကို လူထုက အသိအမှတ်ပြုခြင်း မရှိဘဲ ယနေ့အချိန်ထိအတင်းအကျပ် အုပ်ချုပ်မှုများ လုပ်နေရသည်ကို ထောက်ပြနေသည်။ စစ်အုပ်စုသည် အရပ်သားအစိုးရ အမှန်တကယ် ပေါ်ပေါက်စေရန် ရည်ရွယ်ချက်ဖြင့် ရွေးကောက်ပွဲ ကျင်းပခြင်းဖြစ်သည်ဟု

မယုံကြည်သောကြောင့် ရွေးကောက်ပွဲတွင် မပါဝင်လိုသူ၊ မဲမပေးလိုသူ ၉၈ ရာခိုင်နှုန်းထိ အများအပြားရှိနေသည်ကို တွေ့ရှိရသည်။ ပါဝင်မဲပေးလိုသည်ဟု ဖြေဆိုခဲ့သူသည် ၂ ရာခိုင်နှုန်းခန့်သာရှိပြီး ၎င်းတို့သည် ငြိမ်းချမ်းမှု လိုလားသောကြောင့် မဲထည့်လိုခြင်း ဖြစ်ကြောင်း တွေ့ရသည်။ သို့သော်လည်း ၎င်းတို့က ထိုရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ အခက်အခဲ အကျပ်အတည်းများကို တစုံတရာဖြေရှင်းနိုင်မည် မဟုတ်သကဲ့သို့ လွတ်လပ်၍ တရားမျှတမှုရှိမည် ဟု မမျှော်လင့်ကြောင်းကို မဲမပေးသူများနှင့် တူညီစွာပင် ဖြေထားသည်ကို ထူးခြားစွာတွေ့ရှိရသည်။ ယခုလေ့လာမှုအရ မြန်မာ့ရွေးကောက်ပွဲကျင်းပမှုနှင့် ပတ်သက်၍ မြန်မာရွှေ့ပြောင်းပြည်သူများသည် ပဋိပက္ခများ ရပ်စဲထားနိုင်သည့်အချိန်ကာလ သို့မဟုတ် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ရှိချိန်တွင်၊ အားလုံးပါဝင်နိုင်သည့် အဓိပ္ပာယ်ရှိသည့် ရွေးကောက်ပွဲတရပ်ကို ကျင်းပ၍ လက်ရှိကြုံတွေ့နေရသည့် အကျပ်အတည်း၊ အခက်အခဲနှင့် ပဋိပက္ခများကို အဖြေပေးနိုင်မည့် ရွေးကောက်ပွဲတရပ်ကို လိုလားမျှော်လင့်ကြောင်း တညီတညွတ်တည်း ဖြေဆိုနေကြသည်ကို လေ့လာတွေ့ရှိရသည်။



စစ်အာဏာသိမ်းမှုဆန့်ကျင်သူ ဆန္ဒပြပြည်သူများကို မန္တလေးမြို့တွင် စစ်ကောင်စီတပ်က ရိုက်နှက်ဖမ်းစီးသွားစဉ် © Panos Pictures




စစ်အုပ်စုကို ဆန့်ကျင်ပြီး အမျိုးသားညီညွတ်ရေးအစိုးရကို ထောက်ခံကြရန် လူငယ်များက ရန်ကုန်မြို့တွင် ဆန္ဒပြတောင်းဆိုနေစဉ် © RFA

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရ ကိုယ်စားပြုမှုနှင့် ပတ်သက်သည့် စိန်ခေါ်မှုသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ရှိသောကြောင့် မြန်မာရွှေ့ပြောင်းပြည်သူများ၏ ကိုယ်စားပြုမှုနှင့် ပတ်သက်သည့် အမြင်ကို မေးမြန်းမှုတွင် ခေါင်းစဉ်တခုဖြင့် ထည့်သွင်းမေးမြန်း လေ့လာခဲ့ပါသည်။ ၂၀၂၅ ရွေးကောက်ပွဲကို ကျင်းပရန် ကြိုးပမ်းနေသည့် စစ်အုပ်စုကို ကိုယ်စားပြုမှုရှိသူအဖြစ် ရှုမြင်သူ ၁ ရာခိုင်နှုန်းခန့်သာရှိခဲ့ပြီး စစ်အုပ်စုသည် လက်တွေ့ အုပ်ချုပ်ခွင့်အာဏာကို ထိန်းချုပ်လုပ်ကိုင်ခွင့် ရှိနေသောကြောင့်ဖြစ်သည်ဟု ဆိုကြသည်။ ကျန်ပါဝင်သူအားလုံးသည် စစ်အုပ်စုကို တရားဝင်အစိုးရ တရပ်အဖြစ် မယူဆကြဘဲ "တရားမဝင်အာဏာသိမ်းထားသည့် ပြည်သူကို ဖိနှိပ်သတ်ဖြတ်နေသည့် လက်နက်ကိုင်စစ်တပ်" အဖြစ်သာ ရှုမြင်လက်ခံကြကြောင်းကို တွေ့ရှိရသည်။ အခြားသော တော်လှန်ရေးအင်အားစုများ၏ ကိုယ်စားပြုခွင့်နှင့် ပတ်သက်သည့် ဖော်ပြမှုများတွင် NUG ကို အများဆုံးသော လူအုပ်စုက ရည်ညွှန်းဖြေဆိုကြသော်လည်း NUG ၏ လုပ်ရည်ကိုင်ရည်နှင့် ပတ်သက်၍ အားမရကြောင်း၊ ပြင်ဆင်ပြောင်းလဲဖို့ မျှော်လင့်ကြောင်း ထောက်ပြပြောဆိုမှုများနှင့် ဆွေးနွေးကြသည်။ တော်လှန်ရေး အင်အားစုများနှင့် နယ်မြေဒေသ အသီးသီးရှိ သက်ဆိုင်ရာ နယ်မြေအလိုက် ကိုယ်စားပြုမှုအသီးသီးကို လက်ခံသော်လည်း တနိုင်ငံလုံးအတိုင်းအတာဖြင့် ကိုယ်စားပြုနိုင်သူ လူပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းအနေဖြင့် မရှိသေးဟု ဒုတိယအများဆုံး လူအုပ်စုက ဖြေဆိုခဲ့ကြသည်ကို တွေ့ရှိရသည်။ လူမျိုးစုဒေသများတွင် နေထိုင်ခဲ့သူ

များမှာ သက်ဆိုင်ရာ လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများကို ယုံကြည်ကြသည်ကို တွေ့ရှိရသည်။ အလုပ်သမားပြည်သူများကအချို့သည် ၎င်းတို့၏ အခွင့်အရေးကိုကာကွယ်ပြီး အခက်အခဲများကို ကူညီဖြေရှင်းပေးနေသည့် အလုပ်သမားရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို ကိုယ်စားပြုမှုပေးအပ်လိုကြသည်ကို ထူးခြားမှုအဖြစ် တွေ့ရှိရသည်။ ယခုတွေ့ရှိချက်များကို ပြည်သူများပေးအပ်သည့် ကိုယ်စားပြုခွင့် အခန်းတွင် ဖတ်ရှုနိုင်ပါသည်။

ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းနေထိုင်ရသော အခြေအနေများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို သီးသန့်ဖော်ထုတ်မေးမြန်းခဲ့ရာ ဖြေဆိုသူအများစု အဓိကကြုံတွေ့စိုးရိမ်နေကြသည်မှာ နေထိုင်ခွင့်နှင့် ပတ်သက်၍ တင်းကျပ်သောအခြေအနေများ၊ တရားဝင်အထောက်အထား လွယ်လွယ်ကူကူ မရနိုင်သည့်အခြေအနေများ၊ ငွေကြေးမတတ်နိုင်သောကြောင့် အထောက်အထား သက်တမ်းမတိုးနိုင်ဘဲ အထောက်အထားမဲ့များ ဖြစ်ကြရခြင်းများဖြစ်သည်။ နောက်ဆက်တွဲအနေဖြင့် အလုပ်အကိုင် ရှားပါးခြင်း၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်း စသည့်ကိစ္စရပ်များ နှင့် ထိုင်းအစိုးရက အထောက်အထားမဲ့ ရွှေ့ပြောင်းမြန်မာပြည်သူများကို ဖမ်းဆီး၍ မြန်မာဘက်သို့ အတင်းအကျပ် ပြန်ပို့ခြင်းသည် အသက်အန္တရာယ်ထိခိုက်နိုင်သောကြောင့် အထူးစိုးရိမ်နေကြသည်ကို တွေ့ရှိရသည်။ အခြားသော စိုးရိမ်မှုများတွင် စစ်ဘေးရှောင်စခန်းများ၌ စားနပ်ရိက္ခာ ရှားပါးနေမှုများ၊ ခက်ခဲစွာ နေထိုင်နေရမှုများနှင့် ပညာရေး၊ ကျန်းမာရေးနှင့် လူငယ်များ၏အနာဂတ်များ ပျောက်ဆုံးနေမှုများ စသည့် စိုးရိမ်ချက်များရှိနေကြသည်။ ရွှေ့ပြောင်းမြန်မာပြည်သူ အားလုံး နီးပါးက ၂၀၂၅ ရွေးကောက်ပွဲတွင် မဲထည့်ရန် ငြင်းဆန်ကြသော်လည်း မဲမထည့်ခြင်းကြောင့် အထက်တွင်ဖော်ပြခဲ့သည့် အကျပ်အတည်းများကို နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ပိုမိုကျပ်တည်းစွာ ရင်ဆိုင်ရမည်ကို စိုးရိမ်ပူပန်လျက် ရှိနေကြသည်။


ထိုအချက်များသည် ၂၀၂၅ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ရွှေ့ပြောင်းမြန်မာပြည်သူများ လွတ်လပ်စွာပါဝင်နိုင်မှုမရှိသည့် အနေအထားများကို မီးမောင်းထိုးပြလျက်ရှိပြီး ရွေးကောက်ပွဲကြောင့် ဖြစ်ပေါ်လာမည့် အပြောင်းအလဲများထက် စိတ်ဖိအားများ၊ စိုးရိမ်မှုများကိုသာ အဓိက ခံစားနေကြရသည်ကို တွေ့ရှိရသည်။ ၂၀၂၅ ရွေးကောက်ပွဲကို နိုင်ငံအတွက် ကောင်းမွန်သောအရာ၊ အရေးကြီးသောအပြောင်းအလဲအဖြစ် သတ်မှတ်ရှုမြင်သူ တဦးမျှမရှိသည်မှာ ထူးခြားလှသည့် အချက်ဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ပတ်သက်၍ အမြင်သဘောထားများကို လေ့လာရာတွင် ကုလသမဂ္ဂနှင့် အခြားသော နိုင်ငံတကာအဖွဲ့အစည်းများအပေါ် ရွှေ့ပြောင်းပြည်သူများ သည် စိတ်ပျက်လျက်ရှိနေကြပြီး မြန်မာ့အရေးကို လစ်လျူရှုထားကြသည်ဟု ထင်မှတ်ယူဆထား ကြသည်။ ထိုနည်းတူပင် အာဆီယံနိုင်ငံအသိုက်အဝန်းများနှင့် ပတ်သက်၍မူ အကျိုးစီးပွားကိုသာ အခြေခံ၍ မြန်မာ့အရေးကို ချဉ်းကပ်စဉ်းစားကြသည်ဟု ရှုမြင်ကြပြီး မြန်မာပြည်သူများ ခံစားနေရသည့် ဆင်းရဲဒုက္ခများ၊ အကြမ်းဖက်မှုများနှင့် ပတ်သက်၍ မြန်မာပြည်သူလူထုဘက်မှ ရပ်တည်ပေးလိုစိတ်မရှိဟု ခိုင်မာစွာထင်မြင်ယူဆနေကြသည်ကို တွေ့ရှိရသည်။


အိမ်နီးချင်းနိုင်ငံတခုဖြစ်သည့် ထိုင်းနိုင်ငံနှင့်ပတ်သက်၍ ဖြေဆိုကြရာတွင်မူ ရွှေ့ပြောင်းမြန်မာပြည်သူများမှ လက်ခံပေးထားသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်းကို အလေးပေးဖော်ပြပြောဆိုခဲ့ကြသည်။ လူသားချင်းစာနာမှု အကူအညီများပိုမိုပေးရန်လည်း မျှော်လင့်တောင်းဆိုကြပြီး ၎င်းတို့အား မြန်မာပြည်သားများဟု ရှုမြင်ခြင်းထက် အကူအညီမဲ့နေသည့် ဒုက္ခသည်များအဖြစ်သာ ပိုမိုရှုမြင်စေပြီး ကူညီပေးစေလိုကြသည်။ ထို့အပြင် စစ်အုပ်စုကို အခွန်မပေးလိုခြင်းနှင့် စစ်အုပ်စု၏ ဖိနှိပ်မှုများမှ ကင်းလွတ်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏စနစ်နှင့် အုပ်ချုပ်ရေးအပြောင်းအလဲ မလုပ်နိုင်သေးသည့် ကြားကာလအတွင်းတွင် စစ်အုပ်စုထိန်းချုပ်မှုမရှိသည့် နေထိုင်ခွင့်အထောက်အထား တခုခုကို ၎င်းတို့၏ အချက်အလက်များအား အတည်ပြုစစ်ဆေးနိုင်ရုံဖြင့် ထိုင်းအစိုးရ၏ လုပ်ပိုင်ခွင့်ထဲမှ အတည်ပြုထုတ်ပေး၍ နေထိုင်အလုပ်လုပ်ကိုင်ခွင့်ပေးပါရန် စဉ်းစားတောင်းဆိုကြ သည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ဖမ်းဆီး၍မြန်မာနိုင်ငံသို့ ပြန်ပို့နေခြင်းနှင့် ပတ်သက်၍ သေရွာသို့ ပို့သကဲ့သို့သာ ဖြစ်သောကြောင့် မပြုလုပ်ရန်နှင့် ထိုင်းနိုင်ငံ၏ ဥပဒေအတိုင်းသာ အရေးယူဆောင်ရွက်ပေးစေလိုသည်ဟုပင် ဖော်ပြတောင်းဆိုကြသည်ကို တွေ့ရှိရသည်။


အဆုံးသတ်အနေဖြင့် ရွှေ့ပြောင်းမြန်မာပြည်သူများသည် အနာဂတ်အခြေအနေဆိုင်ရာ စိုးရိမ်မှုနှင့် မျှော်လင့်မှုများတွင် စစ်အုပ်စု၏ လွတ်လပ်၍ တရားမျှတမှုမရှိသည့်၊ ဖိနှိပ်မှုများနှင့် ကျင်းပသည့် ရွေးကောက်ပွဲကို ထိုင်းနိုင်ငံအပါအဝင် နိုင်ငံတကာက အစစ်အမှန်ဟု ထင်မှတ်ပြီး အသိအမှတ်ပြုတရားဝင်မှု ပေးလိုက်မည်ကို စိုးရိမ်နေကြသည်။ စစ်အုပ်စုသည် တရားဝင်မှုတစုံတရာ ရရှိပြီး ပြည်တွင်းတွင် အကြမ်းဖက်ဖိနှိပ်မှုများ ပိုမိုဆိုးရွားလာကာ ပြည်ပရှိ ရွှေ့ပြောင်းပြည်သူများ အပေါ် ဖိအားပေးမှုများ ပိုမိုများပြားလာခြင်း၊ ပြည်တွင်းရှိ မိသားစုများကို ဖမ်းဆီးခြင်း၊ ပိုင်ဆိုင်မှုများကို သိမ်းဆည်းခြင်းနှင့် ပြည်တွင်းပဋိပက္ခပိုမိုမြင့်မား၍ တိုင်းပြည်ယခုထက် ပိုမိုပျက်စီးလာစေမည့် လုပ်ရပ်များကို တိုးလာမည်ကို စိုးရိမ်နေကြကြောင်းတွေ့ရှိရသည်။ အနာဂတ်တွင် ပညာရေး၊ ကျန်းမာရေးများနှင့် စီးပွားရေးများ ပြန်လည်မြင့်တက်လာရန် နှင့် နိုင်ငံရေး၊ စစ်ရေးပဋိပက္ခများ လျော့ပါး၍ ယခုထက်ပိုမို ပြောင်းလဲတိုးတက်လာရန်မှာ စုပေါင်းခေါင်းဆောင်မှုဖြင့် အပြောင်းအလဲကို ဖော်ဆောင်မည့် အစိုးရတရပ် သို့တည်းမဟုတ် ခေါင်းဆောင်မှုတရပ်ရှိရမည်ဟု အခိုင်အမာယုံကြည် မျှော်လင့်နေကြသည်။ မြန်မာနိုင်ငံ၏ အခြေအနေကို အဖက်ဖက်က ယိုယွင်းနိမ့်ကျပျက်စီးနေသည့် အခြေအနေရှိနေသည်ဟု သုတေသနတွင်ပါဝင်သူ အားလုံးက ယူဆကြပြီး ပဋိပက္ခများပြေလည်စေရန် ပြည်တွင်းအင်အားစုများကြား ယခုထက်ပိုမို ပူးပေါင်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဝိုင်းဝန်းထောက်ပံ့ဖြေရှင်းပေးမှုကို အရေးတကြီး လိုအပ်နေကြောင်း ထောက်ပြတိုက်တွန်းကြသည်။ ခက်ခဲသည့် အခြေအနေများကြားတွင် ရုန်းကန်နေကြသည့် ရွှေ့ပြောင်းပြည်သူများအချင်းအချင်းသာမက မတူညီသည့် အကျပ်အတည်းများနှင့် ပိုမိုကြီးမားသည့် အန္တရာယ်များကြားတွင် နေထိုင်ရှင်သန်နေသည့် ပြည်တွင်းရှိ ပြည်သူများကိုပါ စိတ်ဓါတ်မကျစေရန် အားပေးစကားများ ပြောဆိုခဲ့ကြသည်ကို ထူးခြားစွာ တွေ့ရှိခဲ့ရပြီး မြန်မာပြည်သူများ၏ ကြံ့ကြံ့ခံဖြတ်ကျော်နေမှုကို အသိအမှတ်ပြုလေ့လာတွေ့ရှိရပါသည်။


# သုတေသနတွင် ပါဝင်သူများ၏ နောက်ခံအချက်အလက်များ

ယခုသုတေသနစစ်တမ်းတွင် တဦးချင်းပါဝင်ဖြေဆိုသူ ၁၁၁ ဦးနှင့် အုပ်စုဖွဲ့ဆွေးနွေးမှု ၁၂ ပွဲ၌ လူဦးရေ ၉၈ ဦး စုစုပေါင်း ၂၀၉ ဦး ပါဝင်ဖြေဆို ဆွေးနွေးခဲ့ကြသည်။ စစ်တမ်းတွင် ပါဝင်ကြသူများ၏ နောက်ခံများကိုကြည့်ရှုရာတွင် အသက်အရွယ်၊ လိင်စိတ်ခံယူထားမှု၊ လူမျိုး၊ အလုပ်အကိုင်၊ နေထိုင်ခဲ့ရာ ဒေသ၊ ရွှေ့ပြောင်းလာသည့်ခုနှစ်နှင့် အကြောင်းအရင်း စသည်များကို နှိုင်းယှဉ်ကြည့်ရှုခဲ့သည်။ နောက်ခံအကြောင်းအရာများကို တဦးချင်းမေးမြန်းမှုတွင် အသေးစိတ်မေးမြန်းမှုများ ပြုလုပ်သော်လည်း အုပ်စုဖွဲ့ဆွေးနွေးမှုတွင် ယေဘုယျမှတ်တမ်းကိုသာ ရယူခဲ့သည်။ ထို့ကြောင့် ကိန်းဂဏန်းများကို တွက်ချက်ပြရာတွင် မြင်သာထင်သာ၍ တိုင်းတာရလွယ်သည့် တဦးချင်း မေးမြန်းဆွေးနွေးခဲ့သူ ၁၁၁ ဦးတည်း၍ တွက်ထုတ်ပြထားသည်။ အုပ်စုဖွဲ့ ဆွေးနွေးမှုများသည် ၁၁၁ ဦး၏ ဆွေးနွေးမှုများကို လူအုပ်စုများ၏ အမြင်၊ သတင်းစကားအခြေခံဖြင့် ချိန်ထိုးကြည့်ရာတွင် အဓိက အသုံးပြုခဲ့သည်။











တဦးချင်းမေးမြန်းဖြေဆိုမှုတွင်သာမက အုပ်စုဖွဲ့ဆွေးနွေးမှုတွင် ပါဝင်သူများတွင်ပါ ၁၈ နှစ်မှ ၃၅ နှစ်ကြား လူငယ်အသက်အရွယ်အပိုင်းအခြားသည် ပါဝင်မှုအများဆုံးဖြစ်သည်။ လိင်စိတ်တိမ်းညွတ်မှု အုပ်စုအရ အမျိုးသားအများဆုံးပါဝင်နေသော်လည်း အမျိုးသမီးများသည် ပါဝင်သူစုစုပေါင်း၏ ထက်ဝက်နီးပါး ပါဝင်ခဲ့ကြပါသည်။ အမျိုးသား၊ အမျိုးသမီး ပါဝင်သူဦးရေသည် အချိုးကျနည်းပါးမျှ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အခြားလိင်စိတ်တိမ်းညွတ်သူ အုပ်စုများသည် ရာခိုင်နှုန်း အနည်းငယ်သာ ပါဝင်နိုင်ခဲ့ပါသည်။

## စစ်တမ်းပြုလုပ်ရာ ဒေသများ




စစ်တမ်းပြုလုပ်ခဲ့ရာ ဒေသများပြမြေပုံ



စစ်တမ်းတွင် ပါဝင်ခဲ့သူများ၏ မြန်မာပြည်တွင်း မူလနေထိုင်ခဲ့သည့် ဒေသများပြ မြေပုံ


ယခုသုတေသနကို ထိုင်းနိုင်ငံ၏ ခရိုင် ၁၁ ခရိုင်ရှိ မြို့ ၁၄ မြို့တွင် တဦးချင်းမေးမြန်းမှုနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများကို ပြုလုပ်ခဲ့သည်။ အုပ်စုဖွဲ့ ဆွေးနွေးမှုများကို မြို့တမြို့တွင် အနည်းဆုံး တကြိမ်မှ နှစ်ကြိမ်အထိ ပြုလုပ်ခဲ့ပြီး အုပ်စုဖွဲ့ ဆွေးနွေးမှု ၁၂ ကြိမ်ဖြင့် လေ့လာမှုပြုလုပ်ခဲ့သည်။ တဦးချင်းမေးမြန်းမှုများကို လူတွေ့အများဆုံးပြုလုပ်ခဲ့ပြီး အွန်လိုင်းတွင် Zoom မှတဆင့် ခေါ်ဆိုမေးမြန်းမှုများလည်း ပြုလုပ်ခဲ့သည်။


သုတေသနတွင် ပါဝင်ကြသူများသည် မြန်မာနိုင်ငံ၏ တိုင်းနှင့်ပြည်နယ်အစုံမှ ပြောင်းရွှေ့လာကြသူများဖြစ်ပြီး ချင်းပြည်နယ်တခုသာ ရွှေ့ပြောင်းသည့်မြို့တွင် မပါဝင်ခြင်းဖြစ်သည်။ သို့သော် သုတေသနတွင် ချင်း လူမျိုးအပါအဝင် လူမျိုးစုံပါဝင်ခဲ့ပါသည်။

## ပါဝင်သူများ၏ ရွှေ့ပြောင်းသွားလာမှုနောက်ခံကို လေ့လာကြည့်ခြင်း

သုတေသနတွင် ပါဝင်ကြသူများသည် မတူကွဲပြားသည့် နောက်ခံစုံလင်စွာ ပါဝင်ကြပြီး ၎င်းတို့၏ ရွှေ့ပြောင်းသွားလာမှု အခြေအနေများတွင် ထူးခြားချက်များကို လေ့လာတွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် ပါဝင်ကြသူအုပ်စုများ၏ ရွှေ့ပြောင်းသွားလာမှုပုံစံကို အသက်အရွယ် အုပ်စုနှင့် လိင်စိတ်တိမ်းညွတ်ခံယူမှု အုပ်စု အခြေခံဖြင့် ရွှေ့ပြောင်းကြသည့် အချိန်ကာလ၊ ရွှေ့ပြောင်းရာဒေသနှင့် ရွှေ့ပြောင်းသွားလာသည့် အကြောင်းအရင်းများကို လေ့လာကြည့်ရှုထားပါသည်။ ထို့အပြင် အချိန်ကာလအလိုက်၊ ရွှေ့ပြောင်းမှုအကြောင်းအရင်းအလိုက် ပြောင်းလဲမှုပုံစံများကိုပါ တွေ့ရှိနိုင်ပါသည်။


ရွှေ့ပြောင်းရသည့် အကြောင်းရင်းများကို ခွဲခြားကြည့်ရာတွင် နိုင်ငံရေးလှုပ်ရှားခြင်းကြောင့် နေထိုင်ရန် ခက်ခဲခြင်း၊ ပညာသင်ယူရေး၊ နေရပ်ဒေသလုံခြုံမှုမရှိခြင်း၊ အလုပ်လုပ်ခြင်းနှင့် အတင်းအဓမ္မ စစ်မှုထမ်း စေခိုင်းခြင်းကို ရှောင်တိမ်းရန် စသည့် အကြောင်းအရင်း ၅ ခုပါဝင်ပါသည်။ မြန်မာပြည်သူများ ရွှေ့ပြောင်းမှုကို လေ့လာသည့် ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၄ ခုနှစ် နောက်ပိုင်းတွင် မြန်မာ့ရွှေ့ပြောင်းများ သိသိသာသာ မြင့်တက်လာသည်ကို တွေ့ရသည်။ ထိုအချက်အရ အတင်းအဓမ္မ စစ်မှုထမ်းစေခိုင်းမှုသည် ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူများကိုသာမက တိုင်းပြည်တခုလုံးရှိပြည်သူများကိုပါ အကျိုးသက်ရောက်မှုရှိသဖြင့် ရွှေ့ပြောင်းသွားလာမှုများ တိုးလာခြင်းဖြစ်ကြောင်းကို သတိထားတွေ့ရှိရပါသည်။[၂၅] ထို့ကြောင့် ပြောင်းရွှေ့ကာလကို လေ့လာရာတွင် အာဏာသိမ်းမှုမဖြစ်ပွားမီကာလ နှင့် အတင်းဓမ္မ စစ်မှုထမ်း စေခိုင်းမှု မတိုင်မီ အာဏာသိမ်းကာလမှ ၂၀၂၄ ခုနှစ်အထိ နှင့် အတင်းဓမ္မ စစ်မှုထမ်းစေခိုင်းမှုပြုသည့် ၂၀၂၄ ခုနှစ် နောက်ပိုင်းကာလများအဖြစ် ပိုင်းခြားလေ့လာထားပါသည်။






ပါဝင်ဖြေဆိုသူများထဲတွင် အတင်းအဓမ္မစစ်မှုထမ်း စေခိုင်းစေမှုကြောင့် လူငယ်များ၏ ရွှေ့ပြောင်းရမှုသည် အများဆုံးဖြစ်နေသည်ကို တွေ့ရှိရပြီး ၂၀၂၄ ခုနှစ်နောက်ပိုင်းတွင် ရွှေ့ပြောင်းမှု အမြင့်တက်ဆုံး ဖြစ်သည်။ လူလတ်ပိုင်းများသည် ပညာသင်ယူရေး အကြောင်းပြချက်ဖြင့် ပြောင်းရွှေ့မှုတွင် အများဆုံး တွေ့ရပြီး ၎င်းတို့သည် အာဏာသိမ်းနောက်ပိုင်းတွင် ရွှေ့ပြောင်းမှုများသည်ကို တွေ့ရှိရသည်။

# မူလနေထိုင်ရာ ဒေသနှင့် ပြောင်းလဲအခြေချသည့် နေရာများ




သုတေသနတွင် ပါဝင်ကြသူများ၏ ရွှေ့ပြောင်းမှုဒေသကို အချိန်ကာလဖြင့် နှိုင်းယှဥ်လေ့လာကြည့်ရာ အာဏာသိမ်းမှုမတိုင်ခင်က တနင်္သာရီမှသူများသည် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းမှုအများဆုံးဖြစ်ပြီး ရနောင်းမြို့သည် ပြောင်းရွှေ့ဝင်ရောက်မှု အများဆုံးဖြစ်သည်။ အာဏာသိမ်းပြီးနောက် ရွှေ့ပြောင်းကြသူများတွင် ရန်ကုန်မှ အများဆုံးဖြစ်ကာ မဲဆောက်သို့ ပြောင်းရွှေ့ဝင်ရောက်ကြမှု အများဆုံးပြုကြသည်ကို တွေ့ရသည်။ အတင်းအဓမ္မစစ်မှုခိုင်းစေသည့် ကာလဖြစ်သည့် ၂၀၂၄ ခုနှစ်နောက်ပိုင်းတွင် ပြောင်းရွှေ့ကြသူများသည် ရန်ကုန်၊ တနင်္သာရီနှင့် ကရင်နီပြည်နယ်တို့မှ အများဆုံးပြောင်းရွှေ့လာကြပြီး ထိုင်းနိုင်ငံ မဲဆောက်နှင့် ဘန်ကောက်မြို့များသည် အများဆုံး ရွှေ့ပြောင်းဝင်ရောက်သည့် မြို့များဖြစ်လာသည်ကို တွေ့ရှိရသည်။ ဤအချက်များက သုတေသနတွင် ပါဝင်သူများသည် အာဏာသိမ်းမှု နောက်ဆက်တွဲ ရိုက်ခတ်မှုအကြောင်းအရင်းမျိုးစုံကြောင့် မြန်မာနိုင်ငံရှိ နယ်မြေဒေသအစုံမှ ထိုင်းနိုင်ငံ၏ ဒေသအနှံ့အပြားသို့ ရွှေ့ပြောင်းဝင်ရောက် နေကြရသူများ ဖြစ်သည်ကို ပြသလျက်ရှိသည်။ ထို့အပြင် စစ်အုပ်စု၏ အာဏာသိမ်းမှုနှင့် နောက်ဆက်တွဲ ဖိနှိပ်အုပ်ချုပ်မှုများသည် မြန်မာပြည်သူများ ပြည်တွင်းတွင် လုံခြုံစွာ နေထိုင်နိုင်ခြင်းမရှိဘဲ ရွှေ့ပြောင်းရမှု အခြေအနေများ ဖြစ်ပေါ်နေစေသည်ကို တွေ့ရှိရပါသည်။




**တရားဝင် နေထိုင်ခွင့်ရှိမှု အခြေအနေ**

ယခုသုတေသနကို ထိုင်းနိုင်ငံ၏ ခရိုင် ၁၁ ခရိုင်ရှိ မြို့ ၁၄ မြို့တွင် တဦးချင်းမေးမြန်းမှုနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများကို ပြုလုပ်ခဲ့သည်။ အုပ်စုဖွဲ့ ဆွေးနွေးမှုများကို မြို့တမြို့တွင် အနည်းဆုံး တကြိမ်မှ နှစ်ကြိမ်အထိ ပြုလုပ်ခဲ့ပြီး အုပ်စုဖွဲ့ ဆွေးနွေးမှု ၁၂ ကြိမ်ဖြင့် လေ့လာမှုပြုလုပ်ခဲ့သည်။ တဦးချင်းမေးမြန်းမှုများကို လူတွေ့အများဆုံးပြုလုပ်ခဲ့ပြီး အွန်လိုင်းတွင် Zoom မှတဆင့် ခေါ်ဆိုမေးမြန်းမှုများလည်း ပြုလုပ်ခဲ့သည်။

# ၁။ ၂၀၂၅ ရွေးကောက်ပွဲအပေါ် ထိုင်းရောက်ရွှေ့ပြောင်းမြန်မာပြည်သူများ၏ အမြင်နှင့် သဘောထားများ

## ဒီမိုကရက်တစ်ရွေးကောက်ပွဲအပေါ် ယုံကြည်မှု

မြန်မာနိုင်ငံတွင် ကျင်းပမည့် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် ရွှေ့ပြောင်းပြည်သူများ၏ အမြင်သဘောထားများကို မေးမြန်းရာတွင် ဒီမိုကရေစီနည်းကျ ကျင်းပပြုလုပ်သည့် ရွေးကောက်ပွဲအပေါ် မည်ကဲ့သို့ သဘောထားအမြင်များ ရှိသည်ကို ဦးစွာမေးမြန်းရှာဖွေမှု ပြုခဲ့သည်။ စစ်တမ်းဖြေဆိုသူများထဲမှ ၉၈ ရာခိုင်နှုန်းကျော်သော သူများသည် ဒီမိုကရေစီနည်းကျဖြစ်ပြီး ရွေးကောက်ပွဲတရပ်တွင် ရှိသင့်ရှိထိုက်သည့် အင်္ဂါရပ်များနှင့်အညီ ကျင်းပထားသော ရွေးကောက်ပွဲတရပ်သည် နိုင်ငံတနိုင်ငံ၏ အစိုးရ အပြောင်းအလဲအတွက် မရှိမဖြစ်လိုအပ်သည်ဟု ဖြေကြားထားသည်။ ၎င်းတို့သည် ဒီမိုကရေစီစံနှုန်းမီသည့် ရွေးကောက်ပွဲမျိုးကိုသာ ယုံကြည်မျှော်လင့်ကြောင်း တွေ့ရှိရသည်။




ထို့အပြင် ရွေးကောက်ပွဲတရပ်၏ အခြေခံအင်္ဂါရပ်များတွင် လူထုထောက်ခံမှုရှိခြင်းသည် အရေးကြီးဆုံးအဖြစ် ထက်ဝက်ကျော်သော ဖြေဆိုသူများက ယုံကြည်လက်ခံကြပြီး လွတ်လပ်၍ တရားမျှတမှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ရွေးကောက်ပွဲ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း ကျင်းပခြင်း၊ နိုင်ငံရေးပါတီများ လွတ်လပ်စွာ ပါဝင်နိုင်ခြင်းနှင့် မဲဆွယ်စည်းရုံးနိုင်ခြင်း၊ လွတ်လပ်စွာ ပြောဆိုခွင့်ရှိခြင်း၊ လွတ်လပ်သော ရွေးကောက်ပွဲ စောင့်ကြည့်ရေး ယန္တရားများရှိခြင်းနှင့် ရွေးကောက်ခံအစိုးရ တရပ်ရပ်မှ ဦးစီးကျင်းပခြင်းများ ရှိသင့်ကြောင်း ဖြေဆိုကြသည်။ ပါဝင်ဖြေဆိုသူများထဲမှ ၂ ဦးသာ မသိဟု တုန့်ပြန်ကြသည်။ ယခုဖြေဆိုချက်များသည် မြန်မာပြည်သူများ၏ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲအပေါ် တန်ဖိုးထား ပူးပေါင်းပါဝင်လိုမှုကို ပြသနေကြောင်း ဦးစွာမြင်တွေ့ရနိုင်ပါသည်။

## ၁။ (က) ၂၀၂၅ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက် ရရှိမှုအခြေအနေ

စစ်တမ်းပါဝင်ဖြေဆိုသူ အားလုံးနီးပါးသည် အာဏာသိမ်း စစ်အုပ်စုမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ရွေးကောက်ပွဲ ကျင်းပမည်ကို ယေဘုယျအားဖြင့် သိရှိထားကြပြီး ကျင်းပမည်ကို မသိရှိသူမှာ ၅ ဦးသာရှိသည်။ သို့သော်လည်း ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်သိရှိမှုနှင့် ပတ်သက်၍ မေးမြန်းရာတွင် ရွေးကောက်ပွဲကျင်းပမည်ဟု သိရှိထားသူ ၃ ပုံ ၁ ပုံကျော်သည် သတင်းအချက်အလက်များကို ရရှိနေခြင်းမရှိဟု ဖြေဆိုကြသည်။ ယင်းကဲ့သို့ ဖြေဆိုသူအများစုသည် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲနှင့် ဆက်စပ်သော လုပ်ငန်းစဉ်များနှင့် နည်းနာများအပေါ် မယုံကြည်သည့်အတွက် သတင်းအချက်အလက်များကို ဆက်လက်ရှာဖွေရန် စိတ်ဝင်စားမှု မရှိသောကြောင့် သတင်းအချက်အလက်များ မရရှိခြင်းဖြစ်သည်ကို တွေ့ရှိရသည်။ ကျန်ဖြေဆိုသူများသည် စစ်အုပ်စု၏ သတင်းဖြန့်ဝေမှု အားနည်းချက်ကြောင့် သတင်းအချက်အလက်များ မရရှိနေခြင်းဖြစ်ကြောင်း ဖြေဆိုကြသည်။

> "ရွေးကောက်ပွဲမှာ မဲပေးဖို့ မရှိလို့ကို မသိတာပါ။ သိလည်း မသိချင်ပါဘူး။"

**အယုဒ္ဓယတွင်နေထိုင်နေသည့် အထွေထွေ လုပ်သားတဦး**

> "ကိုယ်ကိုယ်တိုင်က စိတ်မဝင်စားလို့ပေါ့။ သူငယ်ချင်းတွေကရှဲလာတာမြင်ရင်တောင်မှ၊ ကျွန်တော်က ပြောမယ်ဆို လုံးဝအဖက်မလုပ်တာပေါ့။"

**ရောဝတီတိုင်းမှ စမွတ်စခွန်သို့ ပြောင်းရွှေ့လာပြီးလက်ရှိတွင် အလုပ်သမားအရေးများ ကူညီဆောင်ရွက်ပေးနေသူ CDM ကျောင်းသားတဦး၏ အဖြေ**

> "သတင်းအချက်အလက် နည်းသွားတယ် ၂၀၂၀ ရွေးကောက်ပွဲနဲ့ ယှဉ်လိုက်ရင်။ ၂၀၂၀ စပြီဆိုတာနဲ့ အကုန်လုံးက ဝုန်းဒိုင်းနဲ့ အကုန်လုံးက တက်တက်ကြွကြွနဲ့ တွေ့ရတယ်။ အခုဟာကတော့ လျှို့လျှို့ဝှက်ဝှက်နဲ့ လုပ်တာတွေတွေ့ရတယ်။ ပွင့်လင်းမြင်သာမှုမရှိဘူး။ အားလုံးသိတဲ့တိုင်းပဲ မသမာသောရွေးကောက်ပွဲကို ဖန်တီးထားတာဖြစ်တဲ့အတွက် ပေါ်ပေါ်ထင်ထင် လုပ်နေတာမျိုး မရှိဘူး။"

**၂၀၀၂ ခုနှစ်ကတည်းက ရနောင်းမြို့တွင် နေထိုင်နေသော CSO ဝန်ထမ်းတဦး၏ဖြေဆိုချက်**


> "စိတ်လည်း မဝင်စားဘူး။ ပါဝင်ပတ်သက်ခြင်းလည်း မရှိတဲ့အတွက်ကြောင့်မို့လို့ မသိပါဘူး။ သိလည်း မသိချင်ပါဘူး။ ဘာအခက်အခဲအတွက်ကြောင့်မှ မဟုတ်ဘဲ ကိုယ်မယုံကြည်တဲ့အတွက်ကြောင့်မို့လို့။"

**ရန်ကုန်မှ မဲဆောက်သို့ပြောင်းရွှေ့လာ၍ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နေသော သက်လတ်ပိုင်း အမျိုးသမီးတဦး**

ယခုကျင်းပမည့် ရွေးကောက်ပွဲအပေါ် ထိုင်းရောက်ရွှေ့ပြောင်း မြန်မာပြည်သူများ၏ စိတ်ဝင်စားမှုမှာ အနိမ့်ဆုံးအခြေအနေတွင်ရှိနေပြီး ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကဲ့သို့ ယေဘုယျကျသည့် ရွေးကောက်ပွဲသတင်းအချက်အလက်အချို့ကိုပင် စိတ်ဝင်စားမှုဖြင့် ရှာဖွေ၍ သိရှိကြခြင်းမဟုတ်ဘဲ လူမှုကွန်ရက် သတင်းမီဒီယာများ၊ မိတ်ဆွေသူငယ်ချင်းများ၊ မိသားစုနှင့် ဆွေမျိုးများ၏ ဝေမျှပြောကြားမှုများမှတဆင့် သိရှိကြခြင်းဖြစ်သည်။ သတင်းထောက်များ၊ မီဒီယာ လုပ်ငန်းဖြင့် အသက်မွေးနေကြသူများနှင့် အရပ်ဖက်အဖွဲ့အစည်းအချို့တွင် လုပ်ကိုင်နေကြသူများ သည် ၎င်းတို့၏ အလုပ်အကိုင်များကြောင့် စိတ်ဝင်စားမှုပိုမိုမြင့်မားကြပြီး စစ်အုပ်စု၏ ရွေးကောက်ပွဲနှင့် ပတ်သက်၍ လုပ်ဆောင်နေမှု သတင်းအချက်အလက်များကို စောင့်ကြည့်ရန် မြန်မာ့အလင်းကဲ့သို့သော နိုင်ငံပိုင် သတင်းစာများ၊ နိုင်ငံပိုင်ရုပ်သံသတင်းဌာနများနှင့် ၎င်းတို့၏ ဝက်ဘ်ဆိုက်ဖြစ်သော (Union Election Commission) ကိုလည်း အသုံးပြုကြသည်ကို တွေ့ရှိရသည်။[26]

## ၁။ (ခ) ကြိုတင်ဆန္ဒမဲစာရင်းသွင်းခြင်း - ပုံစံ (၁၅)

၂၀၂၅ ရွေးကောက်ပွဲကို ဒီဇင်ဘာတွင် ကျင်းပမည်ဟု ကြေညာပြီးနောက်တွင် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းပြည်သူများအကြားတွင် စောင့်ကြည့်နားစွင့်နေသည့် လုပ်ငန်းစဉ်တခုမှာ ကြိုတင်ဆန္ဒမဲပုံစံ တနည်း ပုံစံ (၁၅) နှင့်ပတ်သက်သည့် ကိစ္စဖြစ်သည်။ ပုံစံ (၁၅) ဆိုသည်မှာ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အချက်အလက်ကို ဖြည့်သွင်းရသည့်ပုံစံ ဖြစ်သည်။ နိုင်ငံတကာတွင် ရွှေ့ပြောင်းနေထိုင်သူများသို့ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးမှတဆင့် ကြိုတင်မဲဆန္ဒရှင်စာရင်း တင်သွင်းရန် ပုံစံ (၁၅) ထုတ်ယူနိုင်ကြောင်းကို ကြေညာပြီး အသိပေးလေ့ရှိသည်။ ထိုကြေညာချက်သည် ၂၀၂၅ ဩဂုတ်လနှင့် စက်တင်ဘာလတွင် ထိုင်းအပါအဝင် အာရှနိုင်ငံအချို့မှ မြန်မာသံရုံးများမှ ကြေညာချက်ထုတ်ပြန်ကြောင်းများ လူမှုကွန်ရက်များတွင် ပြန့်နှံ့လာခဲ့သည်ကို တွေ့ခဲ့ရသည်။ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးက ပုံစံ (၁၅) ကို ဩဂုတ်လ ၂၂ ရက်နေ့တွင် ၎င်းသံရုံး ဖေ့စ်ဘွတ်ခ် လူမှုကွန်ရက်စာမျက်နှာမှတဆင့် ထုတ်ပြန် ကြေညာခဲ့သည်။ [၁၅]


ချင်းမိုင် ကောင်စစ်ဝန်ချုပ်ရုံး၌ ၂၀၂၅ ရွေးကောက်ပွဲ ကြိုတင်မဲပေးမြင်ကွင်း


ချင်းမိုင် ကောင်စစ်ဝန်ချုပ်ရုံး၌ ၂၀၂၀ ရွေးကောက်ပွဲ ကြိုတင်မဲပေးမြင်ကွင်း




စစ်တမ်းပါဝင်ဖြေဆိုသူ ထက်ဝက်ကျော်သည် ပုံစံ (၁၅) ကို မသိရှိကြောင်းနှင့် မမြင်ဖူးကြောင်း ဖြေဆိုထားကြပြီး သိရှိသည်ဟု ဖြေဆိုသူအုပ်စုတွင်ပင် အဆိုပါပုံစံဖောင်ကို မထုတ်ယူ၊ လက်ခံမရရှိကြပါ။ ပုံစံ (၁၅) ကို ထုတ်ယူခြင်း၊ မထုတ်ယူခြင်းသည် ၎င်းတို့၏ ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှု၊ ပူးပေါင်းပါဝင်လိုမှုနှင့် ထိစပ်လိုမှုအခြေအနေနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ ဤအခြေအနေကို နားလည်ရန် ယခင် ၂၀၂၀ ရွေးကောက်ပွဲတွင် နိုင်ငံပြင်ပရောက် မဲပေးခြင်း အတွေ့အကြုံရှိသူများ၏ ဆွေးနွေးမှုကို နှိုင်းယှဉ်ဆန်းစစ်နိုင်ပါသည်။ ယခင် ၂၀၂၀ ရွေးကောက်ပွဲတွင် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးနိုင်ရေးနှင့် သတင်းအချက်အလက်များ လက်လှမ်းမီရေးအတွက် တသီးပုဂ္ဂလဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ လိုက်လံဆောင်ရွက်ပေးသူများ ရှိခဲ့သော်လည်း ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် ယင်းကဲ့သို့ သတင်းဖြန့်ဝေပေးနိုင်မှုနှင့် ဖြန့်ဝေပေးလိုမှုအားနည်းချက်များနေသည့်အပြင် ပြည်သူများသည်လည်း စိတ်ဝင်စားမှုများနှင့် ပူးပေါင်းပါဝင်လိုမှုများမရှိနေကြောင်း နှိုင်းယှဉ်ဆွေးနွေးမှုများရှိသည်။ ယင်းဆွေးနွေးမှုကို ကောက်နုတ်ဖော်ပြပါမည်။ ယခုဖြစ်စဉ်ကို နှိုင်းယှဉ်ဆန်းစစ်ခြင်းအားဖြင့် ယခုကျင်းပမည့်ရွေးကောက်ပွဲအပေါ် လူထု၏ စိတ်ပါဝင်စားမှု၊ ပူးပေါင်းပါဝင်လိုမှုနှင့် ထိစပ်လိုမှုနည်းပါးနေသည်ကို ထင်ရှားစွာတွေ့ရှိနိုင်ပါသည်။ တဖက်တွင်လည်း စစ်အုပ်စုသည် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရွှေ့ပြောင်းပြည်သူများ သတင်းအချက်အလက်များ သိရှိလက်လှမ်းမီနိုင်ရေးအတွက် အမှန်တကယ်ကြိုးစားအားထုတ်ခြင်း မရှိဘဲ လိုအပ်သည့် ထုတ်ပြန်မှုများကိုသာ လုပ်ထုံးလုပ်နည်းအရ လုပ်ဆောင်နေခြင်းဖြစ်သည်ကို ယခုအခြေအနေမှတဆင့် သိရှိနိုင်ပါသည်။

"အရင်ရွေးကောက်ပွဲတုန်းကဆိုရင် ကျွန်တော်တို့ ဒီမှာ ဒီနားဆိုရင် သံရုံးမှာ ကိုယ်တိုင်ကိုယ်ကျ မဲဖောင်ဖြည့်ဖို့အတွက် သွားယူကြတယ်၊ ယူပြီးသွားရင် ရပ်ကွက်ထဲမှာ မဲပေးဖို့အတွက် ဖောင်လိုက်ဖြည့်ခိုင်းတယ်။ ဖြည့်ပြီးသွားရင် လူတွေကလည်း လုပ်ပေးတဲ့လူက တက်တက်ကြွကြွရှိသလို အလုပ်ခံတဲ့လူက တက်တက်ကြွကြွပဲ။ အဲ့လို အဲ့လို၊ အဲ့ဒီတုန်းကပေါ့နော်။ အခု ကျတော့ လုပ်မဲ့လူလည်းမရှိ လုပ်ပေးလူလည်းမရှိဘူး လုံးဝဥဿုံနတ္ထိပေါ့၊ အဲ့လို ဖြစ်နေတာ။ ဘာမှ၊ ဘယ်သူမှ စိတ်မဝင်စားတဲ့ ရွေးကောက်ပွဲ အဲ့လိုပုံစံမျိုး။"

**၂၀၂၁ ခုနှစ်အာဏာသိမ်းပြီးနောက် ရွှေ့ပြောင်းလာသည့် အထွေထွေအလုပ်သမား လူငယ်အမျိုးသားတဦး၏ ဖြေဆိုမှု**

"အဲ့တုန်းက ကျတော့ ကိုယ့်ရင်ထဲကပါတဲ့ မဲပေါ့၊ ဆိုတော့လည်း တက်တက်ကြွကြွနဲ့ ပေးတာပေါ့နော်။ ဒါပေမဲ့ အဲ့ဒီ တစ်ခါပဲ။ အခု နောက်ပိုင်းတွေ သူတို့က သူဘယ်လိုပဲ ဆွယ်ဆွယ် ဘယ်လိုပဲ မြှားမြှား လုံးဝကို စိတ်မဝင်စားဘူးပေါ့နော်။ အဲ့ဒီ (အရင်တုန်းက) ဒီအချိန်လောက်ဆို ဘယ်လိုဖြစ်နေလဲဆိုရင် ဒီရပ်ကွက်ထဲမှာ ဘယ်အချိန် သံရုံးကို သွားမှာလဲ၊ အကုန်လုံး လူတွေ စုကြ၊ အဲ့လိုမျိုး ပျော်ပျော်ပါးပါးပေါ့နော်။ (လူတွေ) အများကြီးပဲ၊ အများကြီးမှ၊ အများကြီးပဲ။ အဲ့ဒီတုန်းကဆိုရင် ပျော်စရာကြီး အမေစုကို မဲပေးဖို့လေ၊ အစောကြီးပဲ သွားရတာ။ ညီမတို့ဆိုရင် ဒီချိန်လောက်ဆို Formတွေ တင်ဖို့ တက်တက်ကြွကြွနဲ့။ အဲ့ဒီလို မဲပေးဖို့ ကြားလို့ဆိုရင် အဲ့သူငယ်ချင်းတွေနဲ့ ကားစီးလုံး(ငှားပြီး) နှစ်ထပ်ကားကြီးဆို လေးငါးစီးလောက်ရှိတယ်၊ ဒီကနေထွက်တာ။ ဒီကနေပြီးတော့ ည ၁ နာရီလောက်ကနေစထွက်တယ်၊ သံရုံးကို အရောက် လူတန်းစီရတယ် လူမမီမှာ စိုးလို့၊ အဲ့လိုမျိုး တက်ကြွတာပေါ့နော်။ အခု နောက်ပိုင်းကတော့ နိုးပဲ၊ သူက သူဘယ်လိုပဲ ဆွယ်ဆွယ် ဘာပဲလုပ်လုပ် စိတ်လည်းမဝင်စားဘူး။ လိုင်းပေါ်မှာတွေ့လည်း မသိချင်ယောင်ပဲ ဆောင်တယ်၊ ကျော်သွားတယ်၊ စိတ်ကိုမဝင်စားတော့ဘူးပေါ့နော်။ သူနဲ့ပတ်သက်ပြီးတော့ ဘာမှကို မပြောချင်တော့ဘူး အဲ့လိုမျိုး၊ အဲ့လောက်ထိပဲ။"


**၂၀၁၂ ခုနှစ်ကတည်းက ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းလာခဲ့သည့် အထွေထွေအလုပ်သမား လူငယ်အမျိုးသမီး၏ ဖြေဆိုမှု**

"အဲ့ဒီတုန်းကတော့ လုပ်ပေးတယ်။ အခုတော့ အရင်လို မတူတော့ဘူး။ ဘယ်လိုပြောရမလဲ စိတ်မဝင်စားတော့ဘူးပေါ့နော်။ ပြည်သူလူထုတွေ လက်ခံမှုမရှိတဲ့အခါကျတော့ သူတို့ ဘယ်လောက်ပဲ ဆွယ်ဆွယ် ပြည်သူလူထုက ဘယ်လိုမှ လက်ခံဖို့ဆိုတာ မရှိဘူး။"

**သက်လတ်ပိုင်း အထွေထွေအလုပ်သမား အမျိုးသားတဦး၏ ဖြေဆိုမှု**

## ၁။ (ခ) ၂၀၂၅ ရွေးကောက်ပွဲ၏ တရားဝင်မှု၊ စစ်အုပ်စု၏ အခွင့်အာဏာနှင့် အကျပ်အတည်း ဖြေရှင်းနိုင်စွမ်း

ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲကို အရေးကြီးသည့် ဖြစ်စဉ်တခုအဖြစ် ရှုမြင်ကြသည့် ဖြေဆိုသူများသည် ၂၀၂၅ ရွေးကောက်ပွဲနှင့် ပတ်သက်၍ တရားဝင်မှု၊ မြန်မာစစ်အုပ်စု၏ ရွေးကောက်ပွဲ ကျင်းပခွင့်နှင့် မြန်မာနိုင်ငံ၏ အကျပ်အတည်း ဖြေရှင်းနိုင်စွမ်းတို့နှင့် ပတ်သက်၍ လက်ခံယုံကြည်ခြင်း မရှိသည်ကို တွေ့ရှိရသည်။




စစ်တမ်းတွင် ပါဝင်ဖြေဆိုသူအားလုံးနီးပါးသည် ၂၀၂၅ ရွေးကောက်ပွဲကို တရားဝင်မှုရှိသည်ဟု မထင်ကြောင်း တညီတညွတ်တည်း ဖြေဆိုခဲ့ကြပြီး ထိုကဲ့သို့ ဖြေဆိုမှုကို အုပ်စုဖွဲ့ဆွေးနွေးမှု ၁၂ ခုလုံးတွင်လည်း တူညီစွာတွေ့ရှိရသည်။ ၎င်းတို့သည် လူထုကို ဖိနှိပ်မှုများနှင့် လွတ်လပ်စွာ ပြောဆိုထုတ်ဖော်ခွင့် မပြုထားသည့် စစ်အုပ်စုကိုယ်တိုင်က ယခုရွေးကောက်ပွဲကို ကျင်းပခြင်းသည် လွတ်လပ်၍ တရားမျှတမှုမရှိနိုင်ဟု အဓိက ရှုမြင်ကြပြီး ပြည်သူလူထု၏ ထောက်ပံ့မှုနှင့် ပူးပေါင်းပါဝင်မှုမရှိခြင်းကြောင့်ပါ တရားမဝင်ဟု ယုံကြည်ကြသည်။ ထို့အပြင် စစ်အုပ်စုသည် ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကို မျက်ကွယ်ပြု၍ ၎င်းလိုချင်သည့်အတိုင်း တိုင်းပြည်အာဏာကို အတင်းအဓမ္မသိမ်းထားခြင်းကြောင့် ဖြစ်သည်ဟုလည်း အချို့က ဖြေဆိုကြသည်။

စစ်တမ်းဖြေဆိုသူ ၉၀.၉ ရာခိုင်နှုန်းက မြန်မာစစ်အုပ်စုသည် ရွေးကောက်ပွဲကို ကျင်းပနိုင်သည့် တရားဝင်အဖွဲ့အစည်းအဖြစ် မယူဆကြောင်း ဖြေဆိုကြသည်။ ထိုအမြင်သည် အခွင့်အာဏာနှင့် တရားဝင်မှုတို့၏ အပြန်အလှန်ဆက်နွယ်မှုကို ပြသသည်။ ထိုအထဲမှ တရားဝင်မှု မရှိကြောင်း ယုံကြည်ချက်ကို အကြောင်းအကျိုးပြ ဖြေဆိုချက်များကို ထပ်မံခွဲခြမ်း လေ့လာကြည့်ရာ အများပြည်သူများ၏ ရှင်းလင်းသော သဘောထားသည် နိုင်ငံရေးအရ လျစ်လျူ၍ မရသည့် အကြောင်းပြချက်များအဖြစ် ထပ်မံတွေ့ရသည်။

## ဖြေဆိုမှုများမှ ကောက်နုတ်ဖော်ပြချက်

### ၂၀၂၄ ဒီဇင်ဘာတွင် ထိုင်းနိုင်ငံ မဲဆောက်သို့ ပြောင်းရွှေ့လာသည့် သက်လတ်ပိုင်း မိခင်တဦး၏ ဖြေဆိုချက် -

"ပြည်သူတွေက တောင်ပြို ကမ်းပြို နိုင်ပြီး သားကိုမှ သူ့ဘာသာသူ အာဏာသိမ်းကို ယူထားတဲ့အတွက်ကြောင့်မို့လို့ သူ့ဘာသာသူ လုပ်ချင်သလိုလုပ် လက်နက်အားကိုးနဲ့ ပြည်သူတွေအပေါ်မှာ လုပ်ချင်ရာလုပ်မဲ့သူတွေ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရက်စက်ကြမ်းကြုတ်တဲ့ သူတွေဖြစ်တဲ့အတွက် ကြောင့်မို့လို့ မပြိုင်ခင်ကတည်းက သူတို့က နိုင်ပြီးသားမို့လို့ ဒီရွေးကောက်ပွဲကိုတော့ လုံးဝ ကန့်ကွက်ပါတယ်။ ကြိုက်လည်းမကြိုက်ပါဘူး။ တရားဥပဒေ မျှတမှု လုံးဝ မရှိပါဘူး အဲဒါပြောချင်ပါတယ်။"

### ထိုင်းနိုင်ငံတောင်ပိုင်း ချုန်ဘူရီခရိုင်၊ ပတ္တရားမြို့တွင် နေထိုင်သည့် အထွေထွေလုပ်သား လူငယ်အမျိုးသားတဦး၏ ဖြေဆိုချက် -

"စစ်အုပ်စုဟာကတော့ အာဏာသိမ်းမှုလုပ်တာ တယောက်တည်းပြိုင် တယောက်တည်းနိုင်ပေါ့။ အယုံကြည်မရှိဘူး။ နိုင်ငံမှာ စစ်ဖြစ်နေတာပေါ့နော်။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသွားဖို့ အရင်ဆုံးညှိရမယ် အကုန်လုံးနဲ့၊ ပြည်သူလူထုကလည်း အမှန်တကယ်ထောက်ခံတယ်ဆိုရင် အဲအချိန်ကျမှ လုပ်စေချင်တာပေါ့။ အခုက နိုင်ငံရေးလှည့်ကွက်တခု ထွက်ပေါက်တခုအနေနဲ့ လုပ်နေတာပဲလေ။ တရားဝင်အစိုးရဖြစ်အောင်အတွက်။ အဲ့လိုမျိုးပေါ့ ဖက်ဒရယ်ဒီမိုကရေစီပဲ သူတို့ပြောတာပဲ။ အဲ့လိုဖြစ်စေချင်ရင် တနိုင်ငံလုံးကိုမလုပ်ဘူး။ အပိုင်းလိုက်အပိုင်းလိုက်လုပ်တယ်။ NLD ကို ဘန်းထားတယ်။ ပါတီအသေးလေးတွေရှိတယ်။ အဲ့မှာသူတို့စစ်သားတွေ အရပ်ဝတ်ပြောင်းထားလိုက်တယ်။ သူတို့လူနဲ့ သူတို့လုပ်မှာပေါ့လေ။ အဲလိုပုံစံမျိုးဆိုဒါကတော့မဖြစ်နိုင်ဘူး။ ဂျင်းပါပဲ။"

## ၁။ (ခ-၁) အခွင့်အာဏာ မရှိဟု တညီတညွတ်တည်း ယူဆခြင်းအကြောင်းများ

ဖြေဆိုသူအများစုက စစ်အုပ်စုသည် နိုင်ငံတော်အာဏာကို သိမ်းယူထားသူများဖြစ်သောကြောင့် ၎င်းတို့ စီစဉ်သည့် ရွေးကောက်ပွဲသည် တရားဝင်မှု မရှိဟု ယုံကြည်ကြသည်။ ဤအချက်သည် နိုင်ငံတကာဥပဒေနှင့် နိုင်ငံရေးအယူအဆအရ အာဏာသိမ်းမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အပြောင်းအလဲအဖြစ် အသိအမှတ်မပြုဘဲ တရားမဝင်သောလုပ်ရပ်အဖြစ် သတ်မှတ်ခြင်းနှင့် ကိုက်ညီသည်ကို တွေ့ရှိရသည်။

**စစ်တမ်းဖြေဆိုသူများထဲမှ ၉၀.၉ ရာခိုင်နှုန်းက မြန်မာစစ်အုပ်စုသည် ရွေးကောက်ပွဲကို ကျင်းပနိုင်သည့် တရားဝင်အဖွဲ့အစည်းအဖြစ် မ ယူဆကြောင်း ဖြေဆိုကြသည်။ ထို အမြင်သည် အခွင့်အာဏာနှင့် တရားဝင်မှုတို့၏ အပြန်အလှန်ဆက်နွယ်မှုကို ပြသနေကြောင်း တွေ့ရသည်။**




ဖြေဆိုသူများတွင် စစ်အုပ်စုသည် ၎င်းတို့ ကိုယ်တိုင် စိတ်တိုင်းကျ ရေးဆွဲခဲ့သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုပင် ချိုးဖောက်ခဲ့သည်ဟု ထောက်ပြကြသည်။ ဤအမြင်သည် စစ်အုပ်စုက ၎င်းတို့၏ အခွင့်အာဏာကိုအခြေခံသော ဥပဒေမူဘောင်ကို လိုက်နာမှုမရှိသည့်အတွက် ဥပဒေ/ကျိုးကြောင်း ဆီလျော်မှုအရ အခွင့်အာဏာ လုံးဝ ပျက်ပြားသွားခြင်းကို ညွှန်ပြလျက် ရှိသည်။

မူလဥပဒေချိုးဖောက်မှုနှင့် ဆက်စပ်မှုရှိသည့် အခြားသော ဖြေဆိုသူများ၏ သဘောထားအမြင်သည် စစ်အုပ်စုကို တရားဝင်အဖွဲ့အစည်း (LAWFUL ENTITY) အဖြစ် မယူဆနိုင်သောကြောင့် ရွေးကောက်ပွဲကျင်းပခွင့်မရှိဟု ယူဆကြောင်းလည်း ဆွေးနွေးကြသည်။ ဤအချက်သည် နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းဖြစ်ရန် လိုအပ်သော ဥပဒေအရ အသိအမှတ်ပြုမှုနှင့် လုပ်ပိုင်ခွင့်ရှိမှုကို မပိုင်ဆိုင်ဟု ယူဆခြင်းဖြစ်သည်ကို တွေ့ရသည်။

စစ်အုပ်စု၏ လုပ်ရပ်များက ပြည်သူလူထု၏ ဆန္ဒနှင့် ဆန့်ကျင်နေသောကြောင့် အခွင့်အာဏာမရှိဟု အချို့ကယူဆသည်။ ဤအမြင်သည် ဒီမိုကရေစီ၏ အခြေခံမူဖြစ်သော ပြည်သူ့အချုပ်အခြာအာဏာပိုင်စိုးမှုကို အလေးပေးသည်။ အချုပ်အခြာ အာဏာသည် ပြည်သူများထံမှ ဆင်းသက်လာခြင်းဖြစ်၍ ပြည်သူ့ဆန္ဒနှင့် ဆန့်ကျင်သူများတွင် တရားဝင်သော အခွင့်အာဏာ မရှိနိုင်ဟူသော အခြေခံ အကြောင်းတရားများ ပျက်ယွင်းနေမှုကို ဖော်ပြနေခြင်းဖြစ်သည်။

## အုပ်စုဖွဲ့ ဆွေးနွေးမှုများမှ ကောက်နုတ်ချက်အချို့

ယခုကဲ့သို့ တူညီသောအမြင်ကို အုပ်စုဖွဲ့ဆွေးနွေးမှု ၁၂ ခုလုံးတွင် တွေ့ရှိခဲ့ရသည်။ ဒေသအစုံမှ အုပ်စုဖွဲ့ဆွေးနွေးမှုများမှ အသံအချို့ကို ထုတ်နှုတ်ဖော်ပြထားသည်။

မယ်ဟောင်ဆောင် အုပ်စုဖွဲ့ဆွေးနွေးပွဲမှ အာဏာသိမ်းပြီး ကာလနောက်ပိုင်းတွင် ဒီမောဆိုမှ ရွှေ့ပြောင်းလာသည့် သက်လတ်ပိုင်း အမျိုးသမီးတဦး၏ ဆွေးနွေးမှု-

> "ကျွန်မကတော့မထင်ဘူးပေါ့နော်။ လက်နက်ကိုင်ဆောင်တဲ့ လူတွေကနေပြီးတော့ ရွေးကောက်ပွဲကို ဦးစီးကျင်းပတာမျိုးကတော့ ဒီမိုကရေစီနိုင်ငံတွေမှာ မရှိဘူး။ လုံးလုံးလုပ်ခွင့်မရှိဘူးလို့ မြင်တယ်ပေါ့နော်။ ပြီးတော့မှ ကျွန်မတို့မြန်မာနိုင်ငံမှာ အခုကစစ်တပ်ကနေ အာဏာသိမ်းပြီး နောက်ပိုင်းမှာ လူထု Mandate ရအောင်ဆိုပြီးမှ အမျိုးမျိုးလုပ်နေတယ်ပေါ့နော်။"



နေပြည်တော်၌ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြမှုများဖြစ်ပွားနေစဉ် တွေ့ရသည့် စစ်ကောင်စီတပ်သားများ © STR / AFP

### ၁။ (ခ-၂) လက်ရှိအရှိတရားအရ အခွင့်အာဏာကို အသိအမှတ်ပြုခြင်း

ကွဲပြားခြားနားသည့် အမြင်အနေဖြင့် ဖြေဆိုသူ ၄.၅ ရာခိုင်နှုန်းသည် စစ်အုပ်စု၏ ရွေးကောက်ပွဲကျင်းပခွင့် အခွင့်အာဏာကို လက်ရှိအခြေအနေအရ လက်ခံရမည့် အနေအထားအဖြစ် ရှုမြင်ကြသည်။ ၎င်းတို့၏ အဓိကအကြောင်းပြချက်မှာ စစ်အုပ်စုသည် လက်ရှိတွင် နိုင်ငံရေးအာဏာကို အတင်းအဓမ္မ သိမ်းယူထားပြီးဖြစ်၍ သို့မဟုတ်အာဏာကို အဓမ္မချုပ်ကိုင်ထားပြီးဖြစ်၍ အလိုအလျောက် လုပ်ပိုင်ခွင့်ရှိနေသည်ဟု ယူဆကြခြင်း ဖြစ်သည်။

ယခုကဲ့သို့ ဆွေးနွေးမှုများကို လေ့လာကြည့်ရာတွင် စစ်အုပ်စု၏ အခွင့်အာဏာကို **ပြည်သူ့သဘောတူညီမှုအပေါ် အခြေခံသည့် ဥပဒေအရ တရားဝင်သော အခွင့်အာဏာ (De Jure)** (ဖွဲ့စည်းပုံအခြေခံဥပဒေ) နှင့် **အရှိတရားအရ ထိန်းချုပ်ထားသော အခွင့်အာဏာ (De Facto)** (အင်အားသုံး၍ ထိန်းချုပ်ထားမှုအပေါ် အခြေခံသည်) တို့အကြား ကွဲပြားမှုကို ထင်ဟပ်စေသည်။ အဆိုပါ လူအုပ်စု၏အမြင်သည် လက်ရှိ ဖြစ်ပေါ်နေသော အရှိတရားနှင့် အများပြည်သူ၏ လက်ခံခြင်း၊ မခံခြင်းကို ဂရုမစိုက်သည့် စစ်အုပ်စု၏ အတင်းအဓမ္မထိန်းချုပ်မှုကို ထောက်ပြနေခြင်းဖြစ်သည်။ ထိုအချင်းအရာသည် လက်ရှိမြန်မာပြည်သူများကြုံတွေ့နေရသည့် အခြေအနေကိုလည်း ထင်ဟပ်နေသည်ကို ကောင်းစွာမြင်နိုင်သည်။

ထိုလူအုပ်စုထဲမှ ၁ ဦး၏ သုံးသပ်ဆွေးနွေးချက်မှာ

“အာဏာက သူတို့လက်ထဲမှာပဲ။ သူတို့ကြိုက်တာ လုပ်ခွင့်ရှိတယ်ဆိုတော့ ရှိပါတယ်။ အကျုံးဝင်လားဆိုတော့လည်း ဝင်တာပဲ။ ဘာလို့ဆိုတော့ အကုန်လုံးက သူတို့လုပ်ရင် အကောင်းကို။”

ဟု စိတ်ပျက်လက်ပျက် ဖြေဆိုခဲ့သည်ကို တွေ့ရသည်။

ထိုကဲ့သို့ ဖြေဆိုသူများ ကိုယ်တိုင်ပင် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲ၏ တရားမျှတမှုရှိခြင်း၊ မရှိခြင်းနှင့် ပတ်သက်သည့် သဘောထားတွင် မျှတမှုရှိမည်ဟု မယုံကြည်ကြောင်း တဆက်တည်း ဖြေဆိုထားသည်ကို တွေ့ရှိရသည်။ ၎င်း၏ ဆက်လက်ဆွေးနွေးချက်မှာ



၂၀၂၃ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပသည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို တက်ရောက်ခဲ့သည့် စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်ကို တွေ့ရစဉ်
© Ken Kobayashi

“ဒီရွေးကောက်ပွဲ လက်ရှိ အခြေအနေတွေရဲ့ ထွက်ပေါက်တော့ မဟုတ်ဘူးဗျ။ တရားမျှတမှုမရှိတဲ့ ရွေးကောက်ပွဲတခုလို့ မြင်ပါတယ်။ သူတို့ပဲ ဦးစီးပြီးလုပ်ပြီးတော့ သူတို့အလိုကျ လုပ်ကြတဲ့ ရွေးကောက်ပွဲတခုပဲ။”

## ၁။ (ခ-၃) ပြဿနာဖြေရှင်းနိုင်စွမ်းအပေါ် အမြင်များ

စစ်တမ်းတွင်ပါဝင်သည့် အများစု ၈၉.၁ ရာခိုင်နှုန်းက စစ်အုပ်စုကျင်းပမည့် ရွေးကောက်ပွဲသည် လက်ရှိ မြန်မာနိုင်ငံ၏ အထွေထွေအကျပ်အတည်းများကို ဖြေရှင်းနိုင်စွမ်းလုံးဝမရှိဟု ယုံကြည်ကြသည်။ ထိုသူများသည် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲကို အရေးကြီးသည်ဟု ယုံကြည်သူများဖြစ် သည်ကို တွေ့ရှိရသည်။

### (၁) ပြဿနာများမှ ထွက်ပေါက် မဟုတ်ခြင်း

ဖြေရှင်းနိုင်စွမ်းမရှိဟု ယုံကြည်သူများထဲမှ ဖြေဆိုသူ ၂၀.၂ ရာခိုင်နှုန်းက ဤရွေးကောက်ပွဲသည် လက်ရှိကြုံတွေ့နေရသော ပြဿနာများအတွက် စစ်မှန်သောထွက်ပေါက် မဟုတ်ဟု ယူဆကြသည်။ ဤအမြင်သည် ရွေးကောက်ပွဲကို လက်ရှိအခြေအနေများမှ ပြောင်းလဲပေးနိုင်မည့် မူဝါဒရေးရာ အဖြေတခုအဖြစ် ရှုမြင်ခြင်းမရှိဘဲ နိုင်ငံရေး ကစားကွက်တခုအဖြစ်သာ မြင်ခြင်းဖြစ်သည်။

### (၂) ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံရေး ထွက်ပေါက်သာဖြစ်ခြင်း

ဖြေဆိုသူ ၁၂ ရာခိုင်နှုန်းက စစ်အုပ်စု၏ ရွေးကောက်ပွဲသည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက်ရည်ရွယ်သည့် နိုင်ငံရေး ထွက်ပေါက်တခုအဖြစ်သာ မြင်ကြသည်။ ရွေးကောက်ပွဲ၏ရည်ရွယ်ချက်သည် တိုင်းပြည်နှင့် ပြည်သူ့အကျိုးအတွက် မဟုတ်နေဘဲ စစ်အုပ်စု အာဏာတည်မြဲရေးအတွက် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ယူဆကြသည်။

### (၃) ပဋိပက္ခများ လျော့ကျသွားမည် မဟုတ်ခြင်း

ဖြေဆိုသူ ၁၁ ရာခိုင်နှုန်းက ရွေးကောက်ပွဲကျင်းပခြင်းအားဖြင့် လက်ရှိ နိုင်ငံရေးနှင့် စစ်ရေး ပဋိပက္ခများ လျော့ကျသွားမည် မဟုတ်ဟု ယူဆကြသည်။ ဤအမြင်သည် ပဋိပက္ခဖြေရှင်းရေး (Conflict Resolution Theory) အရ ရွေးကောက်ပွဲသည် တင်းမာမှုများကို လျော့ချပေးမည့် ယုံကြည်မှုတည်ဆောက်ရေး အစီအမံ မဟုတ်ဘဲ တရားဝင်မှုမရှိခြင်းကြောင့် ပဋိပက္ခကို ပိုမိုနက်ရှိုင်းစေနိုင်သည်ဟု အကဲဖြတ်ခြင်းဖြစ်သည်။

### (၄) တရားမဝင်ခြင်းကြောင့် ဖြေရှင်းနိုင်စွမ်း မရှိခြင်း

ဖြေဆိုသူ ၁၀ ရာခိုင်နှုန်း၏ မှတ်ချက်အရ ရွေးကောက်ပွဲသည် တရားမဝင်သော လုပ်ရပ် ဖြစ်သည့်အတွက် ပြဿနာများကို ဖြေရှင်းနိုင်စွမ်း ရှိမည်မဟုတ်ဟု ဆိုသည်။ ဤအချက်မှာ အခွင့်အာဏာနှင့် တရားဝင်မှု ကင်းမဲ့ခြင်းသည် နိုင်ငံရေးအရ ဆောင်ရွက်သော မည်သည့်လုပ်ငန်းမဆို၏ အကျိုးသက်ရောက်မှုကို လျော့ကျစေသည်ဟူသော နိုင်ငံရေးအမြင် ဖြစ်သည်။

ဖြေဆိုသူအနည်းကျဉ်းက တိုင်းပြည်တွင် **တည်ငြိမ်အေးချမ်းမှုမရှိသေး**ချိန် ကျင်းပခြင်းကြောင့် ရွေးကောက်ပွဲသည် အဆင်ပြေမည် မဟုတ်ဟု ထောက်ပြကြသည်။ နိုင်ငံရေးသိပ္ပံတွင် လုံခြုံရေးနှင့် တည်ငြိမ်မှုမရှိသော ပတ်ဝန်းကျင်သည် ရွေးကောက်ပွဲတွင် ပါဝင်မဲပေးမှု၊ လွတ်လပ်စွာ ပါဝင်ယှဉ်ပြိုင်မှုနှင့် ရလဒ်များကို လက်ခံနိုင်မှုတို့အတွက် အခြေခံအကျဆုံး အတားအဆီးများဖြစ်သည်။ ထို့ကြောင့် ယခု အခင်းအကျင်းသည် ရွေးကောက်ပွဲတခု ကျင်းပရမည့် အခြေအနေမဟုတ်ကြောင်းကိုပါ ထောက်ပြနေပါသည်။

> **“အခုရွေးကောက်ပွဲက ငြိမ်းချမ်းရေးဘက်ကိုသွားနေတဲ့ ရွေးကောက်ပွဲမျိုး မဟုတ်ပါဘူး။ အာဏာရှင်အစိုးရ တည်မြဲရေးအတွက် သူတို့ရဲ့ အာဏာကို ဆွဲဆန့်ဖို့ အတွက် လုပ်တဲ့ တဘက်သက်ဆန်တဲ့ ရွေးကောက်ပွဲပါ။”**

**မဲဆောက်၌ နေထိုင်သည့် တက်ကြွလှုပ်ရှားသူ လူလတ်ပိုင်းအရွယ် အမျိုးသား**

"အဲ့ရွေးကောက်ပွဲကတော့ ကျွန်တော်တို့ကို အဲ့အကျပ်အတည်း မဖြေရှင်းနိုင်တဲ့ အပြင် အဲ့အကျပ်အတည်း အပြင် နောက်ထပ်အကျပ်အတည်းတွေ အများကြီးကို ဖြစ်လာနိုင်စေတယ် ပေါ့နော်။"

၂၀၂၄ ခုနှစ် အစောပိုင်းတွင် စမွတ်စခွန်သို့ ပြောင်းရွှေ့လာသည့် အရပ်ဘက်အဖွဲ့အစည်းဝန်ထမ်း လူငယ်အမျိုးသား ၁ ဦး

"ရွေးကောက်ပွဲလုပ်တာကိုက သူတို့ရဲ့ ဒီနိုင်ငံရေးထဲမှာ ထွက်ပေါက်တခု လိုချင်လာလို့ရယ်၊ နောက်တခု Legitimate ဖြစ်မှုကို လိုချင်လို့ လုပ်တဲ့ဟာလို့ပဲ ကျွန်တော်တို့ကတော့ ယုံကြည်ထားပါတယ်။ ဒါက နိုင်ငံအတွက် ကောင်းကျိုးမဟုတ်ဘဲ စစ်အာဏာရှင် အုပ်စုရဲ့ ကောင်းကျိုးအတွက်လုပ်တဲ့ ရွေးကောက်ပွဲလို့ပဲ ကျွန်တော်ယုံကြည်ပါတယ်။ နောက်တခုကကျတော့ ဒီအပေါ်မှာမှ လက်မခံတဲ့ အဖွဲ့အစည်းတွေမှာမှ ကျွန်တော်ပြောချင်တာက ဒီဘက် PDF တွေအပြင်ကို ဒီဘက်က EROs ဘက်က အဖွဲ့အစည်းတွေကလည်း ရှိတာဖြစ်တဲ့အတွက်ကြောင့် ရွေးကောက်ပွဲ ပြီးသည်ဖြစ်စေ၊ မပြီးသည်ဖြစ်စေ တော်လှန်ရေးက ဆက်ပြီး ဖြစ်နေမှာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံရေး၊ စစ်ရေးကတော့ ပြေလည်စေမှာ မဟုတ်ဘူးဗျ။"

**၂၀၂၄ နှစ်ကုန်ပိုင်းတွင် ဘန်ကောက်သို့ ပြောင်းရွှေ့လာသည့် အလုပ်အကိုင်မရှိသေးသူ လူငယ်အမျိုးသား ၁ ဦး**



ထိုင်းရောက် ရွှေ့ပြောင်းမြန်မာ လုပ်သားတဦး © The Irrawaddy

"ကျွန်တော့် ယုံကြည်ချက်ကို ပြောရမယ်ဆိုရင် လုံးဝဖြေရှင်းပေးနိုင်လိမ့်မယ် ယုံကြည်ချက်မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ လက်ရှိမှာ ရွေးကောက်ပွဲကြီး တခုကို ကျင်းပမယ်ဆိုပြီးတော့ အကြမ်းဖက်စစ်ကောင်စီကနေပြီးတော့ ဆောင်ရွက်နေတာ ဖြစ်ပေမယ့် တကယ့်တကယ်တမ်းကျတော့ ဒီရွေးကောက်ပွဲတခုကို ဦးစီးဦးဆောင်လုပ်ပြီးတော့ ကျင်းပဆောင်ရွက်နေတဲ့သူတွေကိုယ်တိုင်ကိုယ်က ကိုယ့်နိုင်ငံမှာ ရှိနေတဲ့ ကိုယ်ရဲ့ပြည်သူပြည်သားတွေ အားလုံးအပေါ်မှာ မျှမျှတတနဲ့ လွတ်လပ်မှုဆိုတာမျိုးကို ကြည့်ခဲ့တာမရှိဘဲနဲ့ လူ့အခွင့်အရေးတွေ ကျွန်တော်တို့ ချိုးဖောက်ခံရတယ်။ ဒါ့ကြောင့်လည်း ကျွန်တော်တို့ ဒီဘက် ရောက်လာတာပေါ့။"

မဲဆောက်တွင် နေထိုင်သည့် သက်လက်ပိုင်း အမျိုးသား ၁ ဦး ပြောဆိုချက်

## ၃။ (ဂ) ၂၀၂၅ ရွေးကောက်ပွဲကို ပူးပေါင်းပါဝင်မှု၊ မျှော်လင့်ချက်၊ စိုးရိမ်ချက်များ နှင့် အနာဂတ်တွင် ၎င်းတို့ ကြုံတွေ့ရနိုင်ဖွယ်ရှိသည့် အခြေအနေများ

စစ်တမ်းတွင် ပါဝင်သူအားလုံးနီးပါး (၉၈ ရာခိုင်နှုန်း) သည် စစ်အုပ်စု၏ ၂၀၂၅ ရွေးကောက်ပွဲတွင် ပူးပေါင်းပါဝင်ရန်နှင့် မဲပေးရန် စိတ်ဆန္ဒမရှိဟု ဆိုကြသည်။ မဲပါဝင်မပေးလို သူများတွင် ထက်ဝက်နီးပါးက ၎င်းတို့ မဲမထည့်ခြင်းကြောင့် မည်သည့်အကျိုးသက်ရောက်မှုမှ ဖြစ်ပေါ် လိမ့်မည်မဟုတ်ဟု ယုံကြည်ကြသည်ကို တွေ့ရသည်။ အကျိုးသက်ရောက်မှုမရှိဟု ထင်ရခြင်းမှာ ၎င်းတို့သည် နိုင်ငံပြင်ပတွင် ရောက်ရှိနေခြင်းကြောင့်သာမက စစ်အုပ်စုသည် မဲရလဒ်များကို လိုအပ်သလို စီမံခြင်းပြုမည်ဟု ယုံကြည်နေခြင်းကြောင့် ၂၀၂၅ ရွေးကောက်ပွဲတွင် ၎င်းတို့ပါဝင် ခြင်း မပါဝင်ခြင်းသည် အရေးကြီးမှု မရှိဟုလည်း ယူဆနေကြသည်။ တဖက်တွင် ၂၀၂၅ ရွေးကောက်ပွဲကို မပူးပေါင်းလိုသည့် အခြားသူများသည် ၂၀၂၅ ရွေးကောက်ပွဲကို သပိတ်မှောက် ခြင်းကြောင့် ၎င်းတို့ကြုံတွေ့နိုင်သည့် အကျပ်အတည်းများနှင့် အကျပ်ကိုင်ခံရမှုများကို စိုးရိမ် လျက် ရှိနေသည်။

(၁) **ရွေးကောက်ပွဲအပေါ် သဘောထား (Voting Intention)**

- **မဲမပေးလိုသူနှုန်းထား**: ၉၈% မဲပေးရန် ဆန္ဒမရှိ
- **အဓိက အကြောင်းပြချက်:** မိမိတို့ မဲပေးခြင်း/မပေးခြင်း သည် အပြောင်းအလဲမဖြစ်စေ နိုင်ဟု ယူဆခြင်း။စစ်ကောင်စီက မဲရလဒ်ကို လို သလို စီမံမည်ဟု ယုံကြည်ခြင်း။

(၂) **စိုးရိမ်ပူပန်မှုများ (Major Concerns)**

- **နေထိုင်ခွင့် အခက်အခဲ**: ရွေးကောက်ပွဲ ဂယက်ကြောင့် Work Permit နှင့် CI သက်တမ်းတိုးရန် ခက်ခဲလာမည်ကို စိုးရိမ်ခြင်း။
- စာရွက်စာတမ်း သက်တမ်းတိုးမှု နှောင့်နှေး/ရပ်ဆိုင်းပါက အထောက်အထားမဲ့ (**Undocumented**) ဖြစ်သွားမည်ကို ကြောက်ရွံ့ခြင်း။
- **အချက်အလက် လုံခြုံရေး**: သက်တမ်းတိုးရန် ပေးပို့လိုက်သော ကိုယ်ရေးအချက်အလက်များကို စစ်ကောင်စီက ရွေးကောက်ပွဲ မဲစာရင်းအတွက် အလွဲသုံးစားလုပ်မည်ကို စိုးရိမ်ခြင်း။

(၃) **ဖိအားများနှင့် တုန့်ပြန်မှုများ (Pressures & Responses)**

- **ဖိအားပေးခံရနိုင်သည့် ပုံစံ ၂ မျိုး**:
  - ပြည်တွင်းကျန် မိသားစုဝင်များကို ခြိမ်းခြောက် အရေးယူခြင်း။
  - ထိုင်းနိုင်ငံအတွင်း နေထိုင်ခွင့်၊ အလုပ်လုပ်ခွင့်နှင့် ပညာသင်ခွင့်များ ပိတ်ပင်ခံရခြင်း။
- **ထိခိုက်လွယ်အုပ်စု:** ၂၀၂၄ ခုနှစ် (စစ်မှုထမ်းဥပဒေ) နောက်ပိုင်း ရောက်ရှိလာသူများ၊ အလုပ်သမားနှင့် ကျောင်းသားများ ပိုမိုစိုးရိမ်ကြသည်။
- **သဘောထား ကွဲပြားမှု:**
  - အချို့က ဖိအားများလာပါက မဲပေးရန် စဉ်းစားရနိုင်သည်ဟု ဆိုသည်။
  - တော်လှန်ရေးစိတ်ပြင်းထန်သူများကမူ မည်သည့်ဖိအားရှိစေကာမူ လုံးဝ ပူးပေါင်းမည်မဟုတ်ဟု ငြင်းဆိုသည်။

(၄) **လူမှုရေးရာ သုံးသပ်ချက်နှင့် နည်းစနစ်**

- **ကြံ့ကြံ့ခံနိုင်စွမ်း**: မြန်မာပြည်သူများသည် ဖိနှိပ်မှုများကြားမှ မိမိကိုယ်ကို ကာကွယ်ရင်း မတရားမှုကို နည်းမျိုးစုံဖြင့် ဆန့်ကျင်နေကြသည်။
- **ဒီမိုကရေစီ အလေ့အထ**: သဘောထားကွဲလွဲမှုများ ရှိသော်လည်း အပြန်အလှန် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးနိုင်စွမ်း ရှိသည်ကို တွေ့ရသည်။

မြန်မာရွှေ့ပြောင်းပြည်သူအများစုသည် မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် ပဋိပက္ခများကြောင့် အုပ်ချုပ်ရေးယန္တရား မလည်ပတ်နိုင်နေခြင်းနှင့်ပတ်သက်၍ နိုင်ငံ၏ လူမှုစီးပွားဆိုင်ရာ စိုးရိမ်စိတ် နှင့် အမြင်သဘောထားများကိုလည်း ထုတ်ဖော်ခဲ့သည်။ ၎င်းတို့က မြန်မာနိုင်ငံသည် အဖက်ဖက် က ယိုယွင်းပျက်စီးနေပြီး စစ်အုပ်စုရွေးကောက်ပွဲအလွန်ကာလတွင် ပိုမိုကျပ်တည်းမှုနှင့် ဆိုးရွားမှု များ ဖြစ်လာမည်ကို စိုးရိမ်နေကြသည်။ ၎င်းတို့သည် မြန်မာနိုင်ငံကို ယခုထက်ပိုမိုဆိုးရွား၍ ပျက် ဆီးမှုများကြားမှ ရုန်းမထနိုင်မည်ကို စိုးရိမ်တကြီးနှင့်လည်း ဖော်ပြကြသည်ကို တွေ့ရှိရသည်။

## (၈ - ၁) သပိတ်မှောက်ခြင်းနှင့် စိုးရိမ်စိတ်

စစ်အုပ်စုရွေးကောက်ပွဲ၏ နောက်ဆက်တွဲအနေဖြင့် နေထိုင်ခွင့်လက်မှတ်ဆိုင်ရာ အခက်အခဲများ ပိုမိုကြီးမားလာမည်ကို စိုးရိမ်ကြကြောင်း ဖော်ပြကြသည်။ အထွေထွေလုပ်သားများသည် ၎င်းတို့ကိုင်ဆောင်ထားသည့် အလုပ်လုပ်ခွင့်လက်မှတ် (WORK PERMIT) များကို သက်တမ်းတိုးပေးခြင်း နှောင့်နှေး၍ ထိုင်းနိုင်ငံအတွင်း နေထိုင်ခွင့် သက်တမ်းကုန်ဆုံးကာ အထောက်အထားမဲ့ နေထိုင်ကြရမည်ကို စိုးရိမ်ကြသည်။ ထို့အပြင် နိုင်ငံကူးလက်မှတ်မရှိသည့် မြန်မာနိုင်ငံသားများအတွက် ထိုင်းနိုင်ငံအတွင်း လွတ်လပ်စွာ သွားလာနိုင်စေရန် NLD အစိုးရလက်ထက်က စတင်ခဲ့သည့် “ထိုင်း-မြန်မာ အစိုးရ ၂ ဖွဲ့ သဘောတူ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံအတွင်းတွင် ထုတ်ပေးသည့်” “မည်သူမည်ဝါ ဖြစ်ကြောင်း အထောက်အထား (CI)”[၁၆] သက်တမ်းတိုးပေးမှုကို ရပ်တန့်ထားခြင်းနှင့် အဆုံးသတ်လိုက်ခြင်း ပြုလုပ်ကြမည်ကို စိုးရိမ်ကြကြောင်း ဖြေဆိုကြသည်။



ထိုင်းနိုင်ငံ၊ စမွတ်စခွန်ရှိ အလုပ်သမား မှတ်ပုံတင်ရုံးတွင် တွေ့ရသည့် ရွှေ့ပြောင်းမြန်မာ လုပ်သားများ © EPA

တဆက်တည်းတွင် အလုပ်သမားအဖြစ် အသစ်လျှောက်ထားမည့်သူများနှင့် သက်တမ်းတိုးမည့်သူများသည် အထောက်အထားများကို ဆက်လက်ထုတ်ပေးမည်ဆိုလျှင် ၎င်းတို့၏အချက်အလက်များကို မြန်မာစစ်အုပ်စုက လိုသလိုသုံးစွဲ၍ ၂၀၂၅ ရွေးကောက်ပွဲ၏ ရလဒ်အဖြစ် အသုံးချလိုက်မည်ကို စိုးရိမ်ကြောင်းလည်း ဖော်ပြကြသည်။ အဆိုပါ စိုးရိမ်ချက်များနှင့် ပတ်သက်၍ ထိုင်းအစိုးရထံ တောင်းဆိုထားသည့် အချက်များကို “ထိုင်းအစိုးရသို့ မြန်မာရွှေ့ပြောင်း များနှင့် အလုပ်သမားများ၏ ပေးပို့သံများ” အခန်းတွင် ဆက်လက်ဖော်ပြထားပါသည်။ ထို့အပြင် ၎င်းတို့သည် ၂၀၂၅ ရွေးကောက်ပွဲကို ထောက်ခံပါဝင်ခြင်း မပြုသောကြောင့် စစ်အုပ်စု၏ အမည်ပျက်စာရင်း (BLACKLIST) တွင် ပါဝင်ခြင်းနှင့် အိမ်ပြန်ကြရာတွင် စစ်ဆေးဖမ်းဆီး ထိန်းသိမ်းခံရခြင်းများ ကြုံတွေ့ရမည်ကိုလည်း စိုးရိမ်ကြကြောင်း အချို့သောသူများက ဖြေဆိုကြသည်။

## (၈ - ၂) ဖိအားများနှင့် မဲပေးရခြင်း

ဆန္ဒမဲပါဝင်မပေးဟု ဖြေဆိုထားသည့် အုပ်စုများတွင်ပင် အကျပ်အတည်းများ (သို့) အထက်ဖော်ပြပါ စိုးရိမ်ချက်များနှင့် ခြိမ်းခြောက်မှုများရှိလာပါက ၎င်းတို့သည် မပူးပေါင်းဘဲနေခြင်းကို စဉ်းစားရမည်ဟုလည်း ဆွေးနွေးခဲ့ကြသည်။ ၎င်းတို့၏ အကျပ်အတည်းနှင့် ဖိအားမှာ အဓိကအားဖြင့် ၂ မျိုးရှိပြီး ပထမတမျိုးမှာ ရွေးကောက်ပွဲတွင် ၎င်းတို့ ပါဝင်ခြင်း မပါဝင်ခြင်းအပေါ် မူတည်၍ ပြည်တွင်းတွင် ကျန်ရှိနေခဲ့သည့်မိသားစုကို အတင်းအဓမ္မ ဖိအားပေးလာမည်ကို စိုးရိမ်ခြင်းဖြစ်သည်။ ဒုတိယတမျိုးမှာ ထိုင်းနိုင်ငံအတွင်း နေထိုင်ခွင့်နှင့် အလုပ်လုပ်ခွင့်၊ ကျောင်းတက်ခွင့် အခွင့်အရေးများ ဆုံးရှုံးစေခြင်းဖြစ်သည်။ အာဏာသိမ်းမှုနောက်ပိုင်းနှင့် အထူးသဖြင့် အတင်းအဓမ္မစစ်မှုထမ်းစေခိုင်းသည့် ဥပဒေကြောင့် ပြောင်းရွှေ့လာသည့် အလုပ်သမားနှင့် ကျောင်းသားအုပ်စုများသည် ယခုစိုးရိမ်ချက်ကို အများဆုံးထုတ်ဖော်သည့် အစုအဖွဲ့ အဖြစ်တွေ့မြင်ရသည်။ လူအများစုဖြစ်သည့် ၂၀၂၁ ခုနှစ် နောက်ပိုင်းမှ ပြောင်းရွှေ့လာသူ အုပ်စုများတွင် အာဏာသိမ်းမှုကို ဆန့်ကျင်ကြသည့် မြန်မာစစ်အုပ်စု၏ အုပ်ချုပ်မှုကို မပူးပေါင်းလိုကြသူ လူတန်းစားအစုံမှာ မည်သည့်အကျပ်အတည်းနှင့် ဖိအားတွင်မဆို ပူးပေါင်းပါဝင်မည် မဟုတ်ဟု ပြတ်ပြတ်သားသား ငြင်းဆိုကြသည်ကို တွေ့ရှိရသည်။



၂၀၂၀ ရွေးကောက်ပွဲတွင် ရန်ကုန်မြို့ရှိ မဲရုံတရုံရှေ့ ဆန္ဒမဲပေးရန် တန်းစီစောင့်ဆိုင်းနေကြသူများ © AFP



မန္တလေးမြို့တွင် စစ်အာဏာသိမ်းမှု ဆန့်ကျင်သူပြည်သူတဦးကို စစ်ကောင်စီတပ်နှင့် ရဲများ ဝိုင်းဝန်းဖမ်းဆီးကြစဉ် © AFP

အုပ်စုများအကြား အကျပ်အတည်းနှင့် ဖိအားဆိုင်ရာ စိုးရိမ်ချက်များကို တုန့်ပြန်မည့်ပုံစံများကို ဖြေဆိုမှုများကို ကြည့်ခြင်းဖြင့် လက်ရှိမြန်မာနိုင်ငံတွင်ရှိသည့် ပြည်သူများ၏ အကျပ်အတည်းနှင့် ပဋိပက္ခကို ရင်ဆိုင်ရန် ကြိုးပမ်းကြပုံများကို ထင်ဟပ်နေသည်ဟု သုံးသပ်နိုင်သည်။ မြန်မာပြည်သူများသည် မတရားမှုနှင့် ဖိနှိပ်မှုများအကြားတွင် မိမိကိုယ်ကိုကာကွယ်ကာ မည်ကဲ့သို့ရှင်သန်မည်ကို အကောင်းဆုံး ကြိုးစားရှာဖွေနေရလျက်ပင် တဖက်တွင် ထိုဖိနှိပ်မှုနှင့် မတရားမှုကို ဆန့်ကျင်တွန်းလှန်ရန် အားထုတ်နေရသည်။ ထိုအကျပ်အတည်းများကို ဝိုင်းဝန်းဖြေရှင်းပေးနိုင်မည့် ၎င်းတို့ကို ကာကွယ်ပေးနိုင်သည့် အကာအကွယ်များကိုလည်း လိုအပ်ရှာဖွေနေသည်ကို[၃၄] ယခုဆွေးနွေးမှုများ မှတဆင့် မြင်တွေ့နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ ၎င်းတို့၏ ကြုံကြိုက်ခံရပ်တည်မှုနှင့် ဖိနှိပ်မှုများကို ရင်ဆိုင်ရန် ကြိုးပမ်းနေမှုတို့သည် ၎င်းတို့၏ အခွင့်အာဏာသည် ၎င်းတို့လက်ထဲမှာပင်ရှိကြောင်းကို ထင်ထင်ရှားရှား ပြသနေပါသည်။

### ၁ အများစုသဘောထား (Dominant Sentiment)

- ၉၈% ကျော် သည် မဲမပေးလိုပါ။
- ရွေးကောက်ပွဲနှင့် စစ်ကောင်စီအပေါ် ယုံကြည်မှု လုံးဝနီးပါးမရှိပါ။

### ၂ တွန်းအားပေးသည့် ဖိအားများ (Fear Factors)

- စာရွက်စာတမ်း (CI/Work Permit) သက်တမ်းမတိုးပေးမည်ကို စိုးရိမ်ခြင်း။
- မိသားစုနှင့် ကိုယ်ပိုင်လုံခြုံရေး ခြိမ်းခြောက်ခံရခြင်း။

### ၃ လူနည်းစုအမြင် (Minority Views)

- မဲပေးလိုသူ ၃ ဦးသည် ရွေးကောက်ပွဲကို ယုံကြည်၍မဟုတ်ဘဲ၊ ပဋိပက္ခအမြန်ပြီးဆုံးစေရန် "ထွက်ပေါက်" အဖြစ် ရွေးချယ်ခြင်းဖြစ်သည်။
- မဆုံးဖြတ်ရသေးသူ ၅ ဦးသည် လက်တွေ့ အခြေအနေကို စောင့်ကြည့်နေသည်။

### ၄ နိုင်ငံရေးသုံးသပ်ချက် (Political Reality)

- ရွေးကောက်ပွဲသည် စစ်ကောင်စီ၏ ထွက်ပေါက်သာဖြစ်ပြီး၊ နိုင်ငံရေး ပြဿနာကို ဖြေရှင်းနိုင်မည့် အဖြေ မဟုတ်ပါ။
- စစ်ကောင်စီတွင် ရွေးကောက်ပွဲကျင်းပရန် တရားဝင်မှုမရှိပါ။

### ၅ ပြဿနာကို ဖြေရှင်းရန် (The Solution)

- တဖက်သတ် ရွေးကောက်ပွဲအစား တိုင်းပြည်၏ စနစ်ပြောင်းရေးကို ဦးတည်ဆောင်ရွက်ရန် လုပ်ဆောင်ရမည်။
- ပဋိပက္ခအတွင်းတွင် ရွေးကောက်ပွဲ ကျင်းပနိုင်မည် မဟုတ်ဘဲ မြန်မာ၏ ပြဿနာကို ပြေလည်စေရန် အားလုံး သဘောတူပါဝင်နိုင်ခြင်း၊ တည်ငြိမ်အေးချမ်းသည့် အခြေအနေရှိခြင်း၊ ပြည်သူများ လွတ်လပ်စွာ ပြောဆို၊ ထုတ်ဖော်၊ ပါဝင်ခွင့်ရှိရမည်၊

ယခုတွေ့ရှိချက်ကို တဦးချင်းဆွေးနွေးမှုများတွင်သာမက တူညီသောမြို့များ၌ ကျင်းပခဲ့သည့် အုပ်စုဖွဲ့ ဆွေးနွေးမှု ၁၂ ကြိမ် တွင်ပါ တွေ့ရှိရသည်။ အုပ်စုဖွဲ့ ဆွေးနွေးမှု ၃ ပုံ ၁ ပုံတွင် လုံးဝမဲမပေးဟု ပြတ်ပြတ်သားသား ဖော်ထုတ်နေကြသည့် သူများကြားတွင်ပင် အကျပ်အတည်းများ ရှိလာပါက ပါဝင်မဲပေးရနိုင်သည်ဟု ပြောင်းလဲနိုင်သည့် အခြေအနေများကို ဆွေးနွေးခဲ့သူများ ရှိသည်ကို လေ့လာ တွေ့ရှိရသည်။ ယခုဆွေးနွေးမှုများမှတဆင့် နောက်ထပ်တွေ့ရှိရသည်မှာ သဘောထားမတူသည့် အခြေအနေများ၊ အကြောင်းအရာများကို ဆွေးနွေးကြသူများရှိသော်လည်း ပါဝင်ဆွေးနွေးသူများသည် ၎င်းတို့၏ အမြင်သဘောထားများကို လွတ်လပ်ပွင့်လင်းစွာ ထုတ်ဖော်နိုင်စွမ်းရှိကြပြီး အပြန်အလှန်ဝေမျှကြသည်ကို တွေ့ရှိရသည်။ ထိုဆွေးနွေးမှု အလေ့အထသည် မြန်မာပြည်သူများ၏ ဖိနှိပ်မှုနှင့် အခက်အခဲများကြား၌ပင် ၎င်းတို့မျှော်ရည်သည့် ဒီမိုကရေစီစနစ်ကို အခြေခံကျကျ ကျင့်သုံးနေခြင်းဖြစ်ကြောင်း ထင်ထင်ရှားရှား တွေ့မြင်ရပါသည်။

## (၈ - ၃) ဆန္ဒမဲပါဝင်ပေးလိုသူများ၏ သဘောထားနှင့် အခြေအနေ

ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းနှင့် စမွတ်စခွန်တွင်နေထိုင်သည့် အလုပ်သမားနှင့် ကျောင်းသား လူငယ်အမျိုးသား ၃ ဦးသည် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်မဲပေးရန်စိတ်ဆန္ဒရှိသည်ဟု ဖြေဆိုကြသော်လည်း ၎င်းတို့အားလုံးသည် မည်ကဲ့သို့မဲပေးရမည်ကို သိရှိခြင်းမရှိဟု ဖြေဆိုကြသည်။ ၎င်းတို့သည် အာဏာသိမ်းပြီးနောက်ပိုင်းမှ ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းလာသူများဖြစ်ပြီး နိုင်ငံရေးအကျပ်အတည်းကြောင့် ပြည်တွင်းတွင် နေထိုင်ရန်ခက်ခဲသည့်အတွက် အလုပ်လုပ်ကိုင်နိုင်ရန် ပြောင်းရွှေ့လာသော သူများဖြစ်သည်။ ၎င်းတို့သည် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲတရပ်တွင် ရှိသင့်ရှိထိုက်သော အင်္ဂါရပ်များကို သိရှိသူများဖြစ်ကာ ရွေးကောက်ပွဲသည်လည်း အရေးကြီးသည်ဟု ယုံကြည်သူများဖြစ်ကြသည်။ ၎င်းတို့သည် လက်ရှိကြုံတွေ့နေကြရသော ဆိုးရွားသည့် ပဋိပက္ခအခြေအနေများနှင့် အကျပ်အတည်းများကို ပြေစေလိုသောကြောင့် စစ်အုပ်စု၏ ရွေးကောက်ပွဲအပေါ်တွင် အနည်းဆုံးသော မျှော်လင့်ချက်တခုအဖြစ် ရှာဖွေရှုမြင်နေကြသည်။



ရနောင်းတွင် လူတွေ့မေးမြန်းမှု ပြုလုပ်နေစဥ်

> ကျွန်တော်တို့လည်းတဖက်နိုင်ငံမှာ နေရတာလည်း ပင်ပန်းနေပြီ ကျွန်တော်တို့ မိသားစုနဲ့လည်း ကျွန်တော်တို့ အမြန်ဆုံး ပြန်နေချင်နေပြီ အေးအေး ချမ်းချမ်းလေးနဲ့ ပြန်ဆုံချင်တယ် မိသားစုနဲ့။ ဒါကြောင့်မို့လို့ ကျေးဇူးပြုပြီး ဒီလိုမျိုး ဖြစ်နေတာလေးကို ရပ်စဲပေးဖို့အတွက် တောင်းဆိုပါတယ်။ ပြီးတော့ အရပ်သားအစိုးရ အမြန်ဆုံး မဲရွေးတာ မှန်မှန်ကန်ကန်နဲ့ ပေါ်ပေါက်ဖို့အတွက် ကျွန်တော်တို့ မျှော်လင့်ပါတယ်လို့။

**၂၀၂၃ ခုနှစ်တွင် ရနောင်းသို့ ပြောင်းရွှေ့နေထိုင်သည့် မဲပေးလိုသူ စက်ရုံလုပ်သား လူငယ်အမျိုးသား  တဦး၏ ဖြေဆိုချက်**

၎င်းတို့ ၃ ဦးလုံးသည်ပင် အာဏာချုပ်ကိုင်ထားသည့် စစ်အုပ်စုက ကျူးလွန်နေသော ဖိနှိပ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ကောင်းစွာသိရှိထားကြပြီး ယင်းကဲ့သို့ ဆိုးရွားနေသော ပဋိပက္ခအခြေအနေများကို ပြေလည်စေလိုသည့် စိတ်ဆန္ဒကို အခြေခံကာ ၎င်းတို့ကိုယ်တိုင် ပါဝင်မဲပေးလိုခြင်းဖြစ်သည်ကို ၎င်းတို့၏ ဆွေးနွေးချက်များမှတဆင့် တွေ့ရှိရသည်။ တဖက်တွင်လည်း သူတို့သည် ကျန်စစ်တမ်းတွင် ပါဝင်ဖြေဆိုသူများနည်းတူ မည်သို့ပင် ပူးပေါင်းပါဝင်ခြင်းရှိစေကာမူ စစ်အုပ်စုမှ ကျင်းပမည့် ရွေးကောက်ပွဲသည် လက်ရှိကြုံတွေ့နေရသည့် ပဋိပက္ခများကို ဖြေရှင်းပြေလည်စေနိုင်စွမ်း ရှိလိမ့်မည် မဟုတ်ဟု ယူဆနေသည်ကို တွေ့ရှိရပါသည်။

> “ဘာဖြစ်လို့လဲဆိုတော့ သူတို့က အခုတောင်မှ ကျွန်တော်တို့ နိုင်ငံရေး၊ အခုတောင်မှ လူငယ်တွေ ဘဝတွေပျက်၊ သေကြေတဲ့သူတွေက တအားများတယ်၊ သူတို့ လုပ်တာ၊ ကျွန်တော်ကတော့ လုံးဝ အယုံအကြည်ကင်းမဲ့တယ် သူတို့လုပ်တဲ့ အစိုးရကိုတော့”
>
> **၂၀၂၃ ခုနှစ်တွင် ရနောင်းသို့ ပြောင်းရွှေ့နေထိုင်သည့် မဲပေးလိုသူ စက်ရုံလုပ်သား လူငယ်အမျိုးသားတဦး၏ ဖြေဆိုချက်**

ဆန္ဒမဲပါဝင်ပေးရန်ရှိမရှိ မသေချာသူဟု ဖြေဆိုသူ ၅ ဦးရှိပြီး ယင်းကဲ့သို့ဖြေဆိုသူများမှာ လိင်စိတ်ခံယူမှု ၃ အုပ်စုလုံးမှပါဝင်ပြီး အာဏာသိမ်းပြီးမှ ရောက်လာကြသည့် အလုပ်သမားများ၊ အရပ်ဖက်အဖွဲ့အစည်းတွင် လုပ်ကိုင်နေသူနှင့် တက်ကြွလှုပ်ရှားသူများ ဖြစ်ကြသည်။ ဤအုပ်စု၏ မဲပေးလိုခြင်း ရှိ/မရှိကို ဆုံးဖြတ်ရာတွင် ၎င်းတို့၏ အဓိကအကြောင်းပြချက်များမှာ မည်သည့်ပါတီများ၊ ခေါင်းဆောင်များပါဝင်မည်ကို စောင့်ကြည့်လိုခြင်း၊ ရွေးကောက်ပွဲကာလအတွင်း ပြည်တွင်း၊ပြည်ပတွင် ရှိနေမှု အခြေအနေနှင့် တော်လှန်ရေးအင်အားစုများ၏ အကာအကွယ်ပေးနိုင်မှု၊ တာဝန်ယူမှုအခြေအနေတို့ ဖြစ်သည်။ ဤအုပ်စုသည် ရွေးကောက်ပွဲကို ၎င်းတို့အမြင်အရ လက်တွေ့ကျသည်ဟုယူဆရသော အခြေအနေများအပေါ် မူတည်၍သာ ဆုံးဖြတ်မည်ကို တွေ့ရသည်။

## “အကုန်လုံးငြိမ်းချမ်းဖို့ပေါ့။”

## ၁။ (ဃ) ၂၀၂၀ ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ကြည့်ကြသည့် ၂၀၂၅ ရွေးကောက်ပွဲ

၂၀၂၅ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် သဘောထားအမြင်များကို ဆွေးနွေးရာတွင် သီးသန့်မေးမြန်းထားခြင်း မရှိသော်လည်း ပါဝင်လာသည်မှာ ၂၀၂၀ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အကြောင်းအရာများ ဖြစ်သည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် ၎င်းတို့ ပူးပေါင်းပါဝင်ခဲ့မှု၊ ထားရှိခဲ့သည့် မျှော်လင့်ချက်များ၊ ဒေါ်အောင်ဆန်းစုကြည် အစိုးရလက်ထက် ၂၀၁၅ မှ ၂၀၂၀ အတွင်း အရပ်သားအစိုးရထံမှ ၎င်းတို့ရရှိခဲ့သည့် ဝန်ဆောင်မှုများနှင့် အနာဂတ်ကို အိမ်မက်မက်ခဲ့မှုများကိုပါ ဖြေဆိုသူများက ထည့်သွင်းနှိုင်းယှဉ် ဆွေးနွေးကြသည်ကို တပါတည်း လေ့လာတွေ့ရှိရပါသည်။ စစ်တမ်းတွင် ပါဝင်ဖြေဆိုကြသည့် ၂၀ ရာခိုင်နှုန်းသော သူများသည် ၎င်းတို့ ၂၀၂၀ ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ပုံနှင့် မျှော်လင့်ချက် (တနည်း) ၂၀၂၀ အလွန်တွက် အိမ်မက်များ ရှိခဲ့သည်ကို ၂၀၂၅ ရွေးကောက်ပွဲတွင် ပါဝင်လိုမှု၊ ပါဝင်ခြင်းကြောင့် ရရှိလာနိုင်သည့် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ၊ ရှေ့ကာလအတွက် ၎င်းတို့၏ စိုးရိမ်ချက်များနှင့် ပြောင်းလဲစေလိုမှု စသည့် မေးခွန်းများကို ဖြေဆိုရာတွင် ထည့်သွင်းချိတ်ဆက် ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။ ယခုနှိုင်းယှဉ်ကြည့်မှုတွင် သုတေသနမေးခွန်းထုတ်၍ သီးသန့်မေးမြန်းခဲ့ခြင်း မဟုတ်သောကြောင့် ကျန်ရာခိုင်နှုန်းထဲမှ သူများသည် ၂၀၂၀ ရွေးကောက်ပွဲတွင် မပါဝင်ခဲ့ (သို့မဟုတ်) ၂၀၂၀ ရွေးကောက်ပွဲနှင့် ပတ်သက်၍ မျှော်လင့်ချက်၊ အနာဂတ်နှစ်အတွက် အိမ်မက်များနှင့် ပတ်သက်၍ မရှိဟု ယူဆ၍မရဘဲ မဖော်ပြခဲ့ကြခြင်းဖြစ်သည်ဟု ယူဆနိုင်ပါသည်။ ထို့ကြောင့် ထိုသူများ၏ ၂၀၂၀ နှင့်ပတ်သက်သည့် သဘောထားအမြင်ကို ထည့်သွင်းသုံးသပ်ထားခြင်းမရှိဘဲ ယခုအုပ်စုကိုသာ လေ့လာသုံးသပ်ထားပါသည်။



၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၃ တွင် ထိုင်းနိုင်ငံ၊ စမွတ်စခွန် ကမ်းရိုးတန်း ငါးဖမ်းလုပ်ငန်းစခန်း၌ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသူ ရွှေ့ပြောင်းမြန်မာလုပ်သားများက နှုတ်ဆက်ကြိုဆိုနေကြစဉ် © REUTERS

## ၁။ (ဃ - ၁) ၂၀၂၀ ဆန္ဒမဲပေးခဲ့သူများ၏ ယခုရွေးကောက်ပွဲတွင် ပါဝင်မှု

ယခု ၂၀၂၀ ရွေးကောက်ပွဲနှင့် ပတ်သက်၍ မျှော်လင့်ချက်များရှိခဲ့သည်ဟု ဖြေဆိုထားသူများသည် အသက်အရွယ်၊ ကျား/မ၊ အလုပ်အကိုင် နောက်ခံမတူသည့် အုပ်စုမှသူများ အချိုးကျပါဝင်နေပါသည်။ ယခုစစ်တမ်းတွင် ပါဝင်ဖြေဆိုသူအချို့သည် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲရုံစောင့်ခဲ့ကြသူများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းအဖြစ် လုပ်ခဲ့ကြသူများ၊ ပြည်သူများကို မဲပေးခြင်းနှင့် ပတ်သက်သည့် အသိပညာပေး လှုံ့ဆော်မှုများတွင် ကိုယ်တိုင်ပါဝင်ခဲ့သူများဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် မဲမသမာမှုကြောင့် အာဏာသိမ်းသည်ဟုဆိုသည့် စစ်အုပ်စု၏ အကြောင်းပြချက်ကို ပြင်းပြင်းထန်ထန် ကန့်ကွက်ငြင်းဆန်ကြသူများ ဖြစ်သည်။ ထိုစေတနာ့ဝန်ထမ်းများတွင် အသက်မပြည့်သေး၍ မဲမပေးခဲ့ရဘဲ ယခု ၂၀၂၅ တွင် ပထမဆုံး ဆန္ဒမဲပေးသူဖြစ်လာသည့် လူငယ်များလည်း ပါဝင်ခဲ့ကြသည်။ ၂၀၂၀ ရွေးကောက်ပွဲကာလ၌ ၎င်းတို့သည် ၂၀၂၅ ရွေးကောက်ပွဲတွင် ပထမဆုံး ဆန္ဒမဲပေးသူဖြစ်လာဖို့ စိတ်လှုပ်ရှားခဲ့သော်လည်း လက်ရှိအချိန်တွင် စစ်အုပ်စုရွေးကောက်ပွဲကို ပူးပေါင်းပါဝင်မည် မဟုတ်ဟု ဆွေးနွေးခဲ့ကြသည်။ ယခုကဲ့သို့ ဆွေးနွေးမှုများကို အုပ်စုဖွဲ့ဆွေးနွေးမှုများတွင်ပါ အလားသဏ္ဍာန်တူ ကြားသိ၊ လေ့လာတွေ့ရှိ ရပါသည်။

> “ပြည်သူကို ကာကွယ်မပေးဘဲ ပြည်သူ့ လူ့အခွင့်အရေးကို ချိုးဖောက်ပြီးတော့ ပြည်သူတွေကို နေ့စဉ်ရက်စက် ရတဲ့နည်းနဲ့ ဖြစ်တဲ့ နည်းနဲ့ ဖိုးကြဲတယ်၊ တိုက်ခိုက်တယ်၊ ပြည်သူတွေကို သေအောင် ကြေအောင် လိုက်လံ ဖမ်းစီးတယ်၊ မတရားသတ်ဖြတ်တယ်။ ဒီလိုလုပ်နေတဲ့ အစိုးရတရပ်ကနေပြီးတော့ ကျင်းပဆောင်ရွက်တဲ့ ရွေးကောက်ပွဲဆိုတာဟာ ဘယ်လိုနည်းနဲ့မှ ပြည်သူကို ကာကွယ်ပေးတဲ့ ရွေးကောက်ပွဲဖြစ်လာနိုင်စရာ အကြောင်းမရှိဘူးပေါ့နော်။”

**ရောဝတီတိုင်း ငပုတောမှ ရွှေ့ပြောင်းလာသည့် မဲဆောက်နေ သက်လတ်ပိုင်း အရွယ် ကျပန်းလုပ်ကိုင်သူ အမျိုးသားတဦး၏ ဆွေးနွေးချက်**

## ၁။ (ဃ - ၂) ၂၀၂၀ တွင် ထားရှိခဲ့သည့် မျှော်လင့်ချက်နှင့် လက်ရှိအခြေအနေ

၂၀၂၀ တွင် ပူးပေါင်းပါဝင်ခဲ့ကြသည့် ပြည်သူများသည် ၂၀၂၀ အလွန်တွင် ဖြစ်ပေါ်လာမည့် အပြောင်းအလဲများအပေါ် မျှော်လင့်ချက်များရှိခဲ့ကြကြောင်း ဖော်ပြကြသည်။ ၂၀၁၅ နှင့် ၂၀၂၀ တွင် အရပ်သားအစိုးရ၏ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကြောင့် လူနေမှုအဆင့်အတန်း တိုးတက်ခဲ့မှုများကိုလည်း အသိမှတ်ပြု၍ မျှော်လင့်ချက်ရှိခဲ့ကြောင်းလည်း ဆိုကြသည်။



၂၀၂၀ ရွေးကောက်ပွဲတွင် ရန်ကုန်၌ ကြိုတင်မဲပေးရန် သွားနေကြသည့် မိသားစုများပုံ (ဓာတ်ပုံ – မျိုးမင်းစိုး၊ ဧရာဝတီ)

၂၀၂၁ အာဏာသိမ်းမှု မတိုင်ခင်တည်းက ထိုင်းသို့ရောက်ရှိနေခဲ့သည့် မြန်မာရွှေ့ပြောင်းလုပ်သားအချို့သည် ၂၀၂၀ ရွေးကောက်ပွဲ အလွန်တွင် တိုင်းပြည်သို့ ပြန်ကြရန် ဆန္ဒနှင့်အစီစဥ်များ ရှိခဲ့သော်လည်း ၂၀၂၁ အာဏာသိမ်းမှုသည် ၎င်းတို့၏ အိမ်ပြန်ရန် မျှော်လင့်ချက်ကို ချိုးဖျက်ခဲ့သည်ဟု ဆိုကြသည်။



၂၀၂၀ ရွေးကောက်ပွဲတွင် ထိုင်းနိုင်ငံ ဘန်ကောက်ရှိ မြန်မာသံရုံး၌ ကြိုတင်မဲပေးရန် တန်းစီနေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ (ဓာတ်ပုံ – ငြိမ်းငြိမ်း၊ ဧရာဝတီ)

အချို့မဲဆန္ဒရှင်များက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအောက် ကျင်းပသည့် ရွေးကောက်ပွဲကို အယုံကြည်မရှိသော်လည်း NLD အစိုးရ၏ ဖွဲ့စည်းပုံ ပြင်ဆင်ပြောင်းလဲရေးမူအပေါ် မျှော်လင့်ချက်ရှိ၍ ရွေးကောက်ပွဲတွင်ပါ ဝင်ခဲ့သည်ဟု ဆိုကြသည်။



၂၀၂၀ ရွေးကောက်ပွဲတွင် ထိုင်းနိုင်ငံ ဘန်ကောက်ရှိ မြန်မာသံရုံး၌ ကြိုတင်မဲပေးကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ (ဓာတ်ပုံ – ငြိမ်းငြိမ်း၊ ဧရာဝတီ)

သို့သော် ထိုသူများသည် ယခု ၂၀၂၅ ရွေးကောက်ပွဲက အကျပ်အတည်းများကို မပြေလည်စေနိုင်မည့်အပြင် ပိုမိုဆိုးစေလိမ့်မည်ဟု ရှုမြင်ကြကာ ၎င်းတို့၏ တကိုယ်ရည် အကျပ်အတည်းများနှင့် နိုင်ငံရေး၊ စစ်ရေးဆိုင်ရာ အကျပ်အတည်း ပိုမိုကြီးလာမည်ကိုပါ စိုးရိမ်လျက်ရှိနေကြသည်။





နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားရေး ပြည်ထောင်စုဝန်ကြီးအနေဖြင့် ထိုင်းနိုင်ငံသို့ လည်ပတ်ခဲ့သည့် ၂၀၁၆ တွင် ထိုင်းရောက်မြန်မာ ရွှေ့ပြောင်းအလုပ်သမားအပြားအများ တွေ့ဆုံကြိုဆိုနေကြပုံ © getty images

> “ကျွန်တော်တို့တပ်ထဲမှာ ဝါဒမှိုင်းတိုက်ပြီး အသိဉာဏ်ဖျက်ဆီးခံထားရတော့ ဒေါ်အောင်ဆန်းစုကြည်ဆိုရင် တိုင်းပြည်ဖျက်ဆီးမယ့်သူလို့ပဲ သိနားလည်ထားခဲ့ပြီး တစ်ဖြည်းဖြည်းနဲ့ အရွယ်ရောက်လာတဲ့အချိန်၊ နောက်ပိုင်းရန်ကုန်ကို ပြောင်းလာတော့မှ ဒီအရပ်သားအစိုးရအောက်မှာ လုံခြုံမှုကို ခံစားရတယ်၊ ပျော်ရွှင်ရတယ်၊ အိမ်မက်တွေ ရည်မှန်းချက် တွေထားနိုင်ပြီး တကယ်လွတ်လပ်မှုကို ခံစားရမှ ကျွန်တော် တဖြည်းဖြည်း နားလည်လာပြီး နာဂစ်မှာဆို အထူးသိသာခဲ့တာမျိုးပါ။”

**တပ်မတော်ဆေးတပ် တပ်ကြပ်ကြီးတဦး၏ သားဖြစ်သူ**

> “အရင်ဆို ကျွန်တော်လည်း ပြန်ဖို့ စိတ်ကူးထားတာ၊ ဒီမှာတောင် မနေတော့ဘူး တခါတည်း အကုန်လုံး ဆုံးဖြတ်ပြီးသွားပြီ။ ဒီအာဏာမသိမ်းခင်ကလေ၊ ပြန်မယ်ပေါ့၊ ဒီကိုယ့်နိုင်ငံကိုပဲ ကိုယ်သွားလုပ်စားတော့မယ်၊ ပြောမယ်ဆိုတော့ ပိုပျော်တယ်လေနော်၊ ဘာမှလည်း လုပ်စရာမလိုဘူး၊ Passport လည်း လုပ်စရာမလိုဘူး၊ သူများအောက်ကျို့လည်း ခံစားမလိုဘူးလေ၊ ကိုယ့်နိုင်ငံကိုယ် ပြောမယ်ဆို တရက် ၃၀၀၀ ရလည်း စားလောက်တယ်လေနော်၊ အခုကျတော့ အဲ့သိမ်းပြီးနောက်ပိုင်းကို မပြန်တော့ဘူး ဆုံးဖြတ်ချက်ချလိုက်ပြီ”

**ရှမ်းပြည်နယ်၊ တောင်ကြီးမှ ချင်းရိုင်မြို့သို့ ရွှေ့ပြောင်း၍ ကုန်သည်အဖြစ် လုပ်ကိုင်နေသူ အမျိုးသားတဦး**




နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားရေး ပြည်ထောင်စုဝန်ကြီးအနေဖြင့် ထိုင်းနိုင်ငံသို့ လည်ပတ်ခဲ့သည့် ၂၀၁၆ တွင် ထိုင်းရောက်မြန်မာ ရွှေ့ပြောင်းအလုပ်သမားအပြားအများ တွေ့ဆုံကြိုဆိုနေကြပုံ © getty images

## ၂။ ပြည်သူများပေးအပ်သည့် ကိုယ်စားပြုခွင့်နှင့် အပြောင်းအလဲ မျှော်လင့်ချက်

ယခုသုတေသန စစ်တမ်းတွင် ရွှေ့ပြောင်းမြန်မာပြည်သူများ၏ သဘောထားအမြင်များကို မေးမြန်းရာ၌ ၎င်းတို့ကို ကိုယ်စားပြုခွင့်နှင့် ပတ်သက်သည့် သဘောထားအမြင်များကိုလည်း မေးမြန်း လေ့လာခဲ့သည်။ အာဏာသိမ်းကာလနောက်ပိုင်းတွင် လူမှုစီးပွားအကျပ်အတည်းများစွာ ကြုံတွေ့ရပြီး အထူးသဖြင့် ရွှေ့ပြောင်းအခြေချခွင့် နှင့်ပတ်သက်သည့် အကြောင်းအရာများ၊ အသိအမှတ်ပြု အထောက်အထားများနှင့် တိုင်းပြည်ပြင်ပတွင် အထွေထွေလုပ်သားအဖြစ် ရွှေ့ပြောင်းလုပ်ကိုင်မှု ဆိုင်ရာများတွင် လိုအပ်သည့် အထောက်အပံ့နှင့် အကူညီမဲ့မှုများကို ထိုင်းရောက် မြန်မာရွှေ့ပြောင်း ပြည်သူများသည် ခက်ခဲစွာ ရင်ဆိုင်နေကြရသည်။[၃၈] တိုင်းပြည်၏ အရင်းအမြစ်များနှင့် အခွင့်အာဏာကို ကိုင်ထားသူများသည် နိုင်ငံအုပ်ချုပ်ရေး ယန္တရားလည်ပတ်စေနိုင်ရေးနှင့် ပြည်သူ့လိုအပ်ချက်များကို ဝန်ဆောင်မှုပေးရန် တာဝန်ရှိသော်လည်း ထိုတာဝန်များကို ပျက်ကွက်ခြင်းကြောင့် တိုင်းပြည်နှင့် ပြည်သူအများ နစ်နာဆုံးရှုံးမှုများလည်း ကြုံတွေ့နေရသည်။[၃၉]




၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၈ တွင် စစ်အာဏာရှင်ကို တော်လှန်နေသည့်လူငယ်များ ရန်ကုန်မြို့တွင် ဆန္ဒပြနေပုံ
ဓာတ်ပုံ - တကသဟောင်းများအင်အားစု, CJ

တိုင်းပြည်ကာကွယ်ရေးအတွက်သာ အဓိကတာဝန်ရှိသည့် မြန်မာစစ်တပ်သည် မြန်မာပြည်သူများ၏ အခွန်ဘဏ္ဍာများဖြင့် တပ်ဆင်ပေးထားသော လက်နက်အားကိုးဖြင့် ၂၀၂၀ ရွေးကောက်ပွဲမှတဆင့် မြန်မာပြည်သူများ ပေးအပ်လိုက်သည့်အာဏာကို အတင်းအဓမ္မသိမ်းယူလိုက်ပြီးနောက် သန်းနှင့်ချီသောမြန်မာပြည်သူများသည် ၎င်းတို့အတွက် တိုင်းပြည်တာဝန်များနှင့် အုပ်ချုပ်ရေးယန္တရားကို လည်ပတ်မည့်အစိုးရကို စစ်အုပ်စုမဟုတ်ဟု သတ်မှတ်ခဲ့ကြသည်။ ၎င်းတို့၏ သဘောထားကိုလည်း ကဏ္ဍအစုံ၌ နည်းမျိုးစုံ၊ ပုံစံမျိုးစုံနှင့် ဤနေ့ဤအချိန်ထိ ၅ နှစ်တာကာလပတ်လုံး ပြသနေကြသည်ကို တွေ့မြင်နေရသည်။[၄၀]

ထိုသူများထဲတွင် ယခုစစ်တမ်း၌ ပါဝင်ဖြေဆိုကြသူ ထိုင်းရောက်ရွှေ့ပြောင်း မြန်မာ လုပ်သားများနှင့် ပြည်သူအများစုလည်း ပါဝင်နေပါသည်။ ထို့ကြောင့် ဆယ်စုနှစ်တဝက်တာ အထိ ရောက်ရှိလာခဲ့ပြီဖြစ်သည့် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရား မတည်ငြိမ်မှုကိုဖြေရှင်း ရန် မြန်မာပြည်သူများ လိုလားသည့်စနစ်ကို တည်ဆောက်ခြင်းနှင့် လိုလားထောက်ခံသည့် အုပ်ချုပ်သူကိုယ်စားလှယ်များ ဖြစ်ခြင်းမှာ အရေးတကြီး လိုအပ်ချက် ဖြစ်နေပါသည်။

၎င်းတို့ကို ကိုယ်စားပြုခွင့်ရှိသူမှာ မည်သူနည်းဆိုသည့် မေးခွန်းကို မြန်မာရွှေ့ပြောင်းပြည် သူများကို မေးမြန်းရာတွင် တဦးချင်းဖြေဆိုသူများတွင်သာမက အုပ်စုဖွဲ့ဖြေဆိုသူများတွင်ပါ တွေ့ရှိရသည်မှာ သေချာမှုနှင့် ဝေဝါးမှုနှစ်ခုလုံးကို တပြိုင်တည်း မြင်တွေ့ရခြင်းဖြစ်သည်။ သေချာမှုမှာ ဖြေဆိုသူများ၏ ၉၂ ရာခိုင်နှုန်းခန့်သည် ၎င်းတို့ကို ကိုယ်စားပြုသူမှာ စစ်အုပ်စု မဟုတ်ကြောင်း ချက်ချင်းဖြေဆိုသည့် သေချာမှုဖြစ်ပြီး အခြားအင်အားစုများကိုသာ ရည်ညွှန်းခဲ့ကြသည်။ထိုအချက်ကို အခြားသောလေ့လာတွေ့ရှိမှုများတွင်လည်း ခိုင်မာစွာတွေ့ရှိ ရသည်။[၂၁] ဖြေဆိုသူများထဲမှ ၃ ရာခိုင်နှုန်းသည် ယခုမေးခွန်းကို မဖြေဆိုကြပါ။ ဝေဝါးမှုကို မြင်တွေ့ရသည်ဟုဆိုရာတွင် မြန်မာပြည်၏ လက်ရှိအုပ်ချုပ်ရေးနှင့် စနစ်ပြောင်းအခြေအနေ များအရ ၎င်းတို့ကို အပြည့်အဝကိုယ်စားပြု ဆောင်ရွက်ပေးနိုင်ပါသည်ဟု ရည်ညွှန်းရန် အတွက် အချိန်ယူ စဉ်းစားကြရခြင်း၊ ချက်ခြင်းဖြေဆိုရန် ခက်ခဲကြခြင်းစသည့် အခြေအနေ များကို မြင်တွေ့ခဲ့ရပါသည်။ ထိုကဲ့သို့ စဉ်းစားမှုများကြားမှပင် ပါဝင်ဖြေဆိုသူများသည် ၎င်း တို့အတွက် အနီးစပ်ဆုံး ကိုယ်စားပြုသူများကို အကျိုးအကြောင်းပြ ဖြေဆိုခဲ့ကြသည်။

## ကိုယ်စားပြုခွင့် ရှိကြသူများ

ပြည်သူများပေးအပ်ထားသည့် ကိုယ်စားပြုခွင့်ရှိကြသူများကို လေ့လာကြည့်ခြင်း

**၁ NUG**

**အမျိုးသားညီညွတ်ရေး အစိုးရ**

လက်တွေ့ အုပ်ချုပ်မှုများ ရှိခြင်းနှင့် ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်ဖြင့် တက်လာသောကြောင့် ကိုယ်စားပြုသည်ဟု ထင်မြင်ကြသည်။

**၂ None**

**ကိုယ်စားပြုသူ မရှိ**

များပြားလှသည့် အဖွဲ့ အစည်းများအကြား တာဝန်ယူမှု၊ တာဝန်ခံမှု လောက်လောက်လားလား မရှိကြ၍ ကိုယ်စားပြုခွင့် မရှိဟု ထင်မြင်ကြသည်။

**၃ EROs**

**လူမျိုးစု တော်လှန်ရေး အဖွဲ့အစည်းများ**

သက်ဆိုင်ရာ ဒေသများ အလိုက် အုပ်ချုပ်ရေး ယန္တရားများ တည်ထောင်၍ ပြည်သူ့ ဝန်ဆောင်မှု ပေးနိုင်သော ကြောင့် ဒေသအလိုက် ကိုယ်စားပြုမှုရှိသည်ဟု ထင်မြင်ကြသည်

**၄ DASSK**

**ဒေါ်အောင်ဆန်းစုကြည်**

လူထုခေါင်းဆောင်အနေ ဖြင့် ကိုယ်ကျိုးစွန့်လွှတ် ဦးဆောင်ခြင်း၊ ၎င်း အုပ်ချုပ်နေစဉ်အတွင်း လူမှုစီးပွားတိုးတက်အော င် လုပ်နိုင်ခဲ့ခြင်း ကြောင့် ကိုယ်စားပြုမှုရှိ သည်ဟု ထင်မြင်ကြ သည်။

**၅ De Facto & De Jure**

**လက်တွေ့ထိန်းချုပ်မှုအရ နှင့် ရွေးကောက်မှုအရ**

De Jureနှင့် De Facto Legitimacy နှစ်ခုလုံးဖြင့် တော်လှန်ရေး အင်အားစု အားလုံး သည် တရားဝင်မှု နှင့် ကိုယ်စားပြုမှု ကိုယ်စီရှိသည်။ ယခု အမျိုးအစားအောက်တွင် စစ်အုပ်စုသည်လည်း လက်တွေ့ထိန်းချုပ်မှု ကြောင့် ပါဝင်နေသည်ဟု ဖော်ပြကြသည်။

## ၂။ (က) ကိုယ်စားပြုမှုနှင့် အမျိုးသားညီညွတ်ရေး အစိုးရ (NUG)

ဖြေဆိုသူများထဲမှ အများဆုံးဖြစ်သည့် ၂၆ ရာခိုင်နှုန်းသည် ၎င်းတို့ကို ကိုယ်စားပြုသူအဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ရည်ညွှန်းခဲ့ကြသည်။ ပြည်သူလူထု ထောက်ခံမှုနှင့် ယုံကြည်မှု ရရှိထားခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေးနှင့် လုံခြုံမှုစသော ပြည်သူ့ဝန်ဆောင်မှုကို လုပ်ဆောင်ပေးခြင်း၊ ပြည်သူနှင့်အတူရပ်တည်လျက် စစ်အုပ်စုကို ဆန့်ကျင် တော်လှန်နေခြင်းကြောင့် ကိုယ်စားပြုမှုရှိသည်ဟု ဖြေဆိုခဲ့ကြသည်။ အချို့က NUG သည် ၂၀၂၀ ရွေးကောက်ပွဲရလဒ်ဖြင့် စုဖွဲ့ထားသောကြောင့်ဟု ကိုယ်စားပြုမှုရှိသည်ဟုလည်း မြင်ကြသည်။ အခြား တဖက်တွင်လည်း ၎င်းတို့သည် အမျိုးသားညီညွတ်ရေးအစိုးရအား ၎င်းတို့ကိုအလုံးစုံ ကိုယ်စားပြုခွင့် ပေးနိုင်ရန် အပြောင်းအလဲများ ပြုလုပ်ကြစေချင်ကြောင်း တွေ့ရှိရသည်။

နွေဦးတော်လှန်ရေးအစတွင် အမျိုးသားညီညွတ်ရေး အစိုးရ ပေါ်ထွက်လာခြင်းကြောင့် စိတ်ခွန်အားရော၊ ပူးပေါင်းပါဝင်မှုများ မြင့်တက်ခဲ့ကြသည့် မြန်မာရွှေ့ပြောင်းပြည်သူများတွင် တော်လှန်ရေး ၅ နှစ်ကာလတွင် အမျိုးသားညီညွတ်ရေးအစိုးရ၏ စွမ်းဆောင်ရည်နှင့်ပတ်သက်၍ အားမလိုအားမရဖြစ်မှုများ၊ ၎င်းတို့လိုအပ်မျှော်လင့်ထားသကဲ့သို့ မလုပ်ဆောင်နိုင်ခြင်းများကြောင့် လက်ရှိတွင် ကိုယ်စားပြုမှု အပြည့်အဝပေးခြင်း၊ ၎င်းတို့လိုချင်သည့် ဖယ်ဒရယ်ပြည်ထောင်စုအစိုးရအဖြစ် ရည်ညွှန်းရန် ခက်ခဲကြောင်း ဖြေဆိုကြသည်။ တဆက်တည်းပင် ၎င်းတို့သည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို အခြားသော တော်လှန်ရေးအင်အားစုများနှင့် စုပေါင်း အုပ်ချုပ်သည့် အစိုးရပုံစံသို့ အပြောင်းအလဲပြုရန် မျှော်လင့်ကြောင်းပါ ပြောဆိုကြသည်။ မည်သို့ပင်ဆိုစေ နိုင်ငံ့စနစ်အပြောင်းအလဲနှင့် ယခုနွေဦးတော်လှန်ရေးအတွက် NUG ကို လိုအပ်သေးကြောင်း လူအများစုက ယုံကြည်နေကြသည်ကို လေ့လာတွေ့ရှိရသည်။

"နိုင်ငံတနိုင်ငံမှာ အဖွဲ့အစည်းတခုတော့ ရှိကိုရှိသင့်တယ်လို့ခံယူတယ် အဲလိုမျိုးတွေးတယ်၊ အဲဒါမှလဲ နိုင်ငံပြန်လည်တည်ထောင်တဲ့အခါမှာ ပြန်တည် ထောင်လို့ရတာပေါ့နော်၊ အဲလိုမျိုးအခါကျတော့ NUG ကို အများကြီးစိတ်ကျေနပ်မှု မရှိပေမယ့်လည်း NUG ကိုပဲ ရွေးချင်တယ်။ ဘာလို့လဲဆိုတော့ လက်နက်ကိုင်အဖွဲ့အစည်းတွေ အရမ်းများလွန်းအား ကြီးတယ်။"

၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် လုံခြုံရေးဆိုင်ရာ စိုးရိမ်ချက်များကြောင့် ရောဝတီမှ ချင်းမိုင်သို့ ရွှေ့ပြောင်းလာသည့် သတင်းထောက် လူငယ်အမျိုးသမီးတဦး၏ ဖြေဆိုမှု

"တရားဝင်အစိုးရကတော့ ကျွန်တော်တို့အရင်မဲပေးပြီးနိုင်ထားတဲ့ NLD ပဲလေ။ ကျွန်တော်တို့ တော်လှန်ရေးဘက်မှာ သူ့ရဲ့ NUG ကပဲ ဦးဆောင်တဲ့အဖွဲ့လို ဖြစ်နေတယ်လေ၊ အဲ့တော့ NUG ကိုပဲ ကျွန်တော်တို့က တရားဝင်အစိုးရလို့ သတ်မှတ်တာပေါ့။"

၂၀၁၅ ခုနှစ်ကတည်းက တနင်္သာရီမှ ဘန်ကောက်သို့ အလုပ်လုပ်ကိုင်ရန် ရွှေ့ပြောင်းလာသည့် အထွေထွေလုပ်သား လူငယ်အမျိုးသားတဦး၏ဖြေဆိုမှု

"ဒီစကစအနေနဲ့ကကျတော့ ဒါက ပြည်သူလူထုရဲ့ဆန္ဒကို ဆန့်ကျင်ပြီးတော့မှ ပြည်သူလူထုကို ဖိနှိပ်ထားတယ်၊ ပြည်သူလူထုကို နေ့စဉ်နဲ့အမျှ သတ်ဖြတ်အနိုင်ကျင့်နေတဲ့ အဖွဲ့အစည်းတခုဖြစ်တယ်၊ အဲ့ဒါကိုမှ ဆန့်ကျင်ပြီးတော့ ပေါ်ပေါက်လာတဲ့အဖွဲ့က NUG ဖြစ်တယ်ပေါ့နော်၊ ဒါကြောင့်မို့လို့ တော်လှန်ရေးကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်း ဖြစ်တဲ့အတွက်ကြောင့် NUG ကို ကျွန်တော်ရဲ့ ကိုယ်စားပြုတဲ့အဖွဲ့အစည်း အနေနဲ့ပဲ သတ်မှတ်ပါတယ်ဗျ"

၂၀၂၄ ဒီဇင်ဘာ၌ ရွှေ့ပြောင်းလာသည့် ဘန်ကောက်မြို့တွင် ပညာသင်ကြားနေသည့် လူငယ်အမျိုးသားတဦး

## ၂။ (ခ) ကိုယ်စားပြုမှုနှင့် ရွေးချယ်စရာမရှိကြခြင်း

လက်ရှိကာလတွင် အဖွဲ့အစည်းများပြားခြင်း၊ ရှိနေသည့်အဖွဲ့အစည်းများ၏ ဦးဆောင်မှု၊ လုပ်ဆောင်ချက်များအပေါ် အားရမှုမရှိခြင်းနှင့် တာဝန်ယူ၊ တာဝန်ခံမှုများအပေါ် အခြေခံကာ ပြည်သူလူထု၏ ကိုယ်စားပြုမှု အနီးစပ်ဆုံးအဖွဲ့အစည်းမရှိဟု ၂၅ ရာခိုင်နှုန်းသော ပါဝင်ဖြေဆိုသူများက ရှုမြင်သုံးသပ်ကြသည်။ ယခုအုပ်စုသည် အမျိုးသားညီညွတ်ရေးအစိုးရနှင့် တော်လှန်ရေးအင်အားစုများကို ၎င်းတို့ကို ကိုယ်စားပြုသူများအဖြစ် အပြည့်အဝယုံကြည်ခဲ့ သော်လည်း ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲ အကျပ်အတည်းများကို အစိုးရတရပ်အနေဖြင့် မဖြေရှင်းပေးနိုင်ခြင်း၊ နိုင်ငံသားတယောက် ရသင့်သည့်ရပိုင်ခွင့်များကိုမရဘဲ ကျပ်တည်းနေခြင်းများ၊ တိုင်းပြည်၏ အစိုးရစနစ်အပြောင်းအလဲအတွက် ၎င်းတို့မျှော်လင့်သည့် အခြေအနေများ မရရှိလာခြင်းနှင့် တော်လှန်ရေး၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများအပေါ် မူတည်၍ ကိုယ်စားပြုသူမရှိဟု ဆိုခြင်းကို တွေ့ရသည်။ ယခုအုပ်စုသည်လည်း NUG ကို ထောက်ခံသည့် အုပ်စုကဲ့သို့ပင် ပြည်သူလူထုကို ဦးဆောင်နိုင်သော အဖွဲ့အစည်းတရပ် (သို့) စုပေါင်းအုပ်ချုပ်သည့် အစိုးရတခုအမြန်ဆုံး ပေါ်လာစေချင်ကြောင်းကို တွေ့ရှိရသည်။

**ကိုယ်စားပြုခွင့် မရှိခြင်း အကြောင်း အရင်းများ**

၁ ကြုံတွေ့နေရသည့် အခက်အခဲ အကျပ်အတည်းများကို အစိုးရတရပ်အနေဖြင့် မဖြေရှင်းပေးနိုင်ခြင်း၊

၂ နိုင်ငံသားတယောက် ရသင့်သည့် ရပိုင်ခွင့်များကိုမရဘဲ ကျပ်တည်းနေခြင်းများ

၃ တိုင်းပြည်၏ အစိုးရစနစ်အပြောင်း အလဲအတွက် ၎င်းတို့မျှော်လင့်သည့် အခြေအနေများ မရရှိလာခြင်း

၄ တော်လှန်ရေး၏ ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုများကို အားမရခြင်း

၅ စုပေါင်းခေါင်းဆောင်မှုပုံစံဖြင့် ပြောင်းလဲဖွဲ့စည်းစေလိုခြင်း

"အခုချိန်မှာ ပြောရဖို့တော့ နည်းနည်းခက်တယ်။ အဖွဲ့တွေ ကများတယ်လေ။ လူမျိုးစုလက်နက်ကိုင်တွေရော အကုန်လုံးပေါင်းပြီး ညွန့်ပေါင်းတခု ဖြစ်လာလျှင်တော့ ကျတော် သူတို့ကို ယုံကြည်တယ်ပေါ့။"

၂၀၂၄ ခုနှစ် မတ်လတွင် စစ်မှုထမ်းဥပဒေကြောင့် ရွှေ့ပြောင်းလာသည့် ပတ္တရားမြို့ရှိ အထွေထွေ လုပ်သား လူငယ်အမျိုးသားတဦး

"အစပိုင်းတော့ NUG ကိုဝိုင်းစပို့ပေးကြတယ်။ collective leadership လုပ်ဖို့။ သို့သော် တဖြေးဖြေးနဲ့ NUG က အလုပ်မဖြစ်လာဘူး။ NUCC လည်းအလုပ်မဖြစ်ဘူး။ မလိုအပ်တဲ့ ဝန်ကြီးဌာနတွေနဲ့ ဖေါင်းပွနေတာတွေ၊ တလွဲအာဏာအသုံးချနေတာတွေ၊ တလွဲတွေ လုပ်နေတာတွေ၊ သူတို့လွတ်မြောက်တဲ့ နေရာ ရောက်နေပြီဆိုပြီး ကျန်တဲ့မြေပြင်မှာ အားသွန်ခွန်စိုက်မလုပ်နေတာတွေ၊ စစ်ရေးဆိုလည်း အခုချိန်ထိ Alliance Policy ကိုသေချာမတည်ဆောက်နိုင်တာတွေ၊ ဘာမှကိုမထူးဘူး၊ NUG ပြောတာနဲ့ လူပုဂ္ဂိုလ်ကိုပဲ သွားပြောနေရတယ်။ ဒေါက်တာဇော်ဝေစိုးတို့၊ ဦးရည်မွန်တို့ သူတို့ကအဓိက Leader ဖြစ်နေတာကို တဦးချင်းစီကြည့်ရင် အားရစရာ မကောင်းဘူး။ ဘယ်လိုရလဒ်ကောင်းမှလည်း မထွက်လာဘူး။ အချိန်ကုန်သွားတယ်။ ၄-၅ နှစ်ဖြစ်လာတယ်။ ဘာမှမထူးခြားဘူး။"

၂၀၀၂ ခုနှစ်ကတည်းက တနင်္သာရီမှ ရန်ကုန်သို့ ရွှေ့ပြောင်းလာသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းတွင် လုပ်ကိုင်နေသူ သက်လတ်ပိုင်း အမျိုးသားတဦး

"NUG ကိုပံ့ပိုးတယ်။ အခုမယုံတော့ဘူး။ အားလုံးက အတ္တတွေ မစွန့်လွှတ်ဘူး။ အတ္တနဲ့ဖွဲ့လိုက်တဲ့ အဖွဲ့တွေဖြစ်နေလို့ မယုံကြည်တော့ဘူး၊ မြေပြင်က တကယ်တိုက်နေတဲ့သူ တကယ်ထောက်ကူပို့ လိုက်နေတဲ့သူတွေကိုပဲ ယုံကြည်မှုရှိတယ်။ အားကိုးတယ်။ အဖွဲ့သေးသေးလေးဖြစ်ပါစေ။ တကယ်ပဲ တစိုက်မတ်မတ်သွားနေတဲ့ အသင်းအဖွဲ့ပဲ ကျွန်မတို့လိုချင်တယ်။ ဦးတည်ချက်လွဲနေကြတယ် အဖွဲ့တွေက။"

ရန်ကုန်တွင် ၂၀၀၀ ခုနှစ်တည်းက နေထိုင်နေသူ အမျိုးသမီးကြီး တဦး

## ၂။ (ဂ) ကိုယ်စားပြုမှုနှင့် လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများ (EROs)

ပါဝင်ဖြေဆိုသူများ၏ ၁၂ ရာခိုင်နှုန်းသည် လူမျိုးစုတော်လှန်ရေး အဖွဲ့အစည်းများက ပြည်သူကို ကိုယ်စားပြုခွင့်ရှိသည်ဟု ထင်မြင်ကြသည်။ ၎င်းတို့က လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်း များသည် ပြည်သူလူထုကို အထောက်အပံ့၊ အကာအကွယ်နှင့် လုံခြုံမှုပေးနိုင်ခြင်း၊ ပညာရေး၊ ကျန်းမာရေး စသော ပြည်သူ့ဝန်ဆောင်မှုပေးနိုင်သည့် အုပ်ချုပ်ရေးယန္တရားများကို သက်ဆိုင်ရာ ဒေသများအလိုက် ထူထောင်ထားနိုင်ခြင်းကြောင့် ကိုယ်စားပြုမှုရှိသည်ဟု ရှုမြင်ကြသည်။ EROs များက ကိုယ်စားပြုခွင့် ရှိသည်ဟု ဖြေဆိုကြသူများတွင် လူမျိုးစုအစုံပါဝင်ပြီး ဒေသအစုံမှလူများ က ထိုကဲ့သို့လက်ခံကြခြင်း ဖြစ်သည်ကို တွေ့ရှိရသည်။ ၎င်းတို့အားလုံးသည် EROs များအနေဖြင့် လက်ရှိတွင် ဒေသဆိုင်ရာ ကိုယ်စားပြုမှုအားကောင်းမှုကို အသိအမှတ်ပြုကြသည်။ သို့သော် ပြည်ထောင်စုအစိုးရအဖြစ် ရှုမြင်ကြခြင်းမျိုးမဟုတ်ဘဲ ဒေသန္တရအစိုးရများ၊ သက်ဆိုင်ရာ လူမျိုးစုကိုယ်စားပြုသူများအဖြစ် ကိုယ်စားပြုမှုရှိကြောင်း အမြင်သဘောထားရှိကြသည်။ သို့သော် EROs များကို ဖယ်ဒရယ်အစိုးရ၊ ပြည်ထောင်စုအစိုးရ ဖွဲ့စည်းရေးအတွက် ပူးပေါင်းပါဝင်စေချင်ကြောင်းနှင့် စုပေါင်းလုပ်ကိုင်စေချင်ကြောင်း ဆွေးနွေးကြသည်။(မယ်ဟောင်ဆောင်၊ ရနောင်း) ထိုအမြင်များကို တဦးချင်းဖြေဆိုသူများရောနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများ တွင်ပါ တွေ့မြင်ရသည်။

“ပြည်သူတွေ တခုခုလိုအပ်တာရှိရင် သူတို့ကို တိုင်ကြားလို့ရတယ် ပြီးရင်သူတို့ကို အကြောင်းကြားရင် သူတို့က အကူညီတွေ အကာကွယ်တွေ ပေးနိုင်တယ် အဲ့ဒါကြောင့်မလို့ပေါ့နော်။”

ပညာဆက်လက်သင်ယူရန် မယ်ဟောင်ဆောင်သို့ ၂၀၂၃ ၌ ရွှေ့ပြောင်းလာသည့် လူငယ်ကျောင်းသူတဦး



၂၀၂၃ ခုနှစ် မေလတွင် မယ်ဟောင်ဆောင်သို့ ရွှေ့ပြောင်းနေထိုင်သည့် သက်လတ်ပိုင်း စစ်ရှောင် အမျိုးသမီးတဦး

ဒီ IEC ကို ဘာလို့ယုံကြည်လဲဆိုတော့ အခုလက်ရှိ အခြေအနေမှာလည်း ကျွန်မတို့ ပြည်သူလူထုတွေ အတွက်ပေါ့နော် သူတို့ဘယ်လောက်ပဲအခက်အခဲ ရှိပါစေ ကျွန်မတို့ ပြည်သူလူထုအတွက် သူတို့ ဘယ်လို မျိုးလဲ အစွမ်းအစရှိသလောက် ကျွန်မတို့ပြည်သူလူထု ကို လုံခြုံမှုလည်းပိုပေးနိုင်တယ်။ ကာကွယ်မှုပိုင်းမှာ လည်း ကျွန်မတို့ပြည်သူလူထုအတွက် တရားမျှတမှု ဘက်မှာ ပိုရပ်တည်နိုင်တဲ့ အစိုးရတရပ်လို့ ကျွန်မတ ယောက်အနေနဲ့ အဲ့လိုမျိုးမြင်တယ်ပေါ့။

အီးအေအို တခုချင်းစီတိုင်း တဖွဲ့ချင်းစီတိုင်းကို အစ်မကြိုက်ပါတယ်။ ဒါပေမယ့် သူတို့ကို ကြိုက်ပေ မယ့် သွားနေတဲ့ပုံစံသည် ကိုယ့်လူမျိုးအတွက်ပဲ အခြေခံထားတယ်လေနော် ဆိုတော့ ကိုယ့်လူမျိုး အတွက်ပဲ ကိုယ်အခြေခံထားတယ်ဆိုတဲ့အချက်က အဲပြည်နယ်အတွက် အဆင်ပြေပေမယ့် တနိုင်ငံ လုံးအတွက်တော့ ဒီဟာက အဆင်ပြေချင်မှ ပြေ မှာပေါ့နော် အဲလိုမျိုး ထင်တယ်။

၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် လုံခြုံရေးဆိုင်ရာ စိုးရိမ်ချက်များကြောင့် ရောဝတီမှ ချင်းမိုင်သို့ ရွှေ့ပြောင်းလာသည့် သတင်းထောက် လူငယ်အမျိုးသမီးတဦး၏ ဖြေဆိုမှု

## ၂။ (ဃ) ကိုယ်စားပြုမှုနှင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်

ကိုယ်စားပြုသူဟု မေးမြန်းရာတွင် အဖွဲ့အစည်းများ၊ အင်အားစုများ၊ နိုင်ငံရေးပါတီများကိုသာ အဓိက ဆိုလိုရည်ညွှန်းဖော်ပြလေ့ ရှိကြသော်လည်း မြန်မာပြည်သူအများစုသည် ၎င်းတို့ လူထုခေါင်းဆောင်ဟု သတ်မှတ်ထားသည့် ဒေါ်အောင်ဆန်းစုကြည်ကို ထည့်သွင်းပြောဆိုလေ့ ရှိကြပါသည်။ ယခုသုတေသနတွင်လည်း လူမျိုး၊ ရွှေ့ပြောင်းလာသည့်ဒေသနှင့် နောက်ခံအစုံရှိသော ဖြေဆိုသူ ၉ ရာခိုင်နှုန်းသည် ၎င်းတို့ကို ကိုယ်စားပြုသူမှာ ဒေါ်အောင်ဆန်းစုကြည်ဖြစ်သည်ဟု ပြောခဲ့ကြပါသည်။ လက်ရှိတွင် ဒေါ်အောင်ဆန်းစုကြည်မှာ စစ်အုပ်စု၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံထားရပြီး မည်သည့်နေရာတွင် ထိန်းသိမ်းခံထားရသည်ကို မသိရသည်မှာ ၅ နှစ်နီးပါးရှိလာပြီလည်း ဖြစ်ပါသည်။[၂၂] ၎င်းတို့က ဒေါ်အောင်ဆန်းစုကြည်သည် ကိုယ်ကျိုးစွန့်လွှတ်ကာ အများအတွက် လုပ်ဆောင်ခြင်း၊ ၎င်းအုပ်ချုပ်နေစဉ်ကာလအတွင်း လူမှုစီးပွါးအခြေအနေများ တိုးတက်ကောင်းမွန်ခဲ့ခြင်းကြောင့် ကိုယ်စားပြုမှု အနီးစပ်ဆုံးရှိသူအဖြစ် ရှုမြင်သုံးသပ်ကြသည်။ ထို့အပြင် လက်ရှိ အခြေအနေကို ကိုင်တွယ်ကျော်လွှားနိုင်မည့်သူအဖြစ်ပါ မျှော်လင့်နေမှုများကိုလည်း တွေ့ရှိရသည်။



နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားရေးပြည်ထောင်စုဝန်ကြီးအနေဖြင့် ထိုင်းနိုင်ငံသို့ လည်ပတ်ခဲ့သည့် ၂၀၁၆ တွင် ထိုင်းရောက်မြန်မာ ရွှေ့ပြောင်းအလုပ်သမားအပြားအများ တွေ့ဆုံကြိုဆိုနေကြပုံ - ပုံ Reuters: Sukree Sukplang

> ဒေါ်စုကိုပဲ အားကိုးလာ၊ မျှော်လင့်လာတာပဲ ကျန်တဲ့လူအဖွဲ့တွေ မရှိပါဘူး။ မြန်မာပြည်ကို ချစ်လို့ပြောင်းလဲပေးစေချင်လို့ အနစ်နာခံပြီးမှ ကိုယ်နိုင်ငံမှာလာနေတာလေ။ သူမိသားစုကို စွန့်ပစ်ပြီးမှလာနေတာဆိုတာ ကျွန်တော်တို့ကိုချစ်လို့၊ မချစ်ရင်လာစရာမရှိဘူး။ အဲ့ဒါကြောင့်မလို့ ယုံကြည်မှုက သူ့ဆီမှာပဲရှိတယ်.တခြားသူဆီမှာမရှိပါဘူး။

၂၀၂၂ ခုနှစ်တွင် ဧရာဝတီမှ ပတ္တရားသို့ ရွှေ့ပြောင်းလာခဲ့သည့် အထွေထွေလုပ်သား လူငယ်အမျိုးသားတဦး

> ငယ်ငယ်တည်းက စစ်အုပ်ချုပ်ရေးလေ။ အမေစုအုပ်ချုပ်ပြီးနောက်ပိုင်း ရွာမှာလမ်းတွေ ကောင်းလာတယ် စီးပွါးရေးကောင်းလာတယ်။ နေရေးထိုင်ရေးလည်းကောင်းလာတယ်။ အဲ့ဒါကြောင့် အမေစုကိုကြိုက်တယ်။

၂၀၂၃ ခုနှစ်တွင် နေပြည်တော်မှ မယ်ဆိုင်သို့ ရွှေ့ပြောင်းလာခဲ့သည့် အထွေထွေ လုပ်သား လူငယ် အမျိုးသားတဦး

> “လွတ်လွတ်လပ်လပ် နေရတယ်။ တန်းတူအခွင့်အရေးရှိတယ်။ တိုင်းတပါးမှာ ထွက်လုပ်စရာမလိုဘူး။ ပြည်တွင်းမှာတင် လုပ်ကိုင်စားသောက်လို့ရတယ်။”

၂၀၂၂ ခုနှစ်တွင် ပဲခူးမှ ချွန်ဘူရီသို့ ရွှေ့ပြောင်းလာသည့် အထွေထွေ လုပ်သား လူငယ် အမျိုးသားတဦး

## ၂။ (c) ကိုယ်စားပြုမှုနှင့် De facto၊ De Jure

ကိုယ်စားပြုမှုနှင့် ပတ်သက်သည့် မေးခွန်းကို ဖြေဆိုကြရာတွင် ရွှေ့ပြောင်းပြည်သူများသည် ၎င်းတို့ကို လက်တွေ့အုပ်ချုပ်နိုင်မှုနှင့် ၎င်းတို့က ရွေးချယ်တင်မြှောက်ပေးလိုက်မှု နှစ်ခုလုံးကို ထည့်သွင်းစဉ်းစား ဖော်ပြကြသည်ကိုလည်း တွေ့ရှိရသည်။ ၎င်းတို့ပါဝင်ခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲက ပေးအပ်လိုက်သည့် အခွင့်အာဏာဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများကို လက်ရှိတွင် ကိုယ်စားပြုခွင့်ရှိသည်ဟု မြင်သူများလည်း ရှိပါသည်။ ၄ ရာခိုင်နှုန်းသော အင်အားစုသည် ပြည်ထောင်စုကိုယ်စားပြု လွှတ်တော်ကော်မတီ (CRPH) ကို ကိုယ်စားပြုခွင့်ရှိသူအဖြစ် ဖော်ပြသည်။ ထို့အပြင် ရာခိုင်နှုန်းတူသော အခြားလူအုပ်စုသည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) သည် ပြည်သူနှင့်အတူ ရပ်တည်ပြီး တော်လှန်ရေးလုပ်ဆောင်သည့် အဖွဲ့အစည်းဖြစ်သောကြောင့် ပြည်သူလူထုကိုယ်စားပြုမှု နီးစပ်သည့်အဖွဲ့ဖြစ်သည်ဟု ရှုမြင်ကြသည်။ ၎င်းတို့ကို ကိုယ်စားပြုခွင့် ပေးနိုင်သည်ဟု ဆိုကြသည်။




ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ
ပုံ - CRPH



အမျိုးသားညီညွတ်ရေးအစိုးရ၊ ယာယီသမ္မတ ဒူဝါလရှီးလ ပြည်သူ့ကာကွယ်ရေး တပ်မတော် တပ်တခုကို လှည့်လည်စစ်ဆေးကြည့်ရှုနေစဥ်
(ပုံ - ယာယီသမ္မတ ဖေ့စဘုတ်စာမျက်နှာ)

De Jure နှင့် De Facto Legitimacy နှစ်ခုလုံးကို ပေါင်းစပ်ရှုမြင်၍ တော်လှန်ရေး အင်အားစုအားလုံး NUCC, CRPH, NUG, EROs များသည် တရားဝင်မှုနှင့် ကိုယ်စားပြုမှု ကိုယ်စီရှိသည်ဟု ၁၀ ရာခိုင်နှုန်းခန့်သောသူများက သဘောထားပေးကြသည်။ ယခု ဆွေးနွေးမှုများ အရ ပြည်သူများကို ကိုယ်စားပြုမှုသည် အလွှာလိုက်၊ အင်အားစုအလိုက်တွင် တည်ရှိနေသည်ကို တွေ့မြင်ရပြီး ၎င်းတို့သည် တစုံလုံးဆိုင်ရာ ကိုယ်စားပြုခွင့်အခြေအနေသို့ ပြောင်းလဲရန် (သို့) ခိုင်မာအားကောင်းသည့် စနစ်တခုဖြင့် ပုံဖော်လည်ပတ်ရန် လိုအပ်နေသည်ကို ထပ်မံထောက်ပြနေပါသည်။

> ဒီ ၂၀၂၀ ရွေးကောက်ပွဲကနေပေါ့နော် နိုင်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေပါတဲ့ CRPH ကနေ ပေါက်ဖွားလာတဲ့ ဒီ NUG အစိုးရရှိမယ်။ NUCC ရှိမယ်ပေါ့နော်။ ပြီးတော့ လက်ရှိ ကျွန်တော်တို့ ဒီနယ်မြေတော်တော်များကိုလည်း ထိန်းချုပ်ပြီးတော့မှ စိုးမိုးထားတဲ့ ပြောမယ်ဆိုရင်တော့ Performance legitimacy အရပေါ့နော် အုပ်ချုပ်ထိန်းချုပ်နေတဲ့ ကျွန်တော်တို့ လူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းတွေရှိမယ်ပေါ့နော်။ ဆိုတော့ ဒီလူတွေက အခုလောလောဆယ်မှာတော့ ကိုယ်စားပြုမှုကို ရနိုင်တဲ့အဖွဲ့လို့ ကျွန်တော် ယုံကြည်တယ်။ ဘာလို့လဲဆိုတော့ စောနက ကျွန်တော်ပြောသွားတဲ့အထဲမှာလည်း ပါတယ်ပေါ့နော်။ သူက ဒီ ကိုယ်စားပြုမှုကို ပြောတဲ့အခါမှာ သူက ဘယ်မှာကိုယ်စားပြုတာလဲပေါ့နော် ဥပမာ နေရာကို ပြောတာပေါ့ နေရာကို ကိုယ်စားပြုတာလား လူမျိုးစုကို ကိုယ်စားပြုတာလားပေါ့။ ကျွန်တော်ပြောတဲ့ ဥစ္စာက ၂ ခုစလုံးပါတယ်ပေါ့နော်။ ဥပမာ ကျွန်တော်တို့ ကချင်မှာဆိုရင် ကျွန်တော်တို့ KIO အစိုးရရှိတယ်။ KIO အစိုးရက ဒီလိုလူမျိုးကိုလည်း သူတို့ ကိုယ်စားပြုတယ်။ ကိုယ်စားပြုရတဲ့ အကြောင်းပြချက်ကလည်း လူမျိုးစု အတော်များများပေါ့နော် တော်တော်များများကိုက ဒီ KIO ကို အစိုးရအနေနဲ့ သတ်မှတ်ထားတာရှိသလို သူတို့ ကိုယ်တိုင်ကလည်း ဒီ ကချင်ဒေသရဲ့ စိုးမိုးထိန်းချုပ်ထားတဲ့ အဖွဲ့အစည်းတခုဖြစ်တယ်ပေါ့နော်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ကချင်ပြည်နယ်မှ ချင်းမိုင်သို့ ရွှေ့ပြောင်းလာသည့်
အရပ်ဖက်အဖွဲ့အစည်းတွင် အလုပ်လုပ်ကိုင်သူ သက်လတ်ပိုင်း အမျိုးသားတဦး

ကိုယ်စားပြုခွင့်ဟု မေးမြန်းရာတွင် ရွေးကောက်ပွဲများ၊ ပြည်သူ့တရားဝင်မှု ရှာဖွေရယူခြင်းများနှင့် တိုက်ရိုက်သက်ဆိုင်သည့် နိုင်ငံရေးပါတီများအင်အားစုသည် အနည်းဆုံးဖော်ပြခံရသည့် အစုအဖွဲ့ အဖြစ် မြင်တွေ့ရသည်။ ပါဝင်ဖြေဆိုသူများထဲတွင် နိုင်ငံရေးပါတီအဖြစ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီကို ၄. ၅ ရာခိုင်နှုန်းသော သူများ ဖော်ပြဆွေးနွေးခဲ့ကြသည်။ NLD သည် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ခြင်း၊ လူမှုစီးပွားတိုးတက်ခဲ့ခြင်းနှင့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ခဲ့သည့် ပါတီဖြစ်သောကြောင့် ကိုယ်စားပြုမှုအနီးစပ်ဆုံးရှိသည့် အဖွဲ့အစည်းအဖြစ် ရှုမြင်ကြသည်။ ထိုလူအုပ်စုထဲတွင် ၂၀၂၅ ရွေးကောက်ပွဲတွင် မဲပါဝင်ပေးမည်ဟု ဖြေဆိုထားသည့် အထွေထွေလုပ်သား တဦးပါဝင်ပြီး ၎င်းသည် လက်ရှိအခြေအနေများကို အမြန်အဆုံးသတ် စေလိုသည်ဟု ဆွေးနွေးထားသူလည်း ဖြစ်သည်။

> ကွာခြားတယ်လေ။ အခုအစိုးရနဲ့ အမေစုအစိုးရက ကွာခြားတယ်လေ။ ပြည်သူတွေရဲ့ စားဝတ်နေရေး၊ လုပ်ငန်းကိုင်ငန်း၊ နေမှုထိုင်မှု။ အခုသည်မင်းအုပ်ချုပ်တာနဲ့ ပြည်သူတွေကော ကလေးတွေကော အားကြီးပဲသေခဲ့ရတာလေ။ သူ့ကြောင့် သည်လိုမျိုးအာဏာကြောင့် သေခဲ့ရတာလေ။ အမေစုအုပ်ချုပ်နေချိန် ပြည်သူတွေသည် လိုမျိုးဖြစ်တာ တခွန်းမှမကြားခဲ့ဖူး ဘူး။ တွေ့လည်းမတွေ့ခဲ့ဖူးဘူး။ အဲ့ဒီအတွက်ကို အမေစုကိုတရားမျှတတယ် အလိုကြိုက်တာ။

၂၀၂၅ ဖေဖော်ဝါရီလတွင် ရန်ကုန်မှ မယ်ဆိုင်သို့ ရွှေ့ပြောင်း လာသည့် ဈေးသည် သက်လတ်ပိုင်း အမျိုးသမီးတဦး

> NLD ကို ဘာလို့ထင်တာလဲဆိုတော့ ကျွန်တော်တို့က ဟိုNLD အစိုးရ၊ အုပ်ချုပ်ခဲ့စဉ်ကပေါ့နော် သူတို့ အုပ်ချုပ်ခဲ့စဉ်က ပုံစံ၊ ဒီမိုကရေစီပါတီစနစ်ကိုပေါ့နော်.ကျွန်တော်တို့ အဲ့ဒါကို ကြိုက်ကြတာပေါ့နော်၊ ကျွန်တော်တို့နိုင်ငံလည်း တိုးတက် ပြောင်းလဲမှုတွေ အများကြီး ဖြစ်တာပေါ့နော်၊ ကျွန်တော်တို့ ပြည်သူ၊ ပြည်သားတွေအားလုံးက ကြိုက်ကြတယ်ပေါ့နော်၊ ချစ်ခင်ကြတယ်၊ အဲ့စနစ်ကိုလည်း ကြိုက်ကြတယ်၊ ဒါတွေ အားလုံးကြောင့်လည်း ကျွန်တော်တို့ ဒီခေါင်းဆောင်တွေကို လည်း ကြည်ညိုတယ်ပေါ့နော်

စစ်ဘေးရှောင်ရန်နှင့် ပညာဆက်လက်သင်ယူရန် မယ်ဟောင်ဆောင်သို့ ၂၀၂၅ ခုနှစ်တွင် ရွှေ့ပြောင်း လာသည့် လူငယ်ကျောင်းသူတဦး

ဖြေဆိုသူများထဲမှ ၁ ဦးက "ဦးကိုကိုကြီး၏ ပါတီ" သည် ကိုယ်စားပြုမှုရှိသည်ဟု ဖြေဆိုထားသည်။ ၎င်းဖြေဆိုသူသည် ရွေးကောက်ပွဲတွင် ပူးပေါင်း ပါဝင်မည် မဟုတ်သော်လည်း စစ်အုပ်ချုပ်၏ လက်တွေ့ထိန်းချုပ်မှု အာဏာကြောင့် ၂၀၂၅ ရွေးကောက်ပွဲသည် တရားဝင်မှုရှိသည်ဟု ဖြေဆို ထားသူ ဖြစ်သည်။ ယခုရွေးကောက်ပွဲသည်လည်း လွတ်လပ်၍ တရားမျှတမှု ရှိလိမ့်မည်လို့ မယုံကြည် ကြောင်းနှင့် နိုင်ငံအကျပ်အတည်းများကို ဖြေရှင်း နိုင်မည် မဟုတ်ကြောင်းလည်း ဖြေဆိုထားသည်ကို တွေ့ရှိရသည်။ သို့သော် ဦးကိုကိုကြီးပါတီသည် အာဏာသိမ်းကစမှ အခုထိပင် နိုင်ငံရေးနည်းဖြင့် ဆက်သွားနေသောကြောင့် ၎င်းကိုကိုယ်စားပြုခွင့်ရှိ ခြင်းဖြစ်သည်ဟု မြင်ကြောင်း ဆွေးနွေးခဲ့သည်။

> "နိုင်ငံရေးအရ ပြောရမယ်ဆိုရင်တော့ ဦးကိုကိုကြီးပါတီလို့ ထင်ပါတယ်။ အာဏာစသိမ်းကတည်းက သူတို့အဖွဲ့ ပါတီက အကြမ်းမဖက်တဲ့နည်းနဲ့ပဲ သွားနေတယ်။ လက်ရှိအချိန်မှာလည်း ပြည်သူလူထုက ဝေဖန်နေကြ တယ်ဆိုပေမယ့်လည်း သူတို့ရဲ့ လမ်းစဉ်အတိုင်း သူတို့ရဲ့ ခိုင်မာတဲ့ လမ်းစဉ်အတိုင်း သူတို့ဟာ သူတို့ဆက်သွား နေတော့ အနည်းဆုံးတော့ ဘယ်လိုပြောရမလဲ ဒီအနေ့ထဲက လူချော ဖြစ်နေတာပေါ့။ အဲလောက်ပဲ မြင်ပါတယ်။"

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် စစ်မှုထမ်းဥပဒေကြောင့် ရန်ကုန်မှ မဲဆောက်သို့ ရွှေ့ပြောင်းလာသည့် လက်ရှိအလုပ်အကိုင်မရှိသူ လူငယ် LGBTQIA+ တဦး

## ၂။ (င - ၁) ကိုယ်စားပြုခွင့်မပေးထားသည့် လက်တွေ့ထိန်းချုပ်မှုအာဏာ

ရွှေ့ပြောင်းပြည်သူများသာမက မြန်မာပြည်သူများသည် ၎င်းတို့ကို အုပ်ချုပ်မည့်သူများသည် ၎င်းတို့ရွေးချယ်ခန့်အပ်ထားသည့်သူများ ဖြစ်စေချင်ကြောင်းကို အာဏာသိမ်းခံရ ပြီးနောက် ၅ နှစ်တာကာလလုံးတွင် ပုံစံမျိုးစုံ၊ နည်းမျိုးစုံနှင့် ထုတ်ဖော်ပြောဆိုခဲ့ကြသည်များကို တွေ့ရှိရ ပါသည်။[၂၀] လက်တွေ့အရှိတရားတွင် မြန်မာပြည်သူများသာမက ရွှေ့ပြောင်းပြည်သူများ ပါ စစ် အုပ်စု၏ အုပ်ချုပ်ရေးယန္တရားဖြင့် လည်ပတ်နေသည့် ဝန်ဆောင်မှုများကို ရယူမှီတည် နေရသည်။ စစ်အုပ်စုသည် အစိုးရချင်းဆက်ဆံရေးကို ယနေ့တိုင် ထိတွေ့ဆက်ဆံနိုင်နေခြင်း၊ အစိုးရတရပ် အနေဖြင့် နိုင်ငံကူးလက်မှတ်နှင့် CI ကဲ့သို့ အရေးကြီးသည့် အထောက်အထားများကို ထုတ်ပေး ခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်လုပ်စေနိုင်သည့် အလုပ်သမား ဖြစ်ကြောင်း ထောက်ခံစာများ ထုတ်ပေးခြင်းနှင့် အခွန်စည်းကြပ်နိုင်ခြင်းများအပြင် ဥပဒေဖြင့် ပြည်သူလူထု ကို ဖိနှိပ်နေနိုင်ခြင်းများကြောင့် လက်မခံလိုသော်လည်း လက်တွေ့တွင်ကိုယ်စားပြုမှု ရှိသည်ဟု ထင်မြင်ကြောင်းကို ၆ ရာခိုင်နှုန်းခန့်သော ပါဝင်သူများက ပြောဆိုကြသည်။ ဤအခြေအနေတွင် ပြည်သူများအနေဖြင့် ၎င်းတို့၏ ဆန္ဒများဖြင့် ထုတ်ဖော်ခွင့်မရှိသည့်၊ ၎င်းတို့ မလိုချင်သော်လည်း လက်တွေ့အခြေအနေများအရ တွန်းလှန် (သို့) ဆန့်ကျင်ထုတ်ဖော်၍ မရသည့် အခြေအနေများ တွင် ပူးပေါင်းဆောင်ရွက်မှုများပြု၍ လက်ခံနေရသည်ကို ထင်ဟပ်ဖော်ပြနေသည်။ ယခု အခြေအနေကိုပင် စစ်အုပ်စုသည် ပြည်သူများကို အုပ်ချုပ်နိုင်နေသည် (သို့မဟုတ်) ပြည်တွင်းတွင် ယန္တရားများလည်ပတ်နိုင်နေသည် စသည်ဖြင့် ရည်ညွှန်းဖော်ပြလေ့ရှိသည်ကို တွေ့ရပါသည်။[၂၃]

> "မအလတို့အုပ်စုက ဘာပဲပြောပြော လက်ရှိမှာ တရားဝင်နေတယ်၊ လက်မခံလည်း ပတ်စပို့စ်ကအစ သူတို့ပဲ ထုတ်ပေးလို့ရနေတာဆိုတော့လေ။"

၂၀၂၂ ဖေဖော်ဝါရီတွင် လုံခြုံရေးစိုးရိမ်မှုဖြင့် တနင်္သာရီမှ ရနောင်းသို့ ရွှေ့ပြောင်းလာသည့် အထွေထွေလုပ်သား လူငယ် အမျိုးသားတဦး

> "တကယ်တမ်း အမှန်တရားက တစ်ချို့ပြည်သူတွေ ရဲ့ အခြေအနေမှာကျတော့ ကျွန်တော်တို့ ဘယ်လိုပဲပြောပြော မကြိုက်ဘူးပဲပြော ပြောပေါ့နော် အောက်ကျို့သည်းခံပြီး နေနေရတဲ့အခြေအနေမျိုးတွေရှိတာပေါ့လေ။ တချို့ပြည်သူတွေကျတော့ ပြည်တွင်းမှာ ရှိနေတဲ့ အခါကျတော့ လက်ရှိက တစ်ချို့ပြည်တွင်းနေရာမှာ စစ်တပ်က သူက အုပ်ချုပ်နေတဲ့အခါကျတော့ သူ့ရဲ့ ဥပဒေ ဘာတွေ ညာတွေ ရှိတဲ့ အခါကျတော့ ကျွန်တော်က အဲဥပဒေအတိုင်းဆက်သွားရတာပေါ့။ ကျွန်တော် တခြား ဥပမာပေးမယ်ဆိုရင် ကျနော့် အဖေ အမေပဲ ပြောမယ်။ ကျွန်တော်က ဒီဘက်မှာရှိတယ်။ ကျွန်တော် အဖေ အမေက အထဲမှာရှိတယ်။ ဒါပေမယ့် မကြိုက်ဘူးဗျာ။ မကြိုက်ဘူး ဘယ်လိုမှ မကြိုက်ဘူးဗျာ ဒါပေမယ့် မထွက်လာနိုင်တဲ့အခြေအနေ အထဲမှာရှိနေတဲ့ အခြေအနေမျိုးမှာကျတော့ ဒီဥပဒေကိုပဲ လေးစားလိုက်နာနေရတဲ့ အခြေအနေမျိုးရှိတယ်ပေါ့နော်။ မလိုက်နာဘူး ဘာညာပေါ်တင် သွားဖြဲရင်တော့ ဖမ်းခံထိမှာပေါ့။"

လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်ခံရမှုဖြင့် မွန်ပြည်နယ်မှ ဆန်ခလဘူရီသို့ ၂၀၂၂ ခုနှစ်တွင် ရွှေ့ပြောင်းလာသည့် သတင်းထောက် လူငယ် အမျိုးသားတဦး

ကိုယ်စားပြုသူဟု မေးခွန်းမေးမြန်းရာတွင် အများစုသည် အုပ်ချုပ်သူများ၊ ရွေးကောက်ခံမှုဖြင့် တက်လာသူများကို တန်းမြင်ပြီး ရည်ညွှန်းကြသည်ကို တွေ့ရှိရပါသည်။ ထူးခြားချက်အနေဖြင့် ရွှေ့ပြောင်းအလုပ်သမား ပြည်သူများထဲမှ အချို့သူများသည် ၎င်းတို့၏ ကိုယ်စားပြုမှုကို အလုပ်သမားအရေး ဆောင်ရွက်ပေးလျက်ရှိသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများတွင် ရှိသည်ဟု ဆွေးနွေးကြသည်ကို တွေ့ရသည်။ ယခု သုတေသနတွင် ဆွေးနွေးသူများအကြား ဖော်ပြခံရမှု အ မှေးမှိန်ဆုံးအင်အားစုမှာ နိုင်ငံရေးပါတီများ ဖြစ်ပါသည်။ ၂၀၂၅ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် မေးခွန်းများ မေးမြန်းသော်လည်း ဖြေဆိုသူများသည် လက်ရှိတွင် စစ်အုပ်စုကြေညာထားသည့် ရွေးကောက်ပွဲဥပဒေအောက် မှတ်ပုံတင်ထားသည့် ပါတီများကို ရည်ညွှန်းမှုမရှိသလောက်နည်းသည်ကို တွေ့ရသည်။ ထိုအခြေအနေသည် လက်တွေ့တွင် မြန်မာနိုင်ငံ၏ အခြေအနေသည် သမာရိုးကျ ရွေးကောက်ပွဲပုံစံတခုထက်ပိုသည့် လိုအပ်ချက်ရှိနေပြီး နိုင်ငံရေး၏ အခန်းကဏ္ဍပိုမို ကျယ်ပြန့်တိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းကိုပါ ထင်ဟပ်ပြနေပါသည်။

> "ကိုရဲမင်းပါ ။ စာအုပ်ကိစ္စက အစ ဘာဖြစ်ဖြစ်ကူညီပေးတာ သူပါ။ ကိုယ်စားပြုနိုင်တာ သူ့ကို မြင်ပါတယ်။ ကိစ္စတွေအားလုံးကို ဖြေရှင်းပေးနေတာဖြစ်ပါတယ်။"

မဟာချိုင်တွင် နေထိုင်သည့် အထွေထွေ အလုပ်သမားတဦး

## ၃။ မြန်မာ့အရေးအခြေအနေနှင့် နိုင်ငံတကာပါဝင်မှုအပေါ် ရွှေ့ပြောင်းပြည်သူများ၏ အမြင်

စစ်အုပ်စုကပြုလုပ်မည့် ၂၀၂၅ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ၎င်းတို့၏ သဘောထားအမြင်များကို ရှင်းလင်းစွာ ဖော်ပြထားသကဲ့သို့ စိုးရိမ်စိတ်နှင့် ဖြစ်စေချင်သည့် သဘောထားများကိုလည်း ဆွေးနွေးကြခဲ့ပြီး ဖြစ်ပါသည်။ ယခုအခန်းတွင် နိုင်ငံတကာ၏ မြန်မာ့အရေးနှင့် ပတ်သက်သည့် တုန့်ပြန်ဆောင်ရွက်မှုများအပေါ် ၎င်းတို့၏ အမြင်သဘောထားများ ကို မေးမြန်းထားပါသည်။ ရွှေ့ပြောင်း မြန်မာပြည်သူများသည် နိုင်ငံတကာအင်အားစုများကို နှစ်မျိုးခွဲမြင်သည်ကို တွေ့ရပြီး နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများအပေါ် သုံးသပ်ချက်များတွင် အမြင်သဘောထားများတူညီသည့် အုပ်စုများအဖြစ် ထွက်လာသည်ကို တွေ့ရပြီး အုပ်စုအားဖြင့် ၃ စုအဖြစ်တွေ့မြင်ရပါသည်။




အများဆုံးတွေ့ရပြီး အားအကောင်းဆုံး သဘောထားအမြင် အုပ်စု (၁) မှာ "မြန်မာ့အရေးနှင့် ပတ်သက်၍ တရုတ်၊ ရုရှား ဦးဆောင်ပါဝင်သော နိုင်ငံတချို့နှင့် အိမ်နီးချင်း နိုင်ငံများသည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကိုသာ ဦးတည်၍ စစ်အုပ်စုကို ထောက်ပံ့ကူညီကာ အတုအယောင် ရွေးကောက်ပွဲကို လက်ခံအားပေးနေကြသည်" ဟု သုံးသပ်ကြခြင်းဖြစ်သည်။ ထိုသို့ သုံးသပ်ပြောဆိုသည့် အုပ်စုမှာ ပါဝင်သူ ၆၈ ရာခိုင်နှုန်းကျော်အထိရှိပြီး ဒုတိယအများအဖြစ် ၃၅ ရာခိုင်နှုန်းကျော်သည် "အိမ်နီးချင်းနိုင်ငံများက မြန်မာပြည်သူလူထုအပေါ် လျစ်လျူရှုနေကြောင်း၊ အကျိုးစီးပွား မူဝါဒပေါ်တွင် ရပ်တည်နေကြောင်းနှင့် အိမ်နီးချင်းကောင်းများ မဟုတ်ကြောင်း" ၎င်းတို့ အမြင်များကို ဆွေးနွေးကြသည်။

တတိယ အများဆုံးသုံးသပ်ချက်အဖြစ် "UN, ASEAN နှင့် နိုင်ငံတကာသည် ထုတ်ပြန်ချက်များသာ ထုတ်ပြန်နေ၍ ထိရောက်သော ဖိအားပေးခြင်းနှင့် အရေးယူဆောင်ရွက်မှု (Action) မရှိ" ဟုမြင်ကြောင်း ၃၃ ရာခိုင်နှုန်းကျော်က ပြောဆိုထားသည်။ အလားတူ သုံးသပ်ချက်မျိုးဖြစ်သည့် "မြန်မာ့အရေးပဋိပက္ခ၏ ဇစ်မြစ်အကြောင်းအရင်းကို နိုင်ငံတကာက သေချာစွာနားလည်သိမြင်ခြင်း (သို့မဟုတ်) လက်ခံခြင်းမရှိဘဲ လျစ်လျူရှုကာ အပေါ်ယံတည်ငြိမ်ရေးကိုသာ ဦးစားပေး၍ ရွေးကောက်ပွဲကို အဖြေအဖြစ်မြင်လျက် ၎င်းအကျိုးဆက်ကို စောင့်မျှော်နေကြကြောင်း"၊ ထို့ကြောင့်ပင် "မြန်မာ့အရေးပဋိပက္ခသည် ကမ္ဘာ့အရေးအောက်တွင် မေးမှိန်နေကြောင်း နှင့် အလေးထား ဆောင်ရွက်မှုမရှိကြောင်း" ကို ၅၀ ရာခိုင်နှုန်းကျော်က ထောက်ပြဆွေးနွေးကြသည်။

ထိုအခြေအနေများကြောင့် နိုင်ငံတကာပေါ်တွင် မျှော်လင့်ချက်နည်းသဖြင့် တောင်းဆိုခြင်းများ မပြုတော့ဘဲ ကိုယ့်အားကိုယ်ကိုးရမည် ဖြစ်ကြောင်း နိုင်ငံတကာနှင့် ပတ်သက်၍ ၎င်းတို့ မျှော်လင့်ချက်ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြသည်။ တဖက်တွင်လည်း စစ်အုပ်စုနှင့် ၎င်းတို့ကျင်းပမည့် ရွေးကောက်ပွဲကို ကန့်ကွက်နေသည့် နိုင်ငံတကာ အင်အားစုများရှိနေသေးသည်ကို[၂၄] အသိအမှတ်ပြုပြောဆိုကြသည်။ မြန်မာ့အရေးတွင် အိမ်နီးချင်း နိုင်ငံများ၏ ရပ်တည်ချက်နှင့် စွမ်းဆောင်မှုများသည် အကျိုးသက်ရောက်မှု ကြီးမားသည်ကို အသိအမှတ်ပြုပြီး ယခုထက်ပို၍ အိမ်နီးချင်းနှင့် နိုင်ငံတကာအင်အားစုများက အသိအမှတ်ပြု အားစိုက်ထုတ် ဆောင်ရွက်လာပါက မြန်မာ့အရေးပဋိပက္ခကို ဖြေရှင်းနိုင်ရန် အကူအညီဖြစ်မည် ဖြစ်ကြောင်းနှင့် အပြောင်းအလဲဖြစ်နိုင်သည်ဟု ယုံကြည်မျှော်လင့်ကြောင်းကို ၄၀ ရာခိုင်နှုန်း ကျော်က ပြောပြကြသည်။

## ၃။ (က) မြန်မာရွှေ့ပြောင်းပြည်သူများက နိုင်ငံတကာသို့ ပေးပို့သည့် ရှင်းလင်းသည့် သတင်းစကား

မြန်မာရွှေ့ပြောင်းပြည်သူများသည် နိုင်ငံတကာသို့ ၎င်းတို့၏ နေ့စဉ်ကြုံတွေ့နေရသည့် အကျပ်အတည်းများနှင့် ဖိနှိပ်ခံရမှုများကို အခြေခံ၍ မြန်မာ့အရေးနှင့် ပတ်သက်၍ နိုင်ငံတကာက လုပ်ဆောင်သင့်သည်များကို ရှင်းရှင်းလင်းလင်း တောင်းဆိုခဲ့ပါသည်။

၁ စစ်အုပ်စုကျင်းပမည့် ရွေးကောက်ပွဲသည် မြန်မာပြည်သူများ လက်ခံပါဝင်သည့် ရွေးကောက်ပွဲ မဟုတ်သည့်အပြင် ယင်းရွေးကောက်ပွဲကို လက်ခံခြင်းသည် စစ်အုပ်စု၏ တရားဝင်မှုကို အသိအမှတ်ပြုရာရောက်ပြီး၊ စစ်အာဏာရှင်စနစ်ကို ပိုမိုခိုင်မာစေမည်ဟု အခိုင်အမာယုံကြည်သော ကြောင့် နိုင်ငံတကာ အင်အားစုက လုံးဝလက်မခံဘဲ ရှုတ်ချ၍ တားဆီးပေးရန် တောင်းဆိုကြသည်။

၂ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန်မှာ ပြည်သူများ နေ့စဉ်ဗုံးကြဲသတ်ဖြတ်ခံရနေခြင်းများ၊ မတရားဖမ်းဆီးထိန်းသိမ်းခံထားရသည့် နိုင်ငံရေးအကျဉ်းသားများ၊ ခေါင်းဆောင်များကို ပြန်လွှတ်ပေးပြီး ပုံမှန်အခြေအနေမှသာ လုပ်ဆောင်နိုင်မည်ဖြစ်သည်ဟုလည်း နားလည်လက်ခံ၍ သတင်းစကားပေးကြသည်။

၃ နိုင်ငံတကာအင်အားစုများက မြန်မာပြည်သူများ၏ အသံများကို သေချာနားထောင်၍ မြန်မာပြည်သူများ လိုအပ်သည့် အကူညီအထောက်အပံ့များ ပေးကြရန်လည်း တောင်းဆိုထားကြသည်။

၄ မြန်မာပြည်သူများကို အရပ်ဘက်၊ စစ်ဘက် ခွဲခြားမှုမရှိဘဲ စစ်ရာဇဝတ်မှုများ ကျူးလွန်နေသည့် အာဏာသိမ်းစစ်အုပ်စုကို ပိတ်ဆို့ခြင်း၊ ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှုများဖြင့် မြန်မာ့အရေးပဋိပက္ခကို ဖြေရှင်းရာတွင် ထိထိရောက်ရောက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တောင်းဆိုကြသည်။

၅ အာဏာသိမ်းစစ်အုပ်စုသည် နိုင်ငံရေးတွင် ပါဝင်ရမည့်သူများမဟုတ်ဘဲ တိုင်းပြည်ကာကွယ်ရေးအတွက်သာ တာဝန်ရှိသော်လည်း နိုင်ငံရေးနှင့် အုပ်ချုပ်ရေးယန္တရားတွင် ပါဝင်နေခြင်းသည် ယခုကြုံတွေ့နေရသည့် ပဋိပက္ခများ၏ အခြေခံအကြောင်းတရားဖြစ်ကာ မြန်မာပြည်သူများ နေ့စဉ်နှင့်အမျှကြုံတွေ့နေရသည့် စီးပွားရေး၊ လူမှုရေးအကျပ်အတည်းများကို အမှန်တကယ် ပြေလည်စေမည့် ဖယ်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးလုပ်ငန်းများကို ပြည်သူများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ပေးကြပြီး အပြောင်းအလဲကို အတူတကွဖော်ဆောင်ကြရန်လည်း တောင်းဆိုထားကြသည်။

## ၃။ (ခ) မြန်မာရွှေ့ပြောင်းပြည်သူများ၏ ထိုင်းနိုင်ငံသို့ပေးပို့သည့် ရှင်းလင်းသည့် သတင်းစကား

ယခုစစ်တမ်းသည် ထိုင်းရောက်မြန်မာပြည်သူများကို ဦးတည်မေးမြန်းထားခြင်းဖြစ်၍ ထိုင်းရောက် မြန်မာပြည်သူများ၏ အတွေ့အကြုံများ၊ အခက်အခဲများနှင့် သတင်းစကားများကို ထိုင်းအစိုးရနှင့် ထိုင်းပြည်သူများသို့ ပေးပို့ထားကြပါသည်။ မြန်မာရွှေ့ပြောင်းပြည်သူများသည် ၎င်းတို့ကြုံတွေ့နေရသည့် အိမ်မပြန်နိုင်သည့် အခက်အခဲများကို ငဲ့ညှာကူညီပေးရန် အောက်ပါအတိုင်း သတင်းစကားပေး တောင်းဆိုထားပါသည်။

### (က) ကျေးဇူးတင် အသိအမှတ်ပြုခြင်း

ထိုင်းနိုင်ငံသို့သတင်းစကားပေးရာတွင် မြန်မာရွှေ့ပြောင်းပြည်သူများ ပထမဦးဆုံးနှင့် အများဆုံး ပြောသည့်စကားသည် "ကျေးဇူးတင်စကား" ပင် ဖြစ်ကြသည်။ မြန်မာရွှေ့ပြောင်း ပြည်သူများသည် ၎င်းတို့ တိုင်းပြည်ရှိ ပဋိပက္ခများကြောင့် အကျပ်အတည်းကြုံ၍ နေရပ်စွန့်ခွာရချိန်တွင် ထိုင်းနိုင်ငံနှင့် ထိုင်းပြည်သူများက လက်ခံထားသောကြောင့် ကျေးဇူးတင်ကြောင်းနှင့် ထိုင်းနိုင်ငံ၌လည်း ဝန်ထုပ်ဝန်ပိုးများရှိနိုင်သည်ကို သိနားလည်ကြောင်း ပြောဆိုကြသည်။

> "မြန်မာနိုင်ငံသားတွေကို ခိုလှုံခွင့်ပေးတယ်။ အခုလည်း စစ်ဘေးရှောင်တွေကို ဘဝလုပ် ပေးဖို့ အစီစဉ်ရှိတယ်လို့ ကြားသိရတယ်။ အဲ့အတွက်လည်း ထိုင်းနိုင်ငံကို ကျေးဇူးတင်ပါတယ်။"
>
> ၂၀၂၂ ခုနှစ်တွင် ကရင်နီပြည်နယ်မှ မယ်ဟောင်ဆောင်သို့ ရွှေ့ပြောင်းနေထိုင်သူ အထွေထွေအလုပ်သမားအမျိုးသမီး

> "သူတို့ဒီမြန်မာနိုင်ငံသားကို အကောင်းဆုံးလက်ခံပေးတာကိုပဲ သူတို့ကို ကျေးဇူးတင်နေတယ်။ ပြီးရင်သူတို့က လည်း မြန်မာပြည်သားတွေကို ငဲ့ကွက်မယ်လို့တော့ထင်တယ်"
>
> ၂၀၂၁ စက်တင်ဘာတွင် မန္တလေးမှ ချွန်ဘူရီသို့ ရွှေ့ပြောင်းနေထိုင်ခဲ့သည့် အထွေထွေလုပ်သား အမျိုးသား

## (ခ) ၂၀၂၅ ရွေးကောက်ပွဲကို လက်မခံဘဲ ပြင်းပြင်းထန်ထန် ရှုံ့ချပေးရန်နှင့် စစ်အုပ်စုအလိုကျ မြန်မာရွှေ့ပြောင်းပြည်သူများကို ဖိအားမပေးရန်

စစ်အုပ်စု၏ ရွေးကောက်ပွဲသည် မြန်မာပြည်သူများက မပူးပေါင်းမပါဝင်ဘဲ လက်မခံသည့် ရွေးကောက်ပွဲဖြစ်သောကြောင့် ထိုင်းအစိုးရက စစ်အုပ်စု၏ ၂၀၂၅ ရွေးကောက်ပွဲကို မထောက်ခံ မပူးပေါင်းဘဲ ပြင်းပြင်းထန်ထန် ရှုံ့ချကန့်ကွက်ပေးရန် မြန်မာပြည်သူများ အများစုက လေးလေးနက်နက် တောင်းဆိုကြသည်။ မြန်မာပြည်သူများကို ၂၀၂၅ ရွေးကောက်ပွဲကို အယုံအကြည်မရှိသောကြောင့် မပူးပေါင်းဘဲနေခြင်းကို ဖိအားပေးသည့်အနေဖြင့် ထိုင်းနိုင်ငံတွင် နေထိုင်ခွင့်၊ အလုပ်လုပ်ကိုင်ခွင့် အထောက်အထား များ သက်တမ်းတိုးခြင်းများကို ရပ်တန့်ရန် စစ်အုပ်စုက ဖိအားပေးလျှင်လည်း ထိုင်းအစိုးရ အနေဖြင့် ပူးပေါင်းပါဝင်ခြင်းမပြုဘဲ မိမိ၏ လုပ်ကိုင်နိုင်သည့် အခြေအနေထဲမှ ရွှေ့ပြောင်းပြည်သူများနှင့် အလုပ်သမားများအတွက် နေထိုင်ခွင့် သက်တမ်းတိုးပေးခြင်း၊ အလုပ်လုပ်ခွင့် များပေးခြင်းနှင့် အထောက်အထားဆိုင်ရာ ဖိအားများကို လျှော့ချပေးရန် မျှော်လင့်တောင်းဆိုကြသည်။ စစ်အုပ်စု၏ ဖိအားများကြောင့် ရွှေ့ပြောင်းမြန်မာပြည်သူ များကို ဖမ်းဆီး၍ နေရပ်ပြန်ပို့ကာ စစ်အုပ်စုထံ လွှဲပြောင်းပေးအပ်ခြင်းသည် ၎င်းတို့၏ ဘဝရပ်တည်ရှင်သန်ရေးနှင့် အသက်အန္တရာယ်ကို ထိခိုက်စေနိုင်သောကြောင့် ပြန်မပို့ကြဘဲ ထိုင်းနိုင်ငံအနေဖြင့် အရေးယူဆောင်ရွက်ခြင်းများပြုလုပ်ရန်လိုအပ်ပါက မိမိတို့နိုင်ငံ ဥပဒေအတိုင်းသာ ပြုလုပ်ပေးပါရန်နှင့် မြန်မာပြည်သူများကလည်း လိုက်နာကြမည် ဖြစ်ကြောင်း အထူးအလေးထား တောင်းဆိုကြသည်။



ဒီပဲယင်းမြို့နယ် အိုးတိန်တွင်းရွာစာသင်ကျောင်း ဗုံးကြဲတိုက်ခိုက်ခံရမှုအတွင်း ကျောင်းသူ ကျောင်းသား၊ ဆရာမများ စုစုပေါင်း ၂၂ ဦး သေဆုံးခဲ့ပြီး ဒါဇင်နှင့်ချီသည့်ဖြစ်စဥ် (AFP)

မြန်မာပြည်သူများ ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းနေထိုင်စဉ် ကြုံတွေ့ရသည့် အခက်အခဲများသည် ၎င်းတို့ကို ကာကွယ်ပေးနိုင်သည့် အစိုးရတရပ်ရပ် ကောင်းမွန်စွာ မရှိနေခြင်း၏ နောက်ဆက်တွဲကြောင့် ဖိနှိပ်ခံရခြင်းနှင့် ခွဲခြား ဆက်ဆံခံရခြင်းများ အပါအဝင် လုပ်ငန်းခွင်တွင် ခေါင်းပုံဖြတ်ခံရခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ဆိုင်ရာ အခြေအနေများကိုပါ ကြုံတွေ့ရခြင်းများ ရှိသည်ဟုဆိုကြသည်။ ထိုအခြေအနေများကြုံတွေ့နေရသည့်တိုင် ယခုကြုံ တွေ့ရသည့် ဖိနှိပ်ခံရမှုနှင့် ခွဲခြားဆက်ဆံခံရမှုများထက် မြန်မာနိုင်ငံရှိ အခြေအနေများသည် ပိုမိုဆိုးရွား၍ ထိုင်းနိုင်ငံ၌ ၎င်းတို့ရပ်တည်ရှင်သန်ရေး သည် ပိုမိုလုံခြုံမှုရှိသောကြောင့် မြန်မာသို့ပြန်ပို့မခံလိုဘဲ ထိုင်းနိုင်ငံတွင် နေထိုင်ရန် ကြိုးစားကြခြင်းဖြစ်ကြောင်း ဆိုကြသည်။

မြန်မာစစ်အုပ်စုက ကျင်းပမည့် ၂၀၂၅ ရွေးကောက်ပွဲသည် မြန်မာ့အကျပ်အ တည်းကို ပြေလည်စေမည်မဟုတ်ဟု ယုံကြည်နေကြသဖြင့် ထိုရွေးကောက်ပွဲ အလွန်ကာလတွင် တိုင်းပြည်တွင် အုပ်ချုပ်သူအသစ်တက်၍ တည်ငြိမ်အေး ချမ်းမှုရှိပြီဟုဆိုကာ မြန်မာပြည်သူများကို အတင်းအကျပ် နေရပ်ပြန်ပို့ခြင်း များရှိလာမည်ကို စိုးရိမ်လျက်ရှိကြသည်။ ၎င်းတို့၏ အသက်နှင့် ဘဝလုံခြုံမှု မရှိနိုင်သည့် အခြေအနေဖြစ်နေသည့် စစ်အုပ်စုလက်အောက်သို့ ပြန်မပို့ကြရန် စစ်တမ်းတွင်ပါဝင်သူ အများစုက အကြိမ်ကြိမ် တောင်းဆိုကြသည်ကို တွေ့ရှိ ရသည်။

မြန်မာပြည်သူများသည် ထိုင်းနိုင်ငံအတွင်း တရားဝင်အထောက်အထားများ နှင့် နေထိုင်သော်လည်း ကြုံတွေ့နေရသည့် ဖိနှိပ်စစ်ဆေးခံရမှုများနှင့် ခွဲခြား ဆက်ဆံခံရမှုများကို လျှော့ချ၍ လူ့အခွင့်အရေးပြည့်ဝစွာ နေထိုင်နိုင်ရေးကို ကူညီဆောင်ရွက်ပေးပါရန်နှင့် မြန်မာအလုပ်သမားများ ကြုံတွေ့နေရသည့် အလုပ်သမား အခွင့်အရေးနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို လျစ်လျူရှုမထားဘဲ လူသားချင်း စာနာထောက်ထားမှုဖြင့် အရေးယူ ကိုင်တွယ်ဖြေရှင်းပေးခြင်းများ ပြုလုပ်ပေးရန်လည်း အလေးအနက်ထား တောင်းဆိုကြသည်။ အိမ်မပြန်နိုင်ဖြစ်နေသည့် စစ်ဘေးရှောင်ပြည်များ အများအပြားရှိနေသည့်အတွက် စစ်ဘေးရှောင်ပြည်သူများကို စနစ်တကျ လက်ခံပေး၍ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရန်လည်း တောင်းဆိုကြသည်။ ထို့အပြင် ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်း နေထိုင်နေကြ သည့် သန်းနှင့်ချီသော ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ် လုပ်ကိုင်ခွင့်များကို စနစ်တကျ စီစဉ်ပေးခြင်းသည် ထိုင်းနိုင်ငံအတွက် တန်ဖိုး ရှိသည့် လူ့အရင်းအမြစ်နှင့် အခွန်ဘဏ္ဍာငွေများ ပြန်ရရှိနိုင်သောကြောင့် မြန်မာရွှေ့ပြောင်းများနှင့် ပတ်သက်သည့် မူဝါဒနှင့် အစီစဉ်များကို စနစ်တကျ ပြင်ဆင်ပေးခြင်းဖြင့် အပြန်အလှန် အကျိုးရှိမည်ဟု ၎င်းတို့က ယုံကြည်မျှော်လင့် တောင်းဆိုကြသည်။

> “ဒီမှာတရားဝင် အထောက်အထားနဲ့ နေထိုင်မှုရရှိဖို့ဆိုတာ ဒီနိုင်ငံရဲ့ ဥပဒေအရ ကျွန်တော်တို့က လုပ်ကြရတာဗျ။ လုပ်တဲ့အချိန်မှာ ဟိုဘက်က စစ်အုပ်စုနဲ့ဆက်ဆံနေတာ အနည်းနဲ့အများတော့ ကျွန်တော်တို့အပေါ်ထိခိုက်မှုတော့ ရှိတာပေါ့ဗျ။ ဒါပေမယ့် ထိုင်းအစိုးရအနေနဲ့ ကာဗာပေးဖို့ဆိုရင်တော့ စစ်အုပ်စုရဲ့ လွှမ်းမိုးမှုမပါတဲ့ အထောက်အထားမျိုးကို ပြုလုပ်ပေးနိုင်ရင်တော့ ပိုပြီးကောင်းမယ်ဗျ။ ကျွန်တော်တို့မှာ မြန်မာနိုင်ငံသား မှတ်ပုံတင်၊ မြန်မာနိုင်ငံသားဖြစ်ရုံနဲ့ အထောက်အထား တခုပြုလုပ်ပေးရင်တော့ ပိုကောင်းမယ်ထင်တယ်ဗျ။ အကယ်၍ အဲ့လိုမဟုတ်ဘဲ စစ်အုပ်စုနဲ့တွဲဖက်ပြီး လုပ်နေသမျှကာလပတ်လုံးတော့ ဒီဟာတွေကရှိလာဦးမယ်လို့ ကျွန်တော်ထင်တယ်ဗျ။”

မဲဆောက်မြို့သို့ ရွှေ့ပြောင်းနေထိုင်သည့် စစ်မှုထမ်းရှောင် လူငယ်တဦး

> “ကျွန်မတို့ ပါ့စပို့ လုပ်တာတောင်မှ သွားလုပ်တာတောင်မှာ စစ်ဆေးမေးမြန်း တရားခံလို အဲ့လိုမျိုးတွေ စစ်ဆေး မေးမြန်းတာ ကျွန်မကိုယ်တိုင် ခံခဲ့ရတယ်။ တော်တော်လေးကို အဆင်မပြေဘူး။ လူသားတယောက် အနေနဲ့ လူသားတယောက်ရဲ့ အခြေခံရပိုင်ခွင့် ဆိုတာမပြောနဲ့ သူများနိုင်ငံမှာ ကျီးလန့်စာစား နေရတယ်။ ကိုယ့်နိုင်ငံမှာလည်း အဲ့လိုပဲ နေ့စဉ်နဲ့အမျှ ပူလောင်နေရတယ်။ လေယာဉ်သံ၊ ဗုံးသံ တွေ ကြားမှာ ပြည်တွင်းမှာနေတဲ့သူဆိုလည်း အဲ့လိုနေရတယ်။ ပြည်ပမှာနေတဲ့သူဆိုလည်း မြန်မာဆိုတာနဲ့ နှိမ်တယ်။ ခွဲခြားဆက်ဆံတယ်ပေါ့နော် အများကြီး ကြုံရတယ်။”

ကရင်နီပြည်မှ မယ်ဟောင်ဆောင်မြို့သို့ ရွှေ့ပြောင်းနေထိုင်သူ CSO အမျိုးသမီး

> “ဒီရဲ့ ရွေးကောက်ပွဲကို မှတ်ပြီးတော့မှ အဖြေကိုမစဉ်းစားဘဲနဲ့ပေါ့နော် ပြည်သူလူထုရဲ့ သာမာန်လူတွေရဲ့ အခြေအနေတခုကိုပဲ တွေးပြီးတော့ လူသားချင်းစာနာမှုတခုအနေနဲ့ပေါ့နော် စဉ်းစားပေးစေချင်တယ်ပေါ့နော်။” “ကျွန်မတို့ကို ပြန်မပို့ပါနဲ့။ ကျွန်မတို့ အဆင်ပြေပြေနေထိုင်ဖို့အတွက်ကို ပြုလုပ်ပေးပါ။ ကျွန်မတို့ကလည်း ဒီမှာနေထိုင်ဖို့ အတွက်ကို ကောင်းကောင်းမွန်မွန်နဲ့ ကောင်းတဲ့ဘက်ကို လုပ်ပေးပါ့မယ်။”

ချင်းမိုင်တွင်နေထိုင်သူ သတင်းထောက် အမျိုးသမီး

> “မြန်မာနိုင်ငံသားတွေရဲ့လွတ်လပ်ခွင့်ကို လေးစားဖို့နဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ ဘာဖိအားမှ မပေးဖို့တော့ အဲ့လိုမျိုးတောင်းဆိုချင်တယ်။ ရွှေပြောင်း မြန်မာတွေကို ကြိုတင်မဲပေးဖို့ အတင်း ဖိအားပေးတာမျိုး မလုပ်ဖို့ပဲ။ ပြည်သူတွေရဲ့လွတ်လပ်ခွင့်ကို လေးစားဖို့ ကျွန်တော် တောင်းဆိုချင်ပါတယ်။”

၂၀၂၂ ခုနှစ်တွင် ရှမ်းပြည်နယ်မှ မယ်ဆိုင်သို့ ရွှေ့ပြောင်းနေထိုင်သည့် အခါလူမျိုး အမျိုးသား

> “ဒီအာဏာစသိမ်းကတည်းက ကျွန်တော်တို့ ဗီဇာတွေ ပြဿနာတက်တာတွေက တခုပြီး တခု၊ တခုပြီး တခု ပြောင်း၊ ဈေးနှုန်းတွေက အဆမတန်တွေ မြင့်မား၊ ပြီးတော့ အခွန်တွေလည်း ပိုတိုးပြီးတော့ ဆောင်ရတယ်၊ စာအုပ်တွေလည်း အမျိုးမျိုး၊ အမျိုးမျိုး ပြောင်းတာ၊ အပြောင်းအလဲတွေနဲ့ များတယ်ပေါ့”

အာဏာသိမ်းပြီးစတွင် ဧရာဝတီတိုင်းမှ အယုဒ္ဓယမြို့သို့ ရောက်ရှိအလုပ်လုပ်ကိုင်နေသူ အထွေထွေလုပ်သားလူငယ်တဦး

# သုံးသပ်ချက်

 ယခုစစ်တမ်းတွင် ရွှေ့ပြောင်းမြန်မာပြည်သူများ၏ သဘောထားကိုရှာဖွေ့ရာ၌ ၎င်းတို့၏ ဒီမိုက ရေစီ နည်းကျရွေးကောက်ပွဲနှင့် ပတ်သက်သည့် အမြင်သဘောထားကို ရှင်းရှင်းလင်းလင်း တွေ့နိုင် ပါသည်။ ရွေးကောက်ပွဲတရပ်သည် တိုင်းပြည်အတွက် အရေးကြီးသည့် ဖြစ်စဥ်တရပ်အနေဖြင့် မြန်မာပြည်သူများက ရှုမြင်ကြသကဲ့သို့ ၎င်းတို့အဓိက ပူးပေါင်းပါဝင်ရမည့် လုပ်ငန်းစဥ်တခု အနေ ဖြင့်လည်း ရှုမြင်ကြသည်။ ထို့ကြောင့် ၎င်းတို့သည် ဒီမိုကရေစီစံနှုန်းပြည့် ရွေးကောက်ပွဲကို ပါဝင် ပူးပေါင်းလိုစိတ် မြင့်မားပြီး ယခင်ရွေးကောက်ပွဲများတွင်လည်း တက်ကြွစွာ ပါဝင်ခဲ့သည်ကို တွေ့ မြင်ရပါသည်။ ထိုအချက်က မြန်မာပြည်သူများသည် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများကို ငြင်းဆန်နေခြင်း မဟုတ်ကြောင်းကို ထင်ထင်ရှားရှား ပြသနေပါသည်။

မြန်မာပြည်သူများသည် ၎င်းတို့ကိုယ်တွေ့ကြုံသည့်ဖြစ်စဥ်များနှင့် သိမှုအရ စစ်အုပ်စုက ကျင်းပ မည့် ၂၀၂၅ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတလိမ့်မည်မဟုတ်ကြောင်း ဆိုကြသည်။ ပြည်သူများ ပြည့်ပြည့်ဝဝ ပါဝင်ရန်အခွင့်အရေး မရှိခြင်း၊ ၎င်းတို့၏ အမြင်သဘောထားများကို လွတ်လပ်စွာ ထုတ်ဖော်ခွင့် မရှိခြင်းနှင့် ၎င်းတို့ ပါဝင်စေလိုသည့် ပါတီများဖျက်သိမ်းခံရခြင်း၊ လူ ပုဂ္ဂိုလ်များ ဖမ်းဆီး အကျဥ်းချခံထားရခြင်းနှင့် အခြားသော ပါတီများသည်လည်း အခွင့်အရေး ပြည့်ပြည့်ဝဝ ပါဝင်နိုင်ခွင့်မရှိခြင်း စသည့် အချက်များကိုအခြေခံ၍ တရားမျှတမည့် ရွေးကောက်ပွဲမဟုတ်နိုင်ကြောင်းကို ထောက်ပြကြသည်။ ထိုဖြစ်စဥ်များကို စစ်အုပ်စုက ပြင်ဆင် ပြဌာန်းလိုက်သည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ[၄] နှင့် ဆိုက်ဘာလုံခြုံရေး ဥပဒေများ[၅] ကို ကြည့်ခြင်းဖြင့် မြင်နိုင်ပါသည်။ စစ်အုပ်စုသည် ၎င်းတို့မပါဝင်စေလို၊ မရှိစေလို သည့် ပါတီများကို ဖျက်သိမ်းရန် ကြိုးစားခြင်း၊ ပါတီရုံးခန်းများကို ဖျက်ဆီးခြင်းနှင့် ပါတီဝင် များကို ဖမ်းဆီးအကျဥ်းချထားခြင်းများသည်[၆] အများပြည်သူများ ထောက်ပြသည့် လွတ်လပ်၍ တရားမျှတမှုမရှိခြင်းကို သက်သေပြုနေပါသည်။ ပြည်သူ့ရွေးကောက်ပွဲဟု ဆိုနေသော်လည်း အများပြည်သူသည် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ဝေဖန်ခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်မရှိ ခြင်းကို လူမှုကွန်ရက်မီဒီယာတွင် ရွေးကောက်ပွဲကို ဝေဖန်ရေးသား ပြောဆိုသောကြောင့် ဖမ်းဆီး ခဲ့သည့် ဖြစ်စဥ်များက[၆,၇] သက်သေပြနေပါသည်။ ယခုဖြစ်စဥ်များသည် မြန်မာပြည်သူများသာ မက အားလုံးမြင်တွေ့နေရသည့် အချက်များပင် ဖြစ်ပါသည်။

စစ်အုပ်စုသည် ရွေးကောက်ပွဲကျင်းပခွင့် ရှိခြင်း၊ မရှိခြင်းနှင့် ပတ်သက်၍ အမြင်သဘောထားများ တွင်လည်း ရှင်းလင်းသည့်အချက်မှာ ၎င်းတို့ကို မည်မျှယုံကြည်ရခြင်းနှင့် ပြည်သူများက မည်မျှ လိုလားနေသည်နှင့်လည်း ဆက်စပ်နေသည်။ အများစုသောသူများက စစ်အုပ်စုသည် တိုင်းပြည် ကို အုပ်ချုပ်ခွင့်ရှိသည်ဟု မရှုမြင်ဘဲ တိုင်းပြည်ကာကွယ်ရေး တာဝန်ကိုသာ ထမ်းဆောင်ရမည် ဖြစ်၍ နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခြင်း မရှိစေချင်ကြောင်း ဖော်ပြသည်။ စစ်အုပ်စုက အများ ပြည်သူ၏ ဆန္ဒနှင့် သဘောထားများကို ပစ်ပယ်လျစ်လျူရှုခြင်း၊ အများပြည်သူအား ၎င်းတို့၏ အခွင့်အာဏာအတွက် ဖိနှိပ်ချုပ်ချယ်မှုများ၊ အင်အားသုံး တိုက်ခိုက်သတ်ဖြတ်ခြင်းများက ၎င်းတို့ အပေါ် အများပြည်သူ၏ မလိုလားမှုနှင့် မယုံကြည်မှုများကို ဖြစ်စေပြီး စစ်အုပ်စု၏ ရက်စက် ကြမ်းကြုတ်မှုများကို တွန်းလှန်ဆန့်ကျင်ရမည်ဟု ယုံကြည်မှုဖြစ်စေခြင်းဖြစ်ပါသည်။

ထိုအချက်များသည် အများပြည်သူက ပေးအပ်ထားသည့် အခွင့်အာဏာ စစ်အုပ်စု၌မရှိနေကြောင်းကို ဖော်ပြနေသည်။ သို့သော် ဤနေရာတွင် ထောက်ပြနိုင်သည်မှာ လက်တွေ့အုပ်ချုပ်ခွင့်အာဏာကို ချုပ်ကိုင်ထားခြင်းသည် အုပ်ချုပ်ခွင့်ရှိသကဲ့သို့ ထောက်ပြနိုင်ခြင်းဖြစ်သည်။ သို့သော်လည်း လက်နက်အင်အားနှင့် အုပ်ချုပ်ရေး ယန္တရားလည်ပတ်မှုကို ထိန်းချုပ်ထားသူများသည် တိုင်းပြည်ကို အုပ်ချုပ်ခွင့်ရှိသည်ဟု သတ်မှတ်မည် ဆိုပါက ယဥ်ကျေးသည့် နိုင်ငံရေးနှင့် လူ့အဖွဲ့အစည်းရှိသည့် တိုင်းပြည်တည်ဆောက်အုပ်ချုပ်ရေးကို မြန်မာနိုင်ငံတွင် မျှော်လင့်ခွင့်မရှိတော့မည့်အပြင် ယခုစစ်အုပ်စုက ကျင်းပရန် ကြိုးပမ်းနေသည့် ရွေးကောက်ပွဲ၏ ဒီမိုကရေစီစံနှုန်းနှင့် အရည်အသွေးများကို မေးခွန်းထုတ်စရာ ဖြစ်နေကြောင်းပါ မြင်နိုင်ပါသည်။

စစ်အုပ်စု လက်တွေ့အုပ်ချုပ်ထားမှုကြောင့် အုပ်ချုပ်ခွင့်ရှိသည်ဟု ယူဆမည်ဆိုပါက ယူဆနိုင်သည်ဟု ဖြေဆိုကြသည့် ပြည်သူများကိုယ်တိုင်ပင် ၎င်းတို့၏ အခွင့်အာဏာကို အသိအမှတ်ပြုခြင်း မဟုတ်ဘဲ ထိန်းချုပ်ဖိနှိပ်ထားမှုများကြောင့်သာ စစ်အုပ်စုမှာ အုပ်ချုပ်ခွင့်ရှိသူအဖြစ် ပုံဖော်ယူဆနိုင်စရာရှိကြောင်း စိတ်ပျက်စွာ ထောက်ပြနေခြင်းဖြစ်သည်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်သည်။ ထို့ကြောင့်ပင် ရွေးကောက်ပွဲတရပ် ကျင်းပရန်မှာ တည်ငြိမ်အေးချမ်း၍ အားလုံးပါဝင်နိုင်သည့် အခြေအနေ၊ ပြည်သူများ လွတ်လပ်စွာ ပူးပေါင်းပါဝင်နိုင်သည့် အခြေအနေနှင့် တိုင်းပြည်၏ ပဋိပက္ခများကို အလုံးစုံမရပ်တန့် နိုင်သော်လည်း ခေတ္တရပ်စဲထား၍ ဝိုင်းဝန်းအဖြေရှာလိုစိတ်ဖြင့် ဒီမိုကရေစီနည်းကျ စစ်စစ်မှန်မှန် ကျင်းပနိုင်မည့် အခြေအနေတို့ လိုအပ်ကြောင်းကို ပြည်သူအများသည် ရှင်းလင်းစွာ ထောက်ပြပြောဆိုနေကြသည်။ အရေးကြီးဆုံးမှာ ပြည်သူ့ဆန္ဒအတိုင်း ထွက်ပေါ်လာမည့် ရွေးကောက်ပွဲ၏ ရလဒ်များကို အလိုဆန္ဒတိုင်းမဖြစ်သည့် အခါတိုင်း ချိုးဖျက်ခွင့်နှင့် ကျော်လွန်လုပ်ဆောင်ခွင့်ရှိသည်ဟု ယုံကြည်ယူဆလုပ်ကိုင်မှု အလေ့အထများကို ပြောင်းလဲရမည် ဖြစ်သည်။ ထိုအခြေအနေများကို ပြောင်းလဲရန် အားလုံး သဘောတူလက်ခံသည့် စနစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပြင်ဆင်ပြောင်းလဲရေးသည် အထူးအရေးတကြီး လိုအပ်နေပါသည်။ ယခုကဲ့သို့ ပြင်ဆင်ပြောင်းလဲမှုများမရှိဘဲ ကျင်းပရန်ကြိုးပမ်းသည့် မည်သည့် ရွေးကောက်ပွဲမဆို ယခုကြုံတွေ့နေရသည့် ပဋိပက္ခများကို ဖြေရှင်းနိုင်ခြင်း မရှိသည့်အပြင် ဆိုးကျိုးသံသရာ လည်နေစေလိမ့်မည့် နိုင်ငံ၏ ဝဋ်ဒုက္ခတခုသာ ဖြစ်နေပါလိမ့်မည်။

ရွှေ့ပြောင်းပြည်သူများသည် စစ်အုပ်စု၏ ရွေးကောက်ပွဲကို စိတ်ဝင်စားခြင်း မရှိသောကြောင့် ပူးပေါင်းပါဝင်မည်မဟုတ်ကြောင်းကို တဦးချင်း ဖြေဆိုသူများသာမက အုပ်စုဖွဲ့ ဆွေးနွေးမှုများတွင်ပါ ပုံစံမျိုးစုံဖြင့် ဖော်ပြကြသည်။ ဒီမိုကရေစီစနစ်ကို တန်ဖိုးထားမျှော်လင့်သည့် ပြည်သူများသည် ၂၀၂၀ ရွေးကောက်ပွဲတွင် ထိုင်းနိုင်ငံအတွင်း၌ ကြိုတင်ဆန္ဒမဲပေးခြင်းကို အားတက်သရော ပူးပေါင်းပါဝင်ခဲ့ကြသည်ကို မြင်တွေ့နိုင်သည်။[၂၇] သို့သော် ၂၀၂၅ ရွေးကောက်ပွဲတွင် ၎င်းတို့၏ စိတ်ဝင်စားမှုမရှိသည့်အခြေအနေကို ရွေးကောက်ပွဲဆိုင်ရာ သတင်းများကို ရယူစားသုံးရန် မကြိုးစားခြင်းနှင့် ကြိုတင်ဆန္ဒမဲစာရင်းပေးရန် ပုံစံ(၁၅)ကိုပင် မရယူခြင်းများဖြင့် တွေ့မြင်နိုင်သည်။ တဖက်တွင် စစ်အုပ်စုသည်လည်း အများပြည်သူများထံသို့ ရွေးကောက်ပွဲ အကြောင်းအရာများကို ရှင်းလင်းတင်ပြခြင်းမှာ မရှိသလောက်အားနည်းသည်ကို တွေ့မြင်နိုင်သည်။ ရွေးကောက်ပွဲ၏ နည်းစနစ်များ၊ ကျင်းပမည့်ပုံစံများကို ဝိနည်းအရ ထုတ်ပြန်ကြေညာသည်ဆိုရုံသာ ပြုလုပ်နေကြပြီး ပြည်သူအများ အမှန်တကယ်နားလည် စိတ်ဝင်စားစေရန် ပြုလုပ်နေခြင်း မဟုတ်သည်ကို ပြည်သူအများ သတင်းအချက်အလက် လက်လှမ်းမီခြင်း မရှိသည့်အချက်ဖြင့် မြင်နိုင်ပါသည်။

ရွှေ့ပြောင်းပြည်သူများသည် စစ်အုပ်စု၏ ရွေးကောက်ပွဲကို မပူးပေါင်း၊ မပါဝင်ခြင်းဖြင့် သပိတ်မှောက်ကြရာတွင် အကျပ်အတည်းများနှင့် စိုးရိမ်စိတ်များလည်း ရှိနေကြသည်ကို တွေ့ရသည်။ ၎င်းတို့၏ မပူးပေါင်းမှုကြောင့် ပြည်တွင်းတွင် ကျန်ရှိနေသည့် မိသားစုများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ ကြုံတွေ့ရမည်ကို စိုးရိမ်နေကြသည်။ ထိုင်းနိုင်ငံတွင် နေထိုင်ခွင့်၊ အလုပ်လုပ်ကိုင်ခွင့်နှင့် ပညာဆက်လက်သင်ယူခွင့် အထောက်အထားများအတွက် မြန်မာနိုင်ငံသားဖြစ်ကြောင်း အတည်ပြုပေးနိုင်သည့် CIနှင့် နိုင်ငံကူး လက်မှတ်များကို ထုတ်ပေးနိုင်သည်ဟု ထိုင်းအစိုးရ အသိအမှတ်ပြုမှုသည် စစ်အုပ်စုထံတွင်သာ ရှိနေသည်။ ထို့ကြောင့် ရွှေ့ပြောင်းပြည်သူများက ရွေးကောက်ပွဲတွင် မပူးပေါင်းမပါဝင်ခြင်းကြောင့် ၎င်းတို့ကို အထောက်အထားများ မထုတ်ပေးတော့ခြင်းနှင့် ထိုင်းနိုင်ငံအတွင်း အထောက်အထားမဲ့ သို့မဟုတ် ရက်လွန်နေထိုင်သူများအဖြစ်သို့ရောက်အောင် တွန်းပို့ခံရမည်ကို စိုးရိမ်နေကြပြီး ထိုကဲ့သို့ဖြစ်လာပါက နောက်ဆက်တွဲအနေဖြင့် ထိုင်းအစိုးရက မြန်မာပြည်သူများကို ဖမ်းဆီး၍ စစ်အုပ်စုထံသို့ လွှဲပြောင်းပေးပို့မည်ကို အဓိက စိုးရိမ်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် စစ်အုပ်စုထိန်းချုပ်မှုမှ ကင်းလွတ်သော၊ စစ်အုပ်စုမပါဝင်သော နေထိုင်ခွင့် အထောက်အထား တစုံတရာရရှိရေးကို တောင်းဆိုနေကြခြင်း ဖြစ်သည်။



မြန်မာရွှေ့ပြောင်းလုပ်သားများကို ထိုင်းနိုင်ငံရနောင်းမြို့ရှိ အရာရှိများက စစ်အုပ်စုထံသို့ လွှဲပြောင်းပေးအပ်စဉ်
ဓာတ်ပုံ - ရနောင်းလူဝင်မှုကြီးကြပ်ရေး ဖွဲ့စည်းခွတ်ခံလူမှုကွန်ရက်စာမျက်နှာ

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်းနှင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်အုပ်စုက အဓမ္မစစ်မှုထမ်းဥပဒေကို အသက်သွင်းခဲ့ပြီးနောက် စစ်မှုထမ်းစဆောင်းခံရမှုကို တိမ်းရှောင်ရန် မြန်မာနိုင်ငံသားများ အထူးသဖြင့် လူငယ်များသည် အထောက်အထားနှင့်သာမက အထောက်အထားမဲ့အနေထားများဖြင့်ပါ ထိုင်းနိုင်ငံဘက်သို့ ပိုမိုရွှေ့ပြောင်းဝင်ရောက်လာခဲ့သည်။ ထို့ကြောင့် ထိုင်းအစိုးရက စက်ရုံအလုပ်ရုံများကို ရှောင်တခင်ဝင်ရောက်စစ်ဆေးမှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်ခဲ့ရာ ၂၀၂၄ခုနှစ် စက်တင်ဘာလ နောက်ဆုံးတွေ့ရှိရသော ဒေတာများအရ ရွှေ့ပြောင်းမြန်မာလုပ်သားပေါင်း ၂ သိန်းနီးပါး ဖမ်းဆီးခံခဲ့ရသည်။[၂၆] ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၅ နိုဝင်ဘာလအထိ ရရှိထားသော အချက်အလက်ဒေတာများအရ ထိုင်းနိုင်ငံဘက်မှ ဖမ်းဆီးထားသော ရွှေ့ပြောင်းမြန်မာ သုံးထောင့်ငါးရာကျော် (၃,၅၃၅) ဦး ကို မြန်မာဘက်သို့ တရားဝင်ပြန်လည်လွှဲပြောင်းပေးခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလ - ၂၀၂၄ ခုနှစ်၊ မတ်လအထိနှင့် ၂၀၂၄ ခုနှစ် ဇွန်လ - ၂၀၂၅ ဇန်နဝါရီလအထိ အချက်အလက်များကို နှိုင်းယှဉ်ကြည့်လျှင် လွှဲပြောင်းပေးပို့မှုမှာ သုံးဆခန့် မြင့်တက်လာခဲ့သည်ကို တွေ့ရသည်။[၂၇]

ထိုင်းအစိုးရက လွှဲပြောင်းပေးပို့ခြင်းခံရသူများသည် စစ်အုပ်စု၏ စစ်မှုထမ်းတပ်သားအဖြစ် အတင်းအဓမ္မ စုဆောင်းခံရပြီး ရှေ့တန်းစစ်မျက်နှာများသို့ ပေးပို့ခံနေရသည်။ ထိုဖြစ်စဉ်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာတွင် ထိုင်းနိုင်ငံက စစ်အုပ်စုထံ လွှဲပြောင်းပေးပို့ခဲ့ပြီးနောက် စစ်မှုထမ်းအဖြစ် ဖမ်းခေါ်ခံခဲ့ရသူများက လွတ်မြောက်အောင်ကြိုးပမ်းခဲ့သည့် ဖြစ်စဉ်တွင် တွေ့မြင်နိုင်သည်။[၂၈] ၂၀၂၃ ခုနှစ် ဧပြီ ၁ တွင် ထိုင်းနိုင်ငံမဲဆောက်၌ ဖမ်းဆီးခံရသည့် အထောက်အထားမဲ့ မြန်မာလူငယ် တော်လှန်ရေးသမား ၃ ဦးကို ထိုင်းအစိုးရက စစ်အုပ်စုထံသို့ လွှဲပြောင်းပေးပို့ခဲ့သည်။[၂၉] ထို့နောက်တွင် ထိုမြန်မာလူငယ် ၃ ဦးထဲမှ တစ်ဦးသည် သတ်ခံခဲ့ရသည်ဟု အတည်ပြုကြပြီး ကျန် ၂ ဦးသည် ဖမ်းဆီးထိန်းသိမ်း ခံထားရဆဲဖြစ်သည်။[၃၀] ထိုအခြေအနေများကြောင့် စစ်အုပ်စုလက်ထဲသို့ လွှဲပြောင်းပေးအပ်မည်ဆိုပါက မိမိကိုယ်ကို သက်သေခြင်းပြုမည်ဟု ဖြေဆိုသူများကိုပါ တွေ့ရသည်။ ဤသည်မှာ မြန်မာပြည်သူများသည် တိုင်းပြည်စွန့်ခွာလိုစိတ်နှင့် တကိုယ်ရည်တိုးတက်လိုစိတ် အခြေခံတခုတည်းဖြင့် ပြည်တွင်းပြန်မပို့ရန် တောင်းဆိုနေခြင်း၊ စစ်အုပ်စုနှင့် မပူးပေါင်းရန် တောင်းဆိုနေခြင်း မဟုတ်ဘဲ စစ်အုပ်စု၏ အုပ်ချုပ်မှုအောက်တွင် အကြမ်းဖက်ဖိနှိပ်ခံနေရမှု၊ မလုံခြုံမှု၊ အသက်အန္တရာယ် ခြိမ်းခြောက်ခံရနေမှုများကြောင့် တောင်းဆိုကြခြင်းဖြစ်ကြောင်း အဓိကညွှန်ပြနေခြင်းဖြစ်သည်။ ထိုအခြေအနေများသည် လူသားချင်းစာနာထောက်ထားမှုအရသာမက ဒေသတွင်းနှင့် မိမိတို့နိုင်ငံအတွင်းသို့ ကူးစက်နိုင်သည့် အန္တရာယ်များအဖြစ်ပါ အသိအမှတ်ပြု၍ ဝိုင်းဝန်းကူညီ အဖြေရှာပေးကြရမည်ဖြစ်သည်။[၃၁] နိုင်ငံတကာ အင်အားစုများအနေဖြင့်လည်း စနစ်မှား၊ အုပ်ချုပ်သူအမှားကြောင့် မြန်မာပြည်သူများ ကြုံတွေ့နေရသည့် လူ့ဒုက္ခရဲကို လျစ်လျူမရှုဘဲ ဒေသတွင်း အရေးကိစ္စအဖြစ် အလေးထားရှုမြင်၍ မြန်မာပြည်သူများနှင့်အတူ ယခုထက် ပိုမိုပူးပေါင်း၍ ဝိုင်းဝန်းဖြေရှင်းပေးရန် အရေးတကြီး လိုအပ်နေပြီဖြစ်ပါသည်။[၃၂]

ရွှေ့ပြောင်းမြန်မာပြည်သူများသည် ယခုကဲ့သို့ ကြီးစွာသော အကျပ်အတည်းများကို ကြုံတွေ့နေရသော်လည်း မြန်မာပြည်၏ စနစ်ပြောင်းလဲရေး၊ ၎င်းတို့အကျိုးနှင့် တိုင်းပြည် ကောင်းကျိုးကို စွမ်းဆောင်ပေးနိုင်သည့် အုပ်ချုပ်သူများ ထွက်ပေါ်လာရေးအတွက် စဉ်ဆက်မပြတ် ရှာဖွေနေသည်ကို ၎င်းတို့၏ မြန်မာ့နိုင်ငံရေးအခြေအနေ၊ အကျပ်အတည်းများကို သုံးသပ်ဆွေးနွေးမှုများမှတဆင့် ကောင်းစွာ တွေ့မြင်ခဲ့ရသည်။ ခေါင်းဆောင်မှုမျှော်လင့်ချက်သည်လည်း နိုင်ငံ့အုပ်ချုပ်ရေးယန္တရား ကောင်းမွန်စွာ လည်ပတ်နိုင်စေရေးနှင့် ပျက်စီးယိုယွင်းနေမှုများ ကြာရှည်ဖြစ်နေမှုကြောင့် နိုင်ငံတခုလုံးနှင့်ဆိုင်သည့် ဆုံးရှုံးထိခိုက်ရမှုများ အခုထက်ပိုကြီးမားလာမည်နှင့် ပြန်ရုန်းထဖို့ ခက်ခဲရှည်ကြာမည်ကို စိုးရိမ်စိတ်စေတနာများကြောင့် ဖြစ်သည်ကို ထင်ထင်ရှားရှားတွေ့ရှိရသည်။ ထို့ကြောင့် ယခုကြားကာလတွင် ၎င်းတို့ကို ကိုယ်စားပြုလုပ်ကိုင်ဆောင်ရွက်ပေးနိုင်သူများနှင့် ပတ်သက်၍ မေးမြန်းရာတွင် ဖြတ်သန်းခဲ့ရသည့် ၅ နှစ်တာကာလ အတွေ့အကြုံပေါ်မူတည်၍ ၎င်းတို့၏ လိုလားချက်များကို ဖြေဆိုကြသည်။ တော်လှန်ရေးအစိုးရဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ၏ တည်ရှိမှုကို ၎င်းတို့အနေဖြင့် အသိအမှတ်ပြုကြသော်လည်း အရည်အသွေးနှင့် လုပ်ဆောင်မှု အပိုင်းများကို ပြင်ဆင်ပြောင်းလဲ စေလိုကြောင်းကို ထောက်ပြပြောဆိုကြသည်။ EROs သည် သက်ဆိုင်ရာဒေသနှင့် လူမျိုးစုများအတွက် ကိုယ်စားပြုမှုနှင့် ကာကွယ်ထောက်ပံ့မှုများ မြေပြင် လိုအပ်ချက်အလိုက် ပေးစွမ်းနိုင်သော်လည်း တစုံလုံးဆိုင်ရာ ကိုယ်စားပြုနိုင်သည့် အဖွဲ့အဖြစ် လူမျိုးစုတော်လှန်ရေး အင်အားစုများကို မျှော်လင့်နိုင်သည့် အခြေအနေတွင် မရှိနိုင်သေးကြောင်း ရှုမြင်ကြသည်။

လူမျိုးစု လက်နက်ကိုင် အင်အားစုများ ကိုယ်တိုင်သည်လည်း အမျိုးသားရေး လွတ်မြောက်မှုအတွက် ဦးတည်လှုပ်ရှား နေကြခြင်းဖြစ်သည်။ လက်ရှိလိုအပ်ချက်တွင် တစုံလုံးဆိုင်ရာ ကိုယ်စားပြုမှုအတွက် NUG နှင့်တင် မလုံလောက်ဘဲ ပြင်ဆင်ပြောင်းလဲရမည်ကို ထောက်ပြဆွေးနွေးကြပြီး ဖယ်ဒရယ်ပြည်ထောင်စုအစိုးရအဖြစ် အားလုံးသဘောတူညီမှုဖြင့် ဖွဲ့စည်းသည့် အစိုးရတရပ်ဖြစ်ရန်လိုအပ်ကြောင်းကို အပြောင်းအလဲမျှော်လင့်ချက်များဖြင့် ထောက်ပြနေကြသည်။ ထို့အပြင် ထူးခြားချက်တခုဖြစ်သည့် ရွှေ့ပြောင်းပြည်သူများ၏ ကိုယ်စားပြုသူမှာ ၎င်းတို့အနားတွင် ရှိနေသည့် အလုပ်သမားရေးဆောင်ရွက်သူများကို ပေးကြခြင်းဖြစ်သည်။ ထိုလူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် အလုပ်သမားများ လိုအပ်သည့် အထောက်အထားဆိုင်ရာကိစ္စရပ်များ၊ အလုပ်သမားအခွင့်အရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ ကိစ္စရပ်များကို ပြုလုပ်ပေးသောကြောင့် ၎င်းတို့လိုအပ်သည့် ဝန်ဆောင်မှုများကို အနီးကပ်ပေးနေနိုင်သူများဖြစ်သည်ကို တွေ့ရှိရသည်။ ယခုတွေ့ရှိချက်သည် မြန်မာပြည်သူများသည် လိုအပ်သည့် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ နီးစပ်ရာအင်အားစုများ လူပုဂ္ဂိုလ်များကို မှီခိုနေရပြီး ယခုအခြေနေသည် သမာရိုးကျလုပ်ငန်းစဉ်ထဲမှ မဟုတ်သည့် ဝန်ဆောင်မှုများ၊ မှောင်ခိုလုပ်ငန်းများကို ကျယ်ပြန့်စေနိုင်သည့် အခြေအနေဖြစ်စေနိုင်ကြောင်းကိုလည်း မီးမောင်းထိုးပြနေသည့် အရာအဖြစ်သတိထား တွေ့မြင်ရပါသည်။



နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားရေးပြည်ထောင်စုဝန်ကြီးအနေဖြင့် ထိုင်းနိုင်ငံသို့ လည်ပတ်ခဲ့သည့် ၂၀၁၆ တွင် ထိုင်းရောက်မြန်မာ ရွှေ့ပြောင်းအလုပ်သမားအပြားအများ တွေ့ဆုံကြိုဆိုနေကြပုံ - ပုံ Reuters: Sukree Sukplang

မြန်မာရွှေ့ပြောင်းပြည်သူများထဲတွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုကို မျှော်လင့်ကြသူများ အများအပြားရှိနေပြီး ထိုသူများတွင် အလုပ်သမားလူတန်းစားများ အများအပြားပါဝင်သည်ကို တွေ့ရသည်။ လူထုခေါင်းဆောင်၏ ညှိနှိုင်းဖြေရှင်းနိုင်စွမ်းကို ယုံကြည်ကြ၍ အမြန်ဆုံး လွတ်မြောက်လာစေချင်ကြကြောင်း ထုတ်ဖော်ကြသည်။ ရွှေ့ပြောင်းပြည်သူများတွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မျှော်လင့်မှုသည် အရပ်သားအစိုးရလက်ထက် ပြည်သူ့ဝန်ဆောင်မှုများနှင့် အများပြည်သူ လိုအပ်ချက်များကို အနီးကပ်လေ့လာ ဂရုဏာဖြင့် ဖြည့်ဆည်းပေးခဲ့မှုများကြောင့်လည်း ပါနေသည်ကို တွေ့ရှိရသည်။ အများပြည်သူများသည် ၎င်းတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် အကျပ်အတည်းများနှင့် ဒုက္ခများကို ဦးဆောင်ဦးရွက်ပြု ဖြေရှင်းပေးနိုင်သည့် ခေါင်းဆောင်မှု၊ ဦးဆောင်မှုကို မျှော်လင့်နေကြသည်ကို တွေ့ရှိရပါသည်။

မြန်မာ့အရေးတွင် နိုင်ငံတကာ၏ အခန်းကဏ္ဍသည် လျစ်လျူရှု မျက်နှာလွှဲထား၍ မရသည့် အခြေအနေတွင် ရှိနေပြီး မြန်မာပြည်သူများသည်လည်း နိုင်ငံတကာ၏ အကူအညီများကို အရေးတကြီး လိုအပ်နေကြသည်။[၃၃] မြန်မာနှင့် နိုင်ငံတကာအရေးဟု ဆိုလိုက်ရာတွင် နိုင်ငံတကာ အစိုးရအင်အားစု၊ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံအင်အားစုများ စသဖြင့် ခွဲခြမ်းချဉ်းကပ် ကြည့်ဖို့ရာမှာလည်း အရေးပါသည့် သုံးသပ်မှု ဖြစ်ပါသည်။ မြန်မာပြည်သူများသည် အိမ်နီးချင် နိုင်ငံများ၏ ကောင်းခြင်း၊ ဆိုးခြင်းများအလိုက် အကူညီနှင့် အားကိုးမှုများ ရရှိနေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများကလည်း မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ၏ တည်ငြိမ်အေးချမ်းမှုများ အလိုက် ၎င်းတို့အပေါ် ကောင်းခြင်း၊ ဆိုးခြင်းများသည်လည်း တိုက်ရိုက်သက်ရောက်နေသည်ကို သတိထားမိစရာ ဖြစ်သည်။ ထို့ကြောင့် မြန်မာ့နယ်စပ်မြို့များတွင် ဖြစ်ပေါ်လျက်ရှိသော လူကုန် ကူးမှုများ၊ တရားမဝင် ကုန်ကူးမှုများနှင့် အွန်လိုင်းလိမ်လည်ဂိုဏ်းများကြောင့် အိမ်နီးချင်းနှင့် နိုင်ငံတကာ ပြည်သူများ ထိခိုက်နေခြင်းမှာ လက်ရှိမြန်မာ့နိုင်ငံရေးမတည်ငြိမ်မှု၊ ပဋိပက္ခများနှင့် တိုက်ရိုက်သက်ဆိုင်နေသည်ဟု သုံးသပ်နိုင်ပါသည်။[၃၁] သို့ဖြစ်၍ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာအစိုးရများနှင့် အင်အားစုများအနေဖြင့် မြန်မာ့အရေးနှင့် ပဋိပက္ခများ ပြေလည်စေရန် အားစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်မှုများ ပြုလုပ်ရန် အထူးလိုအပ်နေပါသည်။[၃၂]

ယခုသုတေသနတွင် တွေ့ရှိရသည့် ပါဝင်ဆွေးနွေးသူတို့၏ အလိုလျောက်တုန့်ပြန်မှုတခုမှာ မြန်မာ့ အရေးနှင့် နိုင်ငံတကာတုန့်ပြန်မှုဟုဆိုသည့် မေးခွန်းတွင် ကျောင်းသားလူငယ်များနှင့် နိုင်ငံရေးကို စိတ်ဝင်စားသူ အနည်းအကျဉ်းမှလွဲ၍ ကျန်သူများသည် အားမလိုအားမရပုံဖြင့် မဖြေချင်ကြောင်း ဦးစွာပြောကြခြင်း ဖြစ်ပါသည်။ ၎င်းတို့သည် မြန်မာ့အရေးတွင် နိုင်ငံတကာ အခန်းကဏ္ဍ၏ အရေးကြီးပုံကို အသိအမှတ်ပြုသော်လည်း နိုင်ငံတကာ၏ ရပ်တည်ချက်အပြင် အရေးယူ ဆောင်ရွက်မှုနှင့် မူဝါဒ အပြောင်းအလဲများသည် စစ်အုပ်စုအတွက် တိုက်ရိုက်ရော သွယ်ဝိုက်မှုဖြင့် ပါ အထောက်အပံ့များ ဖြစ်နေသောကြောင့် နိုင်ငံတကာကို အားကိုး၍မရသကဲ့သို့ ထင်မြင်နေ ကြောင်းကို ၎င်းတို့ဆွေးနွေးမှုများမှ သုံးသပ်ရပါသည်။ တရုတ်၊ ရုရှား၊ အိမ်နီးချင်းနိုင်ငံတို့သည် ကိုယ်ကျိုးစီးပွားဦးတည်ချက်ဖြင့် စစ်အုပ်စုကို တိုက်ရိုက်အားဖြည့်နေသူများဖြစ်ပြီး၊ UN, ASEAN နှင့် အနောက်အုပ်စုတို့၏ ထိရောက်သည့် အရေးယူဆောင်ရွက်မှုများ မရှိခြင်းနှင့် ၎င်းတို့၏ လှုပ်ရှားမှုများ နှေးကွေးနေခြင်းသည် စစ်အုပ်စုအား သွယ်ဝိုက်သောနည်းဖြင့် အခွင့်အရေးပေးနေ သကဲ့သို့ ဖြစ်နေသည်ဟု မြင်ကြသည်။ ထို့ကြောင့် မြန်မာရွှေ့ပြောင်း ပြည်သူများသည် ကိုယ့်အား ကိုယ်ကိုးရန်ဟူသည့် ဆွေးနွေးမှုများကို အဓိကဆွေးနွေးကြခြင်း ဖြစ်သည်။ နိုင်ငံတကာနှင့် အိမ်နီးချင်းများသည် မြန်မာ့အရေးပဋိပက္ခကို ဖြေရှင်းမပေးနိုင်ရုံသာမက၊ မြန်မာပြည်သူများကို လျစ်လျူရှု၍ ကိုယ်ကျိုးစီးပွားကိုသာ ဦးတည်လျက် စစ်အုပ်စုကို အဓိကကျောထောက် နောက်ခံ ပေးထားခြင်းသည် မြန်မာ့အရေးပဋိပက္ခ ပြဿနာကို ရှည်ကြာစေသော အကြောင်းအရင်း၏ တ စိတ်တပိုင်း ဖြစ်သည်ဟု မြင်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံနှင့် ဆက်စပ်နေသည့် မိမိတို့၏ အကျိုးစီးပွားများနှင့် နယ်စပ်ရေး တည်ငြိမ်မှုများ ရေရှည်အာမခံချက်ဖြင့် ရရှိစေရန် နိုင်ငံတကာ အင်အားစုများအနေဖြင့် မြန်မာ့နိုင်ငံရေး စနစ်အပြောင်းအလဲနှင့် ပြဿနာ၏ အရင်းခံကို အမှန် တကယ် ဝိုင်းဝန်းကူညီဖြေရှင်းပေးကြရန်မှာ အရေးတကြီး လိုအပ်နေပြီဖြစ်ပါသည်။

# အကြံပြုချက်များ

 ယခုလေ့လာတွေ့ရှိချက်များနှင့် BACS ၏ သုံးသပ်ချက်များအရ အောက်ပါ အကြံပြုချက်များကို တော်လှန်ရေးအင်အားစုများ၊ နိုင်ငံတကာအင်အားစုများ၊ ထိုင်းအစိုးရနှင့် အများပြည်သူများသို့ ပေးပို့ဖော်ပြအပ်ပါသည်။

## တော်လှန်ရေးအင်အားစုများသို့

တော်လှန်ရေး ၅ နှစ်နီးပါးကြာလာသည့်နောက်တွင် အများပြည်သူ၏ ဒုက္ခနှင့် ကျပ်တည်းမှုသည် အသိအမှတ်ပြု၍ အလျင်အမြန် ဖြေရှင်းပေးရမည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် တော်လှန်ရေးအင်အားစုများအကြားက တင်းမာမှုများနှင့် နားလည်မှုများ၊ ညှိနှိုင်းရန် ခက်ခဲသည့် ကိစ္စများသည် အများပြည်သူကို အမှန်တကယ် မျက်နှာမူသည်ဆိုပါက ပြည်သူအများ ကြုံတွေ့နေသည့် အကျပ်အတည်းများလောက် ကြီးမားသည့် ဒုက္ခမဟုတ်ကြောင်းကို မီးမောင်းထိုးပြလိုသည်။

 လွတ်လပ်သည့် လူ့အဖွဲ့အစည်း၊ ဖက်ဒရယ်စနစ်အခြေခံ မျှော်မှန်းချက်များ၊ လူ့ဂုဏ်သိက္ခာနှင့် လူမှုတရားမျှတမှုရှိသည့် စနစ်တည်ဆောက်ရေးအတွက် ဆင်နွှဲနေကြသည့် နွေဦးတော်လှန်ရေး၏ အခြေခံမျှော်မှန်းချက် စံတန်ဖိုးများကို အရင်းခံ၍ တော်လှန်ရေးအင်အားစုများအကြား အပြန်အလှန် နားထောင်မှု၊ တွေ့ဆုံစကားပြောဆိုမှုများဖြင့် ဦးဆောင်မှုအခန်းကဏ္ဍကို အားဖြည့်ကာ အများပြည်သူ၏ ဝန်ထုပ်ဝန်ပိုးများအပေါ် ဂရုဏာထား၍ ဦးစားပေး ဖြေရှင်းကြပါရန် တိုက်တွန်းအပ်သည်။

ရွှေ့ပြောင်းမြန်မာပြည်သူများ၏ ဖြေဆိုမှုများကို လေ့လာခြင်းဖြင့် ၎င်းတို့၏ ရွေးကောက်ပွဲအပေါ် ထားရှိသော သဘောထားနှင့် မျှော်လင့်ချက်များသည် အဖြူအမည်း၊ ကောင်းခြင်းနှင့် ဆိုးခြင်းတို့ ထက်ပိုသော နယ်ပယ်တခုတွင် ရွေ့လျားနေသည်ကို တွေ့ရှိရသည်။ ၎င်းတို့သည် အယူဝါဒနှင့် စံတန်ဖိုးများအရ စစ်အုပ်စုကို ဆန့်ကျင်သော်လည်း တချိန်တည်းမှာပင် လက်တွေ့ဘဝ ရှင်သန်မှုအတွက် လိုအပ်သော ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် အခွင့်အလမ်းများကို ရှာဖွေနေကြသည်။ ထို့ကြောင့် တော်လှန်ရေးအင်အားစုများသည် ပြည်သူလူထု ကြုံတွေ့နေရသည့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အခြေအနေများကို အပြည့်အဝနားလည်ပြီး တရားဝင်အုပ်ချုပ်နိုင်မှုနှင့် လက်တွေ့ကျသော ဖြေရှင်းနိုင်စွမ်းကို တပြိုင်နက်တည်းပေးစွမ်းနိုင်မည့် မဟာဗျူဟာများ ချမှတ်ကြရန် လိုအပ်နေသည်။ သို့ဖြစ်၍ အများပြည်သူ၏ အားကိုးတကြီးမျှော်လင့်မှုဖြစ်သည့် DE JURE၊ DE FACTO နှစ်ခုလုံးပါသည့် အင်အားစုအားလုံးပူးပေါင်းမှုဖြင့် တိုင်းပြည်၏ စနစ်နှင့် အုပ်ချုပ်ရေးယန္တရားကို ပြင်ဆင်ပြောင်းလဲဖွဲ့စည်းမှုကို တော်လှန်ရေးအင်အားစုများအနေဖြင့် အမြန်ဆုံးကြိုးစား ဆောင်ရွက်ရမည့် အချိန်သို့ ရောက်နေပြီဖြစ်ကြောင်း သုံးသပ် တိုက်တွန်းအပ်ပါသည်။

## နိုင်ငံတကာအင်အားစုများသို့

နိုင်ငံတကာ အင်အားစုများအနေဖြင့် ရွှေ့ပြောင်းမြန်မာပြည်သူများ တောင်းဆိုခဲ့သည့် အောက်ပါ အချက် ၅ ချက်ကို အလေးထား ဆောင်ရွက်ပေးပါရန် အကြံပြု တိုက်တွန်းအပ်ပါသည်။

၁ စစ်အုပ်စုကျင်းပမည့် ၂၀၂၅ ရွေးကောက်ပွဲသည် လက်ရှိ ပဋိပက္ခကြားတွင် ပြည်သူများ ပါဝင်လက်ခံသည့် ရွေးကောက်ပွဲ မဟုတ်သောကြောင့် ဒီမိုကရေစီနည်းကျ တရားဝင်မှု လုံးဝမရှိသည်ကို နိုင်ငံတကာ အင်အားစုများက ပြတ်သားစွာ အသိအမှတ်ပြု၍ လုံးဝ လက်မခံရန်၊ ရှုတ်ချရန်နှင့် တားဆီးပေးရန်။

၂ မြန်မာနိုင်ငံတွင် ပြည်သူများ နေ့စဉ် ဗုံးကြဲသတ်ဖြတ်ခံနေရခြင်းများ၊ အကြမ်းဖက်မှုများ အား ရပ်တန့်ပြီး၊ မတရားဖမ်းဆီး ထိန်းသိမ်းခံထားရသည့် နိုင်ငံရေးအကျဉ်းသားများနှင့် ခေါင်းဆောင်များ ကို ပြန်လွှတ်ပေးပြီး ပုံမှန်အခြေအနေသို့ ရောက်ရှိမှသာ ရွေးကောက်ပွဲ ကို လုပ်ဆောင်နိုင်မည်။

၃ နိုင်ငံတကာအင်အားစုများက မြန်မာပြည်သူများ၏ အသံများကို သေချာနားထောင်၍ မြန်မာပြည်သူများ လိုအပ်သည့်အထောက်အပံ့များကို ပေးရန်။

၄ အာဏာသိမ်းစစ်အုပ်စုကို ပိတ်ဆို့ခြင်း၊ ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှုများ ဖြင့် မြန်မာ့အရေးပဋိပက္ခကို ဖြေရှင်းရန် ဝိုင်းဝန်းဆောက်ရွက်ပေးကြရန်။

၅ အာဏာသိမ်းစစ်အုပ်စုသည် နိုင်ငံရေးတွင် ပါဝင်ရမည့်သူများမဟုတ်ဘဲ တိုင်းပြည် ကာကွယ်ရေး အတွက်သာ တာဝန်ရှိသော်လည်း နိုင်ငံရေးနှင့် အုပ်ချုပ်ရေးယန္တရားတွင် ပါဝင်နေခြင်းသည် ယခုကြုံတွေ့နေရသည့် ပဋိပက္ခများ၏ အခြေခံအကြောင်းတရား ဖြစ်၍ ပဋိပက္ခကို အမှန်တကယ် ပြေလည်စေရန် မြန်မာနိုင်ငံ၏ စနစ်ပြောင်းမည့် ဖယ် ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ပေးကြပြီး အပြောင်းအလဲကို အတူတကွဖော်ဆောင်ကြရန်။

## ထိုင်းနိုင်ငံအစိုးရသို့

မြန်မာရွှေ့ပြောင်းပြည်သူများ၏ ထိုင်းနိုင်ငံသို့ တောင်းဆိုချက်များကို အလေးထားဆောင်ရွက်ပေးပါရန် အကြံပြုတိုက်တွန်းအပ်ပါသည်။

၁ စစ်အုပ်စုဦးဆောင်ကျင်းပမည့် တရားမဝင်ရွေးကောက်ပွဲကို အသိအမှတ်မပြုဘဲ မြန်မာပြည်သူများဘက်မှ ရပ်တည်ကာ ပြင်းပြင်းထန်ထန် ရှုံ့ချပေးရန်။

၂ စစ်အုပ်စု၏ တရားမဝင်ရွေးကောက်ပွဲတွင် ပူးပေါင်းပါဝင်စေလိုသောကြောင့် ရွှေ့ပြောင်းပြည်သူများ၏ နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့် အထောက်အထား သက်တမ်းတိုးခြင်းများကို ရပ်တန့်ထားခြင်း၊ ၎င်းတို့အချက်အလက်များကို အသုံးပြု၍ အတင်းအကျပ် မဲထည့်စေခြင်းများကို ထိုင်းအစိုးရအနေဖြင့် ပူးပေါင်းပါဝင်ခြင်း မပြုရန်။

၃ ထိုင်းအစိုးရ၏ လုပ်ကိုင်နိုင်စွမ်းရှိသည့် အခြေအနေထဲမှ ရွှေ့ပြောင်းပြည်သူများနှင့် အလုပ်သမားများအတွက် နေထိုင်ခွင့်သက်တမ်းတိုးခြင်းနှင့် အလုပ်လုပ်ခွင့်များကို ဖိအားများဖြေလျှော့၊ ခွင့်ပြုပေးရန်။

၄ မြန်မာပြည်သူများသည် ထိုင်းနိုင်ငံအတွင်း တရားဝင်အထောက်အထားများဖြင့် နေထိုင်သော်လည်း ဖိနှိပ်စစ်ဆေးခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုများ ရှိနေသဖြင့် ထိုအခြေအနေများကို လျှော့ချ၍ လူ့အခွင့်အရေးပြည့်ဝစွာနေထိုင်နိုင်ရေး ဆောင်ရွက်ပေးရန်။

၅ မြန်မာအလုပ်သမားများ ကြုံတွေ့နေရသည့် အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို လျစ်လျူမရှုဘဲ အရေးယူကိုင်တွယ်ဖြေရှင်း ပေးရန်။

၆ မြန်မာပြည်သူများသည် မြန်မာနိုင်ငံတွင်ဖိနှိပ်မှုများနှင့် ကြီးစွာသော အကျပ်အတည်းများ ကြုံတွေ့နေရသောကြောင့် လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို တော်လှန်ရေး အင်အားစုများနှင့် ပူးပေါင်းထောက်ပံ့ပေးရန်နှင့် မြန်မာစစ်ရှောင်ပြည်သူများကိုလည်း စနစ်တကျ လက်ခံပေးထားရန်။

၇ သန်းနှင့်ချီသော ပြည်သူများသည် ထိုင်းနိုင်ငံတွင်းသို့ ရွှေ့ပြောင်းနေထိုင်နေသောကြောင့် ထိုသူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်လုပ်ကိုင်ခွင့်များကို စနစ်တကျ စီစဉ်ပေးခြင်းသည် ထိုင်းနိုင်ငံအတွက်လည်း လူ့အရင်းအမြစ်နှင့် အခွန်ဘဏ္ဍာငွေများ ပြန်ရရှိနိုင်သောကြောင့် မြန်မာရွှေ့ပြောင်းများနှင့် ပတ်သက်သည့် မူဝါဒနှင့် အစီစဉ်များကို စနစ်တကျ ပြင်ဆင်ပေးရန်။

၈ မြန်မာစစ်အုပ်စုက ကျင်းပမည့် ၂၀၂၅ ရွေးကောက်ပွဲသည် မြန်မာ့အကျပ်အတည်းကို ပြေလည်စေမည့် နည်းလမ်းမဟုတ်သောကြောင့် ထိုရွေးကောက်ပွဲအလွန်ကာလတွင် မြန်မာပြည်သူများကို နေရပ်ပြန်ပို့သည့် ကိစ္စရပ်များကို အတင်းအကျပ်မပြုလုပ်ကြရန်။

# အသိအမှတ်ပြုကျေးဇူးတင်လွှာ

ဗမာ့ရေးရာနှင့်ပဋိပက္ခလေ့လာရေးအဖွဲ့သည် ရွှေ့ပြောင်းမြန်မာပြည်သူများ၏ အသံနှင့် သဘောထားများကို သုတေသနပြု ဖော်ထုတ်တင်ပြနိုင်ရန် အရင်းအမြစ်များနည်းပါးပြီး အချိန်ကာလ တိုတောင်း သည့်ကြားမှပင် အားစိုက် လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်။ ထို့ကြောင့် အောင်မြင်စွာ ဆောင်ရွက် နိုင်ရန်အတွက် ဉာဏအား၊ လူအား၊ ငွေအား စသဖြင့် အဖက်ဖက်မှ ပံ့ပိုးကူညီပေးခဲ့ကြသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ သုတေသနပညာရှင်များနှင့် ဒေသခံရွှေ့ပြောင်းမြန်မာပြည်သူ တစ်ယောက်ချင်းစီတိုင်းကို လေးစားလျက် အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာဖော်ပြအပ်ပါသည်။ BACS ၏ ညီအစ်မအဖွဲ့အစည်းဖြစ်သည့် ပြည်သူ့သတင်းစီးဆင်းမှု ကွန်ရက် (CIN) ၏ ကူညီချိတ်ဆက်စီစဉ်ပေးမှုများသည် အဓိကအခန်းကဏ္ဍတွင် ရှိခဲ့ကြောင်း ကျေးဇူးမှတ်တမ်းတင်အပ်ပါသည်။

ကွင်းဆင်းသုတေသနလုပ်ငန်းများကို အောင်မြင်၊ လုံခြုံစွာ ဆောင်ရွက်နိုင်ရန်အတွက် နေရာအနှံ့ရှိ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဒေသန္တရကွန်ရက်များက အထူးအားထုတ် ကူညီပေးခဲ့ကြသည်။ မယ်ဟောင်ဆောင်တွင် ကရင်နီအမျိုးသမီးအစည်းအရုံးနှင့် ကရင်နီအမျိုးသားလူငယ်အစည်း အရုံးတို့က ပါဝင်သူများနှင့် ချိတ်ဆက်ပေးခြင်း၊ လိုအပ်သော နေရာထိုင်ခင်းနှင့် ကိစ္စရပ်များအားလုံးကို ထောက်ပံ့ကူညီပေးခဲ့ကြသည်။ မယ်ဆိုင်၊ ချင်းမိုင်နှင့် ချင်းရိုင်ဒေသရှိ ဒေသခံများ၊ အလုပ်သမား အဖွဲ့အစည်းများ၊ တက္ကသိုလ်ကျောင်းသားများ၏ ကူညီပံ့ပိုးမှုများသည် ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ကွင်းဆင်း လုပ်ငန်းများတွက် ကြီးစွာသော အထောက်အပံ့ဖြစ်ခဲ့ပါသည်။

ဘန်ကောက်၊ မဟာချိုင်၊ စမွတ်စခွန်၊ စမွတ်ပရာကန်၊ ချွန်ဘူရီ၊ ပတ္တရား၊ ရနောင်းနှင့် ချုတ်တူချက်စသည့် ထိုင်းနိုင်ငံတောင်ပိုင်း တလျှောက်တွင် တာဝန်ယူ ပါဝင်အားဖြည့်ပေးခဲ့ကြသည့် မဟာချိုင်နှင့် စီရာချာရှိ အလုပ်သမားရေးဆောင်ရွက်ကြသည့်အဖွဲ့အစည်းများ၊ အဝေးရောက် ဧရာဝတီအသင်း - Overseas Irrawaddy Association (OIA)၊ sisters to sisters (S2S)၊ ဒေသခံလူပုဂ္ဂိုလ်များ၊ မကွေးဒေသအခြေပြု အရပ်ဖက်ကျန်းမာရေးအဖွဲ့အစည်း၊ ရွှေ့ပြောင်းကျောင်းသား/ သူများ အတွက် အဓိကရည်ရွယ်သည့် ကျောင်းများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ထိုင်းအရပ်ဖက်အဖွဲ့အစည်း Spirit in Education Movement (SEM) စသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအားလုံးသည် ယခုလေ့လာမှုတွင် ကြီးမားသည့် အခန်းကဏ္ဍမှ ပါဝင်ကူညီပေးခဲ့ကြသူများအဖြစ် လေးစားစွာ မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။ ၎င်းတို့၏ ထောက်ပံ့ကူညီ ချိတ်ဆက်ပေးမှုများ ကြောင့်သာလျှင် ထိုင်းတောင်ပိုင်းရှိ ပါဝင်ပေးခဲ့ကြသည့် ရွှေ့ပြောင်းမြန်မာပြည်သူများနှင့် သုတေသနအဖွဲ့အကြား ယုံကြည်မှု သေချာတည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ပြီး လုံခြုံ၍ စိတ်ချရသော နေရာများတွင် ကွင်းဆင်းဆောင်ရွက်သည့် လုပ်ငန်းများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဤအစီရင်ခံစာ၏ အသက်သွေးကြောဖြစ်သည့် အချက်အလက်များ ပြည့်စုံမှန်ကန်ရေးအတွက် မိမိတို့၏ အမြင်များ၊ သဘောထားများ၊ အတွေ့အကြုံများနှင့် စိတ်ခံစားချက်များကို အချိန်ပေး၍ ပွင့်လင်းစွာ မျှဝေဆွေးနွေးပေးခဲ့သော ရွှေ့ပြောင်းမြန်မာပြည်သူများ အားလုံးကိုလည်း အထူးလေးစား စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။ ၎င်းတို့၏ ပံ့ပိုးမှုမရှိဘဲ ဤသုတေသနသည် ဖြစ်မြောက်လာမည် မဟုတ်ကြောင်း မိမိတို့ အဖွဲ့သားများက အလေးအနက် ယုံကြည်ပါသည်။

## အတိုကောက်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

- NUG - အမျိုးသားညီညွတ်ရေးအစိုးရ
- SAC - နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ/စစ်ကောင်စီ
- ERO - လူမျိုးစုတော်လှန်ရေးအဖွဲ့
- EAO - လူမျိုးစုလက်နက်ကိုင်အဖွဲ့
- CRPH - ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ
- NUCC - အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ
- PDF - ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့
- NLD - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
- Legitimacy - နိုင်ငံသားများ၏ ယုံကြည်မှုနှင့် လက်ခံမှုကို ရရှိခြင်းအပြင် ဥပဒေနှင့်အညီ အခွင့်အာဏာရှိခြင်း အခြေအနေ (တရားဝင်မှု)
- Authority - အမိန့်များပေးရန်၊ ဆုံးဖြတ်ချက်များ ချမှတ်ရန်နှင့် နာခံမှုရယူရန် တရားဝင် အခွင့်ရှိခြင်း (အခွင့်အာဏာ)
- CDM - အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု
- Purposive Sampling - သုတေသန ရည်ရွယ်ချက်များအပေါ် မူတည်၍ အကောင်းဆုံး၊ အသင့်တော်ဆုံးနှင့် အနီးစပ်ဆုံး အချက်အလက်များ ပေးနိုင်မည့် နမူနာယူနစ်များကို ရွေးချယ်သည့် သုတေသနနည်းနာ (ရည်ရွယ်ချက်ကို အခြေခံ၍ နမူနာရွေးချယ်ခြင်း)
- IDI - အကြောင်းအရာနှင့် ပတ်သက်သည့် အမြင်သဘောထားများကို နက်နက်ရှိုင်းရှိုင်း ဖော်ပြစေရန် တဦးချင်းစီနှင့် တွေ့ဆုံကာ မေးမြန်းခြင်း
- FGD - မတူကွဲပြားသည့် နောက်ခံမှ လာကြသူများကို အုပ်စုဖွဲ့ပေးကာ အကြောင်းအရာနှင့် ပတ်သက်သည့် အမြင်သဘောထားများကို ဆွေးနွေးစေခြင်း
- LGBTQI+ - လိင်စိတ်ခံယူမှု (Sexual Orientation) နှင့် ကျား/မ ခံယူချက် (Gender Identity) တို့အရ မတူကွဲပြားသော လူပုဂ္ဂိုလ်များကို စုစည်းညွှန်းဆိုသည့် ဝေဘုယျအသုံးအနှုန်း
- IOM - အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေး အဖွဲ့အစည်း
- KIO/KIA - ကချင်လွတ်လပ်ရေးအဖွဲ့/ကချင်လွတ်လပ်ရေးတပ်မတော်
- CI - ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်း နိုင်ငံခြားသားများ (မြန်မာအပါအဝင်) ကို ထိုင်းအစိုးရက တရားဝင်ထုတ်ပေးသည့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (သို့မဟုတ်) ယာယီခရီးသွားလာခွင့် အထောက်အထားစာအုပ်
- KNU - ကရင်အမျိုးသားအစည်းအရုံး
- Cloud-based Computing and Simulation - အင်တာနက်ကို အခြေခံသည့် ကွန်ပျူတာနည်းပညာစနစ်ကို အသုံးပြု၍ အရွယ်အစားကြီးမားသော အချက်အလက်အုပ်စုများကို ခွဲခြမ်းစိတ်ဖြာခြင်း သို့မဟုတ် အနာဂတ် ဖြစ်နိုင်ခြေများကို ပုံစံတူ ဖန်တီးတွက်ချက်ခြင်း နည်းပညာ
- CSO - အရပ်ဘက်လူမှုအဖွဲ့အစည်း

## အတိုကောက်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

- UEC - ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်
- IEC - ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
- UN - ကမ္ဘာ့ကုလသမဂ္ဂ
- ASEAN - အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)
- **ပုံစံ ၁၅** - စစ်အုပ်စု၏ ရွေးကောက်ပွဲ ဥပဒေအရ ရွေးကောက်ပွဲတွင် မဲပေးရန်အတွက် ကြိုတင်ဆန္ဒပြု ပြီး မှတ်ပုံတင်ရသည့် စာရွက်စာတမ်းပုံစံ၊ အထူးသဖြင့် ပြည်ပရောက်နေသူများအတွက် အသုံးပြုသည့် ပုံစံ
- **နာဂစ် (ဥပဒေ)** - နာဂစ်မုန်တိုင်းတိုက်ခတ်ပြီး မကြာမီတွင် စစ်အုပ်စုသည် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကို ဦးစားပေး လုပ်ဆောင်ရမည့်အစား ၎င်းတို့ အလိုကျ ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူပွဲအတု ကျင်းပကာ အတည်ပြုခဲ့သဖြင့် ထို မုန်တိုင်း၏ အမည်ကို အခြေပြု၍ ပြည်သူများက အဆိုပါဥပဒေကို ရည်ညွှန်းသုံးနှုန်းကြသည့် အမည် ပြောင် (၂၀၀၈ ခုနှစ်၊ မေလတွင် ဧရာဝတီတိုင်းဒေသကြီးအပါအဝင် မြန်မာပြည် အောက်ပိုင်းဒေသများ ကို ပြင်းထန်စွာ တိုက်ခတ်ခဲ့ပြီး ပြည်သူ သိန်းနှင့်ချီ သေဆုံးစေခဲ့သည့် အင်အားကြီး ဆိုင်ကလုန်း မုန်တိုင်းကြီး၏ အမည်)
- FPTP - မဲအများဆုံး ရရှိသူ အနိုင်ရသည့် ရွေးကောက်ပွဲစနစ်
- PR - ပါတီတခုစီသည် ၎င်းတို့ရရှိသော စုစုပေါင်းဆန္ဒမဲ ရာခိုင်နှုန်းနှင့် အချိုးကျ၍ ကိုယ်စားလှယ် နေရာများ ရရှိသည့် အချိုးကျ ကိုယ်စားပြု ရွေးကောက်ပွဲစနစ်
- **အမေစု** - နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ပြည်သူများက ၎င်းတို့၏ မိခင်တဦး အဖြစ် လေးစားချစ်ခင်စွာ ဂုဏ်ပြုခေါ်ဆိုသော အမည်

## ကိုးကားများ


၁။ Joint Statement by International Election Experts and Organisations on Myanmar 2025 — IDEA

၂။ SAC Announces New Five-Point Roadmap and 12 Objectives — Eleven Myanmar

၃။ Myanmar Now — Latest News (general page)

၄။ The NLD and 39 Other Political Parties Dissolved by the Regime — DVB

၅။ https://yangonmediagroup.com/index.php/eng-section/myanmar-enacts-election-protection-law?utm

၆။ https://english.dvb.no/sixty-four-myanmar-citizens-prosecuted-by-naypyidaw-under-regimes-election-protection-law/?utm

၇။ At Least 25 More Myanmar Citizens Charged Under New Election Protection Law — DVB

၈။ Myanmar: Report — Amnesty International — Asia Pacific

၉။ Myanmar Elections a Fraudulent Claim for Credibility — Human Rights Watch

၁၀။ Myanmar: Global, Regional and National Unions Call on ASEAN to Reject Sham Election — IFJ

၁၁။ China, Russia, India 'Enabling Myanmar's Military' — Al Jazeera

၁၂။ Fortify Rights: Myanmar Investigations — Fortify Rights

၁၃။ Myanmar Migrants in Thailand – IOM Report (PDF) — IOM Thailand

၁၄။ UEC — Announcement List — Union Election Commission (Myanmar)

၁၅။ Form (15) - Myanmar Embassy Bangkok's Facebook Post

၁၆။ Article: Conditions of Migrant Workers (Thai Ministry of Labour PDF — Background document)

၁၇။ UN Myanmar: Harsher Realities for Undocumented Migrant Workers in Thailand — UNDP Research

၁၈။ Thailand arrests over 155,000 Myanmar workers in crackdown on illegal labour - BenarNews Article

၁၉။ ICJ: Myanmar Human Rights and Rule of Law Situation — International Court of Justice

၂၀။ ACLED Conflict Watchlist 2024 — Myanmar — ACLED

၂၁။ At Least 22 Dead in Myanmar Junta Airstrike on School — Mizzima

## ကိုးကားများ

၂၂။ Aung San Suu Kyi Needs Urgent Medical Care, Son Says — ABC News

Plus: Myanmar Military Grants Amnesty Ahead of Election — Al Jazeera

၂၃။ Regime Set to Resume Issuing Passports to Citizens — DVB

Myanmar junta to cancel passports renewed by shadow government's South Korea office - RFA

၂၄။ The International Community is Rejecting the Junta's Sham Elections — DVB

၂၅။ Myanmar Migrants Flock to Bangkok to Vote — The Irrawaddy

၂၆။ Migrants Detained in Thailand — BenarNews

၂၇။ Thai Immigration Officials Feed Myanmar Deportees into Junta's War Machine — The Irrawaddy

၂၈။ KNU: Myanmar Junta Conscripts Kill Guards and Escape — The Irrawaddy

၂၉။ Fortify Rights: Thailand Investigation Report (April 2023) — Fortify Rights

၃၀။ RFA Burmese Program — Thailand, Myanmar Labour & Military Issue — RFA

၃၁။ China, Thailand Pledge Joint Action on Myanmar Cyber Scams & Human Trafficking — SCMP

၃၂။ UN Myanmar: Statement from Humanitarian Coordinator

၃၃။ UN Myanmar: Emergency Update — End November 2024

၃၄။ Myanmar Faces Manifold Crises as Military Conscription Drives Mass Exodus — East Asia Forum